၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၀၃)

# (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ အောင်မြင်စွာကျင်းပပြီးစီး




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ပိတ်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်အေစီအီး၌ ကျင်းပရာ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အာဆီယံအသိုက်အဝန်းအတွက် အထူးအရေးပါသောကိစ္စရပ်များနှင့် မိမိတို့၏ အကျိုးစီးပွားများနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် ၃၀ ခန့် ချမှတ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံဒေသတွင် ဆိုက်ဘာလုံခြုံရေး၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုး အန္တရာယ် ကြိုတင်ကာကွယ်ကုသရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများဖန်တီးပေးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ခိုင်မာလာစေရေးနှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှု မြင့်မားလာစေရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ဂျီးရီးယား၌ ငတ်မွတ်ခေါင်းပါးခြင်းများ ဘိုကိုဟာရမ်အဖွဲ့ကြောင့်ဟု ကုလသမဂ္ဂသတိပေး

စာမျက်နှာ -၁၀

## အချိန်ယူရဦးမည့် ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေ

စာမျက်နှာ -၁၁

# ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မြေသားချဲ့ထွင်မှုများ ဆောင်ရွက်လျက်ရှိ

ကိုလွင်(ဆွာ)


**ရေတာရှည် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ၌ အရှည်လျားဆုံးနှင့် ကုန်စည်စီးဆင်းမှုပမာဏများပြားသည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအား ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မြေသားလမ်းပိုင်းချဲ့ထွင်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။



အဆိုပါ လမ်းပိုင်းတစ်လျှောက် အစုန်-အဆန် သွားလာလျက်ရှိသည့် ယာဉ်စီးရေပမာဏမှာ ယခင်ကထက် ပိုမိုများပြားလျက်ရှိပြီး တစ်ရက်လျှင် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်ငယ်စီးရေ သုံးထောင်ကျော် ဖြတ်သန်းသွားလာလျက်ရှိကြောင်း လမ်းအသုံးပြုခ ကောက်ခံသည့် ဂိတ်တာဝန်ခံက ပြောကြားသည်။

တိုးပွားလျက်ရှိသော ယာဉ်စီးရေနှင့် ကားလမ်းပိုင်းအကျယ်အဝန်း မျှတခြင်းမရှိ၍ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိကာ လတ်တလော မြေသားလမ်းပိုင်း ချဲ့ထွင်ပေးခြင်းဖြင့် ယာဉ်များ လွတ်လပ်စွာ ရပ်နားနိုင်ကြမည်ဖြစ်သည်။



မြန်မာ့အလင်း

# ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ခြေလှမ်းများ

ပြီးခဲ့သည့်လကုန်ပိုင်းကကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏နောက်ဆက်တွဲအဖြစ် ကျင်းပရန်ရှိသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ တင်ပြရန်အတွက် ပြင်ဆင်မှုအစည်းအဝေးများ တိုင်းရင်းသားဒေသများတွင် ကျင်းပနေကြသည်ကို တွေ့ရှိရသည်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပရန်သတ်မှတ်ထားသည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြခြင်း ဖြစ်ပါသည်။

ဤသို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းမှာ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း(၅)ပါ နိုင်ငံရေးလမ်းပြမြေပုံအရ ဖြစ်ပါသည်။ အခန်း(၅)၊ ပုဒ်မ - ၂၀(ဂ) တွင် "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း"ဟူ၍ ဖော်ပြထားသည်။


ထိုသို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လက်တွေ့ကျင်းပရာတွင် အဆင်ပြေစေရန်အတွက် ဆွေးနွေးမည့်လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်၊ ဒေသအလိုက် ကဏ္ဍသုံးခုခွဲ၍ဆွေးနွေးကြရန်ဖြစ်သည်။ ထိုသို့ဆွေးနွေးရာတွင် "အားလုံးပါဝင်ရေးမူကိုအခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့်တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်"ဟုလည်း ပုဒ်မ-၂၂(က)တွင် ဖော်ပြထားသည်။ ထိုသို့ပါဝင်ရမည့် အချိုးအစားများကိုလည်း 'နိုင်ငံရေးဆွေးနွေးပွဲမူဘောင်'တွင် ဆွေးနွေးသတ်မှတ်ရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်အသစ်ကို ပြန်လည်ရေးဆွဲခြင်းဖြစ်စဉ်မှာ အပြီးသတ်ခြင်းမရှိသေးပေ။ တစ်ဖက်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းလမ်းညွှန်များရေးဆွဲရေးကိုလည်း အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များမှ ကိုယ်စားလှယ်သုံးဦးစီပါဝင်သော အလုပ်အဖွဲ့ဖြင့် ရေးဆွဲလျက်ရှိသည်။ ထိုသို့ရေးဆွဲရာတွင် မူကြမ်းအဆင့်ကို ရရှိပြီးဖြစ်သည်ဟု သိရသည်။ ဆွေးနွေးမှုအားလုံးကို ဦးဆောင်ကျင်းပရမည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ ဦးဆောင်မှုဖြင့်ဖြစ်ရာ UPDJC အစည်းအဝေးခေါ်ဆိုရန်လည်းလိုအပ်နေသည်ကိုတွေ့ရပါသည်။

သို့သော် ယခုအခါ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ထိုအစီအစဉ်များကို မစောင့်ဘဲ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများပူးပေါင်း၍ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အဓိကအားဖြင့် (၂၁)ရာစုပင်လုံတွင် ဆွေးနွေး ရန်သတ်မှတ်ထားသောနိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဟူသော ခေါင်းစဉ်ကြီးငါးခုကို အခြေခံ၍ ဆွေးနွေးကြမည်ဟု သိရသည်။

ဤနေရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးတွင် အစုအဖွဲ့ပေါင်း ၆၀ ကျော်မှတင်ပြချက်များကိုလည်း ထည့်သွင်းဆွေးနွေးလာကြမည်ဖြစ်သည်။ ထိုညီလာခံကြီးတွင် UNFC၊ "ဝ"(UWSA) အဖွဲ့နှင့် တပ်မတော် စသည်တို့မှ ကွဲပြားသောအမြင်များကို တင်သွင်းထားကြပြီး အခြားသောပါတီငယ်များ၊ အဖွဲ့ငယ်များကလည်း ထူးခြားသောထည့်သွင်းစဉ်းစားရန်လိုသော အချက်အလက်၊ အကြောင်းအရာများစွာတင်သွင်းထားခြင်းများလည်းရှိပေသည်။ ယခုကြားကာလ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှာ ထိုသို့အကြောင်းအရာများအလိုက်၊ လူမျိုးအလိုက်၊ ဒေသအလိုက်ဆွေးနွေးကြသော သက်ဆိုင်ရာများမှ လွယ်ကူသော၊ အများလက်ခံနိုင်သော အဖြေရရှိမည့်အရာများကို ဦးစားပေးရွေးချယ်ဆွေးနွေးသင့်ပေသည်။

မည်သို့ဆိုစေ "ငြိမ်းချမ်းရေးဆိုသည်မှာ နေ့စဉ်နေ့တိုင်းလျှောက်လှမ်းရမည့်ခရီးစဉ်ဖြစ်ပြီး အယူအဆများ တဖြည်းဖြည်းပြောင်းလဲသွားခြင်း၊ တံတိုင်းဟောင်းများ တဖြည်းဖြည်းတိုက်စားသွားခြင်းနှင့် ဗိမာန်သစ်များ တိတ်ဆိတ်စွာတည်ဆောက်သွားခြင်း"ပင်ဖြစ်ရာ အားလုံး၏ တက်ကြွသောပါဝင်မှုတိုင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးပါအရာရောက်မှုရှိမည်ဟု ယုံကြည်ကြောင်း တင်ပြရပါသည်။ ။




## ပြည်သူများစာဖတ်ရေး ကွင်းဆင်းဟောပြော

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း နေထိုင်ကြသည့် ပြည်သူတို့ကို အသိပညာဗဟုသုတ တိုးပွားရေး စာပေဖတ်ရှုလေ့လာသည့် အစဉ်အလာကောင်းများရရှိရေး၊ စာဖတ်စွမ်းရည်မြင့်မားရေးတို့အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့်ဝန်ထမ်းများသည် စက်တင်ဘာ ၃၀ရက်က အမှတ်(၇၉) ရပ်ကွက်သို့ ကွင်းဆင်း၍စာပေဖတ်ရှုရခြင်းအကျိုးကို ဟောပြောပွဲနှင့် စာဖတ်သူတို့ထံစာအုပ်များ အရောက်ပို့သည့် မိုဘိုင်းစာအုပ်ငှားရမ်းခြင်း လုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကာ ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

## ထင်သာမြင်သာပြုပြင်စရာ

# ငပလီနှင့်ဆက်စပ်ကမ်းခြေတစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်လိုအပ်

ငပလီကမ်းခြေသည် ကမ်းခြေရှည်လျားသောကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားအပန်းဖြေသူများ ကြိုက်နှစ်သက်သောနေရာဖြစ်၍ ကမ်းခြေပိုမိုသာယာလှပမှသာ အပန်းဖြေ အနားယူသူများကို ဆွဲဆောင်နိုင်မည်ဖြစ်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်နေ ကြောင်း ဒေသခံများထံမှ သိရသည်။



"ပင်လယ်ကမ်းခြေထဲမှာတော့ ငပလီက ပထမဆုံးစပေါ်လာတာပါ။ ပွင့်လင်းရာသီဆိုရင် ကျန်နေရာတွေထက် လာလည်ကြတာများတယ်။ ရှစ်မိုင်ကျော်ရှည်တဲ့ ကမ်းခြေရှိလို့ အပန်းဖြေသူတွေ နှစ်သက်တာလည်းပါတယ်။ လုပ်ဆောင်ရမှာက ဒေသခံတွေမိမိကမ်းခြေရဲ့ သဘာဝအလှကို ထိန်းသိမ်းဖို့လိုတယ်။ ဒေသခံပြည်သူတွေအတွက် ထမင်းရှင်ဆိုရင်လည်း မမှားဘူး။ ဒါကြောင့် ပင်လယ်ကမ်းခြေသဘာဝအလှမပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းဖို့လိုပါတယ်" ဟု ငပလီကမ်းခြေအနီး မြပြင်ရွာမှ ဦးသာအောင်က ပြောသည်။

ဒွါရာဝတီအမည်ရသော သံတွဲမြို့၏ဂုဏ်ဆောင် ငပလီကမ်းခြေသည် ရှစ်မိုင်ကျော်ရှည်လျားသောကြောင့် နိုင်ငံခြားသားများ နှစ်သက်သော ပင်လယ်ကမ်းခြေတစ်ခုအဖြစ်ရှိနေပြီး မဇင်(ငပလီလေဆိပ်)၊ လင်းသာ၊ မြပြင်စသည့် ပင်လယ်ကမ်းခြေတစ်လျှောက်လှပသည့် သဲသောင်ဖွေးဖွေးများဖြစ်တည်လျက်ရှိရာ ယခုလိုမိုးရာသီတွင်ပင် နိုင်ငံခြားသားများ လာရောက်အနားယူလျက်ရှိ၍ ပင်လယ်ကမ်းခြေတွင် စွန့်ပစ်ပစ္စည်းများအစီအရီရှိနေခြင်းသည် ငပလီကမ်းခြေနှင့်သဲသောင်ပြင်အလှတို့ကို ပျက်စီးစေသည့်အတွက် ဒေသခံတို့ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်နေကြောင်း သိရသည်

**သန်းထိုက်(လှိုင်သာယာ)**

# သင့်အတွက်သစ်လွင်စိတ်ကူးဟောပြောပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI) က ကြီးမှူးကျင်းပသော Smart Idea For You (သင့်အတွက်သစ်လွင်စိတ်ကူး) ဟောပြောပွဲကို အောက်တိုဘာ ၁ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းရှေ့ရှိ အမျိုးသားကဇာတ်ရုံ(မန္တလေး)၌ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇော၊ MRCCI ဥက္ကဋ္ဌ ဦးအောင်သန်း၊ UTCC ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာအောင်မြင့်၊ ဆရာတောင်ဦးသိန်းထွန်း၊ ဦးချစ်ထွန်းဖေတို့က အောင်မြင်ကြီးပွားရေး စကားဝိုင်းကို စတင်ခဲ့ရာ စာရေးဆရာ ဦးကျော်ရင်မြင့်က သိလိုသည့် မေးခွန်းများကို မေးမြန်းသည်။ ထို့နောက် ပါမောက္ခ ဦးအေးကျော်က (Upgrading Family Busi-nesses)နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က (Needs and Desire) ပြောကြားခဲ့ပြီး လူငယ်နှင့်ပညာရေးစကားဝိုင်းကိုစတင်ခဲ့ရာ မတင်မိုးလွင်က မေးခွန်းများကို မေးမြန်းခဲ့ပြီး ဦးအောင်ဆန်းဝင်း (အောင်သမာဓိ)က "အရင်းအနှီးမရှိဘဲ လုပ်ငန်းတစ်ခုစတင်ခြင်း" အကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

### စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅·၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈· ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အဲရစ် ဆင်းဆန်းထံ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို လွှဲပြောင်းပေးအပ်စဉ်** (သတင်းစဉ်)

***❖ရှေ့ဖုံးမှ***

အတွက် အာဆီယံလူမှုကာကွယ်ရေး ကြေညာစာတမ်းပါ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည့် အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ပါကြောင်း။

အမျိုးသမီး ပါလီမန်အမတ်များအဖွဲ့၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ ပြင်ဆင်ချက်အပေါ် ဆုံးဖြတ်ချက်မူကြမ်းကို စဉ်းစားဆွေးနွေးပြီး တစ်ညီတစ်ညွတ်တည်း ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထိုလုပ်ထုံးလုပ်နည်းများ စည်းမျဉ်းများသည် လွန်ခဲ့သည့် ၁၈ နှစ်က ချမှတ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်များ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို စွမ်းရည်မြှင့် ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရေးဆွဲရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ညီလာခံတွင် ပူးတွဲကြေညာချက်ကော်မတီ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကော်မတီ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကော်မတီတို့၏ ဥက္ကဋ္ဌများအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကိုလည်း မှတ်တမ်းတင်ပါကြောင်း၊ လာအိုနိုင်ငံ လွှမ်းပရာဘွမ်ပြည်နယ်၌ ကျင်းပခဲ့သည့်(၈)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံအဖွဲ့ အစည်းအဝေး အစီရင်ခံစာကို ဤအထွေထွေညီလာခံက မှတ်တမ်းတင်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် (၉)ကြိမ်မြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံလွှတ်တော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ကို ကြိုဆိုပါကြောင်း။

တိုးတက်သော အာဆီယံအသိုက်အဝန်းဖြစ်ရန် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုကို ပိုမိုအလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၂၅ သို့ဦးတည်ချီတက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအသစ်များကို ကျော်လွှားနိုင်ရန်အတွက် အာဆီယံပါလီမန်များ အထွေထွေညီလာခံအနေဖြင့် အာဆီယံအဖွဲ့ကြီးနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာပါလီမန်များသမဂ္ဂနှင့် အခြားသော ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် များစွာအရေးကြီးပါကြောင်း။

မိမိအနေဖြင့် အာဆီယံနိုင်ငံများထဲတွင် ဒီမိုကရေစီသက်တမ်း အရှည်ကြာဆုံးဖြစ်သည့် ဖိလစ်ပိုင်လွှတ်တော်သို့ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင် အောက်လွှတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင်မှုအောက်၌ အာဆီယံပါလီမန်များ အထွေထွေညီလာခံသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်နိုင်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အဲရစ် ဆင်းဆန်းထံ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အဲရစ် ဆင်းဆန်းက အမှာစကားပြောကြားသည်။

(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးတွင် ဂျော်ဂျီယာနှင့် ယူကရိန်းနိုင်ငံ လွှတ်တော်များ၏ လေ့လာသူအနေဖြင့် တက်ရောက်ရန် အဆိုပြုချက်ကို ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဒုတိယအကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံရေးရာကော်မတီ၊ စီးပွားရေးရာကော်မတီ၊ လူမှုရေးရာကော်မတီ၊ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး (WAIPA)၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် ဆက်စပ်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ကော်မတီအဖွဲ့ ခေါင်းဆောင်များက ဖတ်ကြားအတည်ပြု ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ ပြန်လည်သုံးသပ်မှုတွင် UNDP ဘက်မှ ပြည်တွင်း၊ ပြည်ပ ပညာရှင် ကူညီထောက်ပံ့ပေးရန်ကိစ္စ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme - UNDP) မှ Country Director ဖြစ်သူ Mr. Peter Batchelor ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲက နေပြည်တော် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံဝန်ထမ်းများ၏ ကျင့်ဝတ်၊ အခွင့်အရေး တန်းတူညီမျှရှိမှုနှင့် အရည်အချင်းအပေါ်မူတည်၍ တာဝန်ပေးအပ်ခြင်းတို့အပေါ် စစ်တမ်းကောက်ယူရေးဆိုင်ရာ အစီရင်ခံစာ အပြီးသတ်ထုတ်ပြန်ရေးကိစ္စ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေးသင်တန်းများတွင် UNDP က ပါဝင်ကူညီမှုဆောင်ရွက်သည့်ကိစ္စများ၊ ပြည်သူ့ဝန်ထမ်းများ၏ ပြည်သူ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအဖြစ် မြန်မာနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်သတ်မှတ်ချက်မူဘောင်ရေးဆွဲရာတွင် ပညာရှင်ခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ ပြန်လည်သုံးသပ်မှုတွင် UNDP ဘက်မှ ပြည်တွင်း၊ ပြည်ပပညာရှင် ကူညီထောက်ပံ့ပေးရန်ကိစ္စများ၊ Civil Service Academy တည်ထောင်၍ ပြည်သူ့ဝန်ထမ်းများ (အစိုးရနှင့် ပုဂ္ဂလိက) လေ့ကျင့်မွေးထုတ်ပေးမည့်အစီအစဉ်တွင် UNDP ဘက်မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချမှု အကူအညီပေးရေးကိစ္စ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများတွင် သင်ခန်းစာများ ပို့ချရေးအတွက် ဘာသာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်အုပ်စုများ ဖွဲ့စည်းထားရှိနိုင်ရေး ထောက်ပံ့ပေးရေးကိစ္စရပ်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့အကြား ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ မြန်မာတိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ အရှည်တည်တံ့ရေးအတွက် အစဉ်ထိန်းသိမ်းမြှင့်တင်သွားရေး၊ ပြိုင်ပွဲတွင် ကြိုးစားယှဉ်ပြိုင်ရင်း အနုပညာရှင်ကောင်းများပီသစေရန် အားထုတ်ကြိုးပမ်းသွားရေး စသည်တို့ကို တိုက်တွန်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာအနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားတတ်စေပြီး ရွှက်ပုန်းသီးအနုပညာရှင်များကိုလည်း ဖော်ထုတ်မြှင့်တင်ပေးရာလည်း ရောက်ကြောင်း။

ယခုကျင်းပသော တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲသည် ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လူရွေးချယ်ပွဲလည်းဖြစ်ပါကြောင်း၊ ထူးခြားချက်အနေဖြင့် တိုင်းရင်းသားရိုးရာအကများဖြစ်သော ကရင်ဒုံးယိမ်းအကနှင့် ရခိုင်ရိုးရာအကများကို ဗဟိုအဆင့်ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း၊ နောင်နှစ်များတွင် ကျင်းပမည့် ပြိုင်ပွဲများ၌ တိုင်းရင်းသားရိုးရာအကများကို တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင်လည်း ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



ပြိုင်ပွဲဝင်များအနေဖြင့် အနိုင်၊ အရှုံးကို ပဓာနမထားဘဲ အနုပညာရှင်ကောင်းများပီသစွာဖြင့် တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်ရေးအတွက် အားထုတ်ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာ ကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် မန္တလေးမြို့တော်ဝန်တို့က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များအား ဗဟိုအဆင့်ပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်များက ရခိုင်တိုင်းရင်းသားရိုးရာအက၊ ကရင်တိုင်းရင်းသားရိုးရာအကများနှင့် ဦးရွှေရိုး-ဒေါ်မိုးအကတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။ **(ဝဲပုံ)**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအနေဖြင့် တစ်မျိုးသားလုံး၏ အမျိုးသားရေးလက္ခဏာများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းပေးနိုင်ရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး စသည်တို့ကို ရည်ရွယ်ထားသည်။

ယခင်နှစ်က ကျင်းပပြီးစီးခဲ့သည့် (၂၁)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် ရွှေတံဆိပ် ၁၇ ဆု၊ ငွေတံဆိပ် ၁၆ ဆု၊ ကြေးတံဆိပ် ရှစ်ဆု၊ နှစ်သိမ့်ဆုတစ်ဆု ဆွတ်ခူးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အဆင့်(၂)နေရာ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

**သတင်း - တင်မောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## တိမ်အသင့် အတင့်ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၂** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ (မိုး/ဇလ)

# အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စု လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန်ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ Banquet Hall ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ AIPA နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေ ညီလာခံဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နဝရတ်ကိုးသွယ်လုများခြယ် ယိမ်းအက၊ ခေတ်သုံးခေတ်ယိမ်းအက၊ ပတ္တလားအတီး၊ မင်းသားလတ်ယိမ်းအက၊ ဒုံးယိမ်း အက၊ ကုလ္လားအိုင် နန်းတွင်းယိမ်းအက၊ ဆီမီးယိမ်းအက၊ WE ARE ASEAN အက၊ အာဆီယံ စုပေါင်းယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံပါလီမန်များ ကိုယ်စားလှယ်အဖွဲ့မှလည်း သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်

## မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးနှင့် အလုပ်သမားရေးရာများ ဟောပြော

**ဗန်ကောက်(ဖလန်ဆောင်) အောက်တိုဘာ ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဖလန်ဆောင်နယ်မြေဖြစ်သော ဘန်ဘွန်ရပ်ကွက်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအား မြန်မာပညာရေးစနစ်အတိုင်း ပညာသင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးနှင့် အလုပ်သမားရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းတာဝန်ခံဖြစ်သူ ဦးစောမောင်က "ဒီလိုဟောပြောပွဲတွေကို ပြုလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေ သူတို့အခွင့်အရေးတွေကို သိရှိစေဖို့နဲ့ အလုပ်သမားပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါမှာ ဘယ်လိုဆက်စပ် အကူအညီတောင်းခံရမလဲဆိုတာကို ထည့်သွင်းဆွေးနွေးဟောပြောပေးခြင်းပဲဖြစ်ပါတယ်၊ ပြီးတော့ ပညာရေးကိစ္စတွေနဲ့ပတ်သက်ပြီးတော့လည်း ကျောင်းသားမိဘတွေ သိသင့်သိထိုက်တဲ့ အကြောင်းကိစ္စတွေကို ပိုမိုသိရှိစေဖို့အတွက် အခုလိုဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားမိဘတစ်ဦးဖြစ်သော မစန်းအေးက "ကျွန်မတို့အလုပ်သမားတွေ သိသင့်သိထိုက်တဲ့ အလုပ်သမားရေးရာကိစ္စရပ်များကို လာရောက်ဟောပြောဆွေးနွေးပေးတဲ့ FED ဒါရိုက်တာ ဦးထူးချစ်ကို အလွန်ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းအလုပ်သမားဥပဒေနဲ့ ပတ်သက်လို့ရှိရင် ကျွန်မတို့အတွက် ဗဟုသုတနဲ့ အသိပညာတွေရရှိရသလို၊ ပညာရေးကိစ္စနဲ့ပတ်သက်တာတွေလည်း မသိတာတွေ သိခွင့်ရတဲ့အတွက် အလွန်ကျေးဇူးတင်ရတာပါ"ဟု ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီထိကို ဗန်ကောက်မြို့ဖလန်ဆောင်မြို့နယ် ဘန်ဘွန်ရပ်ကွက်ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့ရာ အဆိုပါဟောပြောပွဲသို့ ကျောင်းသားမိဘများနှင့် အလုပ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

## ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အပန်းဖြေလေ့လာနိုင်ရေး မန်နယ်မျော်ယောကြီး ဆင်စခန်းဖွင့်

**ကျောက်တံခါး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းမိုင်တိုင် အမှတ် ၁၀၅/၇ အနောက်ဘက် တစ်မိုင်ခန့်အကွာ မျော်ယောကြီး ဆင်စခန်းဖွင့်ပွဲအား အောက်တိုဘာ ၂ ရက် နံနက် ၇ နာရီကကျင်းပခဲ့ကြောင်း သိရသည်။



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တောတောင်ရေမြေ သဘာဝ အလှရှုခင်းများ ကြည့်ရှုနိုင်ရန်နှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ရန်အတွက် ပဲခူးမြောက် သစ်ထုတ်လုပ်ရေး ဒေသအား မန်နယ်မျော်ယောကြီး ဆင်စခန်း လက်ထောက်မန်နေဂျာ ကိုတင်ကျော်မိုး ဦးစီး၍ ဆင် ၁၂ ကောင်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန် ပရဟိတ အဖွဲ့များက ဒေသခံပြည်သူများအား ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် အမှတ်တရသစ်ပင်များ စိုက်ပျိုးခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား မြောင်မြို့နယ်၌ ကျင်းပ

**မြင်းမူ အောက်တိုဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင်ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ထွန်း၊ ဒေါ်အေးမြတ်မွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းငွေနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ် ဇော်ဝင်းထံမှပေးပို့သော သဝဏ်လွှာဖတ်ကြားကာ ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ (၀၇၇)

## ရွှေဘုန်းပွင့်စေတီတော် ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မီးထွန်းပူဇော်ပွဲနှင့် (၃၉)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၅ ရက်)နံနက်ပိုင်းတွင် စေတီတော် သာသနာဇောတိကဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့အကြိုအဖြစ် ဝတ်အသင်းအဖွဲ့ဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၆ )ရက် နံနက်အရုဏ်တွင် ရွှေဘုန်းပွင့် စေတီတော်ကြီးအား သစ်သီး၊ မုန့်၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းပြီး စေတီတော်ဝင်းအတွင်းရှိ ဘုန်းကြီးကျောင်း ခြောက်ကျောင်းမှ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

နံနက် ၉ နာရီခွဲတွင် ဓမ္မကထိက ဆရာတော်က ဥပုသ်သီလပေး တရားချီးမြှင့်ပြီး မွန်းလွဲပိုင်းတွင် အဘိဓမ္မာ အခါတော်နေ့ဆိုင်ရာ တရားတော်များ ချီးမြှင့်မည် ဖြစ်သည်။ ညနေ ၃ နာရီတွင် စေတီတော် ဩဝါဒါစရိယဆရာတော်များက စေတီတော်ဝင်းအတွင်း ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များအား ပဝါရဏာပူဇော်ပွဲဖြင့် နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ရောင်စုံဆီမီးများဖြင့် စေတီတော်မြတ်ကြီးအား ထွန်းညှိပူဇော်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများမှ အလုပ်သမားများ ကလေးမြို့သို့ ဒုသမအသုတ်ပြန်လည်ရောက်ရှိ

**ကလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နေ အလုပ်သမားတစ်ဦး၊ တမူးမြို့နယ်နေ တစ်ဦး၊ ခမ်းပတ်မြို့နယ်နေ တစ်ဦး စုစုပေါင်း သုံးဦးတို့သည် ဒုသမအသုတ်အဖြစ် အောက်တိုဘာ ၁ ရက် ည ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်ရောက်ရှိလာသော အလုပ်သမားများ၏ မိသားစုဝင်များက နွေးထွေးစွာ ကြိုဆိုကြသည်။

ယင်းနောက် ကြိုဆိုဧည့်ခံတွေ့ဆုံပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရုံးခန်း၌ ဆက်လက်ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက လိုအပ်သည့် လူမှုရေးအခက်အခဲများနှင့်ပတ်သက်၍ ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီးနောက် ပြန်လည် ရောက်ရှိလာကြသော အလုပ်သမားသုံးဦးတို့ကလည်း မိမိတို့၏အတွေ့အကြုံ၊ အခက်အခဲများကို ပြန်လည်ရှင်းပြကာ သက်ဆိုင်ရာမိမိနေရပ်ဒေသများသို့ အဆင်ပြေစွာရောက်ရှိရေးတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ဂျူနိုင်း**

✻ *ကျောဖုံးမှ*

ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပန်းချီကားများ လန်ဒန်ရှိ အဆိုပါပန်းချီပြခန်းသို့ သွားရောက်ပြသသည်မှာ ယခု အကြိမ်ဆိုလျှင် ခြောက်ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ လန်ဒန်တွင် ပြသသည့် ပန်းချီပြပွဲသည် ပန်းချီကားစုဆောင်းသူများ ကြိတ်ကြိတ်တိုးစည်ကားလေ့ရှိပြီး ပန်းချီပြသသူများအနေဖြင့် အလွန်ပင်စိတ်ကျေနပ်မှုကို ရရှိစေကြောင်း၊ မြန်မာပန်းချီကားများ ဥရောပဈေးကွက်တွင် ထိုးဖောက်အောင်မြင်လာကြောင်း သိရသည်။

ပန်းချီဆရာ မင်းဝေအောင်သည် ၁၉၉၀ ပြည့်လွန်နှစ်များကစ၍ ကမ္ဘာ့ပန်းချီလောကတွင် နာမည်ရအောင်မြင်လာသော ပန်းချီဆရာဖြစ်ကြောင်း၊ ၎င်း၏ပန်းချီကားများကို အာရှတိုက်တွင် စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်၊ ဗီယက်နမ်၊ ဂျပန် စသောနိုင်ငံများတွင် ပြသခဲ့ပြီး ဥရောပတွင် လန်ဒန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီနိုင်ငံတို့တွင်လည်း ပြသခဲ့ကြောင်း၊ အမေရိကန်တွင် နယူးယောက်၊ ချီကာဂို၊ လော့အိန်ဂျလိစ်တို့၌လည်း ပြသခဲ့ကြောင်း၊ မြန်မာပန်းချီကားများ ကမ္ဘာ့ပန်းချီဈေးကွက်တွင် ထိုးဖောက်လာနေပြီဖြစ်ကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

ယူ-၁၈ ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ပြိုင်ပွဲများတိုးမြှင့်ကျင်းပလာခြင်းမှာ ကောင်းမွန်သော်လည်း ကလေးသူငယ်များအတွက် လူငယ်စီမံကိန်းများကိုလည်း စဉ်ဆက်မပြတ်စေရန် ဆောင်ရွက်နိုင်ရေးလိုအပ်နေသည်။ ဘောလုံးအကယ်ဒမီများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်လိုအပ်သလို လူငယ်ကစားသမားများ အကျိုးရှိအောင် သင်ကြားပေးနိုင်ရန်အရေးပါနေသည်။ ဘောလုံးအခြေခံနည်းစနစ်ပိုင်းကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးနိုင်မည့် နည်းပြဆရာများခန့်အပ်နိုင်ရန်အရေးကြီးသလို အာဟာရဖြစ်စေမည့် အစားအသောက်များကျွေးမွေးနိုင်ရန်လည်း အရေးပါလှသည်။ လက်ရှိတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်နေသော်လည်း ထင်သလောက်ထိရောက်မှုမရှိသေးဘဲ လူငယ်ကစားသမားကောင်းများ ထွက်ပေါ်နိုင်မှုနည်းပါးလျက်ရှိသည်။

ကလပ်အသင်းများအနေဖြင့်လည်း ဘောလုံးအကယ်ဒမီများ တည်ထောင်ရန်ကြိုးပမ်းလျက်ရှိပြီး ရောဝတီအသင်းမှာမူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပုသိမ်မြို့၌ဖွင့်လှစ်ထားသည့် ဘောလုံးအကယ်ဒမီကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ MNL ထိပ်သီးကလပ် ရန်ကုန်အသင်းသည် လူငယ်ဘောလုံးသင်တန်းများဖွင့်လှစ်လျက်ရှိပြီး လူငယ်ရွက်ပုန်းသီးကစားသမားများထွက်ပေါ်လာရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လူငယ်ပြိုင်ပွဲများတိုးမြှင့်ကျင်းပမည့်အပေါ် ကြိုဆိုရမည်ဖြစ်သော်လည်း ပြိုင်ပွဲအားစနစ်တကျ ကျင်းပနိုင်ရေး၊ အသက်မှန်ကန်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုအပ်နေသည်။

၂၀၁၇ ရာသီMNL လူငယ်ပြိုင်ပွဲများ၊ MNL-2 လူငယ်ပြိုင်ပွဲများကို ဇန်နဝါရီလနောက်ဆုံးပတ်(သို့မဟုတ်)ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်သည်။ MNL လူငယ်ပြိုင်ပွဲတွင် ရန်ကုန်နှင့်ရတနာပုံအသင်းတို့သာ ကြီးစိုးခဲ့သော်လည်း ၂၀၁၆ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ပထမဆုံးအကြိမ်ဗိုလ်စွဲခဲ့သည်။

# (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းတည့်၁၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်အေစီအီးအင်းဝဆောင်၌ကျင်းပရာ **(အပေါ်ပုံ)** ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ဦးဆောင်သည့် ကော်မတီအဖွဲ့ခေါင်းဆောင်များ၊ AIPA အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အီဆာရာ ဆွန်သွန်ဗက်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တောင်တရုတ်ပင်လယ် အရေးနှင့်စပ်လျဉ်း၍ မေးခွန်းကိုဖြေကြားရာတွင် တောင်တရုတ်ပင်လယ်ကိစ္စရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တင်သွင်းသည့် အဆိုတွင် ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ညီညွတ်စွာဖြေရှင်းမည်ဟု ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုတွင် အာဆီယံ၏ ပင်လယ်ရေကြောင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နမူနာအနေဖြင့် ထည့်သွင်းဆွေးနွေးခဲ့သော်လည်း ထည့်သွင်းဆုံးဖြတ်ရန် မလိုအပ်ဟု တက်ရောက်လာကြသူများကယူဆသည့်အတွက် ဆုံးဖြတ်ချက်တွင် ပါဝင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများအရေး မေးမြန်းမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကို ဆွေးနွေးခဲ့ပြီး သဘောတူညီမှုများလည်းရရှိခဲ့ပါကြောင်း၊ အဆိုပါ သဘောတူညီမှုတွင် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အရေးကိုအားလုံးက ကာကွယ်ပေးရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင်လက်ခံထားသည့်နိုင်ငံ၊ ပို့ဆောင်ပေးသည့် မူရင်းနိုင်ငံများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ခလစာနှင့်ပတ်သက်၍ တူညီသောအလုပ်အကိုင်များအတွက် မည်သူမဆို တူညီသော လုပ်ခလစာရရှိရေးကိုရှေးရှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များကိုလည်း အဖွဲ့ဝင်နိုင်ငံများတွင်ဥပဒေ ပြဋ္ဌာန်းသွားရန် သဘောတူညီမှု ရရှိခဲ့ပါကြောင်းဖြေကြားသည်။

လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးခွန်းကို ညီလာခံအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အီဆာရာဆွန်သွန်ဗက်က ဖြေကြားရာတွင် မြန်မာလွှတ်တော်၏ ဥပဒေပြုလုပ်ငန်းစဉ်များအပေါ်တွင် ယုံကြည်မှုအပြည့်အဝရှိပါကြောင်း၊ မူဝါဒများချမှတ်ဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အားရ ကျေနပ်မိပါကြောင်း ဖြေကြားသည်။

**အောင်ရဲသွင်**



# (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ တက်ရောက်လာသည့် ပါလီမန်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်တစ်ဝိုက် ဆက်လက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ တက်ရောက်လာသည့် IPU အထွေထွေအတွင်းရေးမှူးချုပ် အပါအဝင် အာဆီယံပါလီမန်များမှ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်အမျိုးသားပြတိုက်ရှိ သမိုင်းမတင်မီခေတ်မှစ၍ပျူခေတ်၊ ပုဂံခေတ် ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ပြခန်းများကို ကြည့်ရှုကြပြီး **(အပေါ်ပုံ)** ဥပ္ပါတသန္တိစေတီတော်ကို ဖူးမြော်ကြသည်။

ထို့နောက် ပါလီမန်လေ့လာရေးအဖွဲ့သည် နေပြည်တော် ဖိုးစောင်းတောင်ပေါ်ရှိ Mount Pleasant တောင်ထိပ်မှ နေပြည်တော် ရှုခင်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

(လက်နက်ပါ) ပြိုင်ပွဲတွင် မောင်ခိုင်ဇင်ဝင်း၊ မောင်ဖြိုးမင်းစိုးတို့က ကြေးတံဆိပ်ဖြင့်လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

(၅)ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပိုက်ကျော်ခြင်းနှင့် ဗိုဗီနမ်အားကစားနည်းနှစ်မျိုးသာ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတစ်၊ ငွေနှစ်၊ ကြေးတစ်ခုရရှိခဲ့ပြီး ဗိုဗီနမ်ပြိုင်ပွဲတွင် ရွှေနှစ်၊ ငွေသုံး၊ ကြေးနှစ်ရရှိကာ အားကစားနည်း နှစ်မျိုးတွင် စုစုပေါင်း ရွှေသုံး၊ ငွေငါး၊ ကြေးသုံးခုဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်။ **သတင်း-တင်စိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-အောင်နိုင်ဦး(ဗိုဗီနမ်အဖွဲ့ချုပ်)**



**မြန်မာဗိုဗီနမ်အသင်းအတွက် ဒုတိယအကြိမ် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော မောင်မနားကွီးနှင့် မောင်ဘိုဘိုတို့အား တွေ့ရစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၁၀-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ

၈း၃၅ - ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး)(ဝါသနာရှင် (ဒုတိယတန်း)အဆင့်)(အမျိုးသား)

၈း၅၀ - ရှန်းကန်လှုပ်ရှားဘဝများ **သဲလုပ်ငန်း**

၉း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ

၁၀း၃၅ - စိုက်ပျိုးရေးရာအဖြေရှာ **ပဲစိုက်ပျိုးတောင်သူများအတွက်ပဲမြစ်ဖုဇီဝမြေသြဇာ**

၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်

၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာတိုင်နေ့ရက်များ**(အပိုင်း-၁)

၁၃း၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ**(အပိုင်း-၉)

၁၃း၅၅ - KARAOKE World Championships (KWC)Myanmar 2016 (Level-2)(Group-1)

၁၄း၃၅ - မျိုးစေ့

**ညပိုင်း**

၁၅း၃၅ - Tasty Trip

၁၆း၁၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)

၁၆း၃၅ - လူမှုစီးပွားမြင်ကွင်းများ

၁၇း၃၅ - Yes or No Talk Show Sport or Adventure (Part-1)

၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **ဥပဒေအရတဲ့ဗျား** (ဦးစံပေါ်၊ မေပိုင်စိုး၊ အောင်မျိုးဦး) (ဒါရိုက်တာ-ဝေဠု(ဝသန်))

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တုံ့မယူလို** (အပိုင်း-၁၁)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၁း၀၀ - ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ** (အပိုင်း-၁၀)
-မျက်မှောက်ရေးရာသုံးသပ်စရာ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အလုပ်အကိုင်များပေါ်ပေါက်ရေးနှင့် မြို့ပြဖွံ့ဖြိုးမှုနည်းဗျူဟာ

## ဒေါက်တာကျော်လတ်

မြန်မာပြည် မြို့ပြဒေသများတွင် ကျူးကျော်ရပ်ကွက်များ တိုးပွားလာခြင်း၊ လမ်းဘေးဈေးသည်များတိုးပွားခြင်းစသော မြို့ပြပြဿနာများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြပါသည်။ ယင်းကိစ္စများသည် တိုင်းပြည်တို့၏ အထွေထွေစီးပွားရေးဖွံ့ဖြိုးမှုများ၊ အထူးသဖြင့် လူအများစုတို့အတွက် အလုပ်အကိုင်များ ပေါ်ပေါက်နိုင်မှုနှင့် တိုက်ရိုက်ပတ်သက်နေပါသည်။ တိုင်းပြည်များ အထွေထွေစီးပွားရေးဖွံ့ဖြိုးတိုးတက်လာကြလျှင်၊ ထိုသည်နှင့်တွဲဖက်၍ အလုပ်အကိုင်များ ပေါ်များလာကြလျှင် ယင်းကိစ္စများလည်း လျော့နည်းလာပါမည်။ အလုပ်အကိုင်များ ပေါ်ပေါက်ဖြစ်ထွန်းစေရန်မှာမြို့ပြများကို စနစ်တကျဖွံ့ဖြိုးရန် စီမံကြရပါမည်။

မိမိတို့တိုင်းပြည် အလုပ်အကိုင်များ အခြေအနေနှင့် ပတ်သက်သောကိန်းများမှာ နောက်ဆုံးထုတ်ပြန်ထားသော ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းရှိပါသည်။ ထိုစာရင်းတွင် မိမိတို့တိုင်းပြည်၏ အသက် ၁၅ နှစ်မှ ၆၅ နှစ်အတွင်းအလုပ်လက်မဲ့နှုန်း Unemployment rate သည် ၄ ရာခိုင်နှုန်း၊ မြို့ပြဒေသများတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း၊ ကျေးလက်ဒေသများတွင် ၃ ဒသမ ၆ ရာခိုင်နှုန်းဟု ဖော်ပြပါသည်။ (Census Main Report, Table E-1a: Population 10 years and over by usual activity status, labour force participation rate, P. 181-186.) မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်အနေဖြင့် အလုပ်လက်မဲ့နှုန်း ၄ ရာခိုင်နှုန်းခန့်ဆိုသည်မှာ မများလှဟု သုံးသပ်ရမည်ဖြစ်သော်လည်း မိမိတို့တိုင်းပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလုပ်ရရှိခြင်း၊ အလုပ်ပေးခြင်းစသောကိစ္စများမှာ များစွာသောအခြေအနေများတွင် စာရွက်စာတမ်းများမရှိ၊ မှတ်တမ်းမှတ်ရာများမရှိ ပြုလုပ်ဆောင်ရွက်ကြ၍ ဖော်ပြသောကိန်းများ၏တိကျမှုမှာ မေးစရာပင်ဖြစ်သည်။

သန်းခေါင်စာရင်း၏ တိကျမှုကိုအပထား၍ မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏လက္ခဏာတစ်ရပ်မှာ Underemployment ခေါ် "အပြည့်အဝအလုပ်မရှိ" သော လုပ်သားများ၏ ရာခိုင်နှုန်းမှာများစွာမြင့်မားပါသည်။ ထို Underemployment ဆိုသောစကားကို (၁) Over qualification လိုအပ်သော အရည်အချင်းထက်ပိုသောသူများက လုပ်ကိုင်ကြရခြင်း၊ (၂) Involuntary part-time work အချိန်ပြည့်အလုပ်လုပ်လိုသော်လည်း အချိန်ပြည့်အလုပ်မရရှိခြင်း၊(၃) "Overstaffing" or "hidden unemployment" မလိုအပ်ပါဘဲ လူပိုများနှင့်လုပ်ကိုင်ကြခြင်း၊ သို့မဟုတ် ဖုံးကွယ်အလုပ်လက်မဲ့ ဟုသုံးမျိုးခွဲ၍ သက်ဆိုင်ရာစာပေများတွင် သတ်မှတ်ကြသည်။ မြန်မာပြည် အခြေအနေတွင်မူ ဒုတိယအုပ်စု၊ "အချိန်ပြည့်အလုပ်လုပ် လိုသော်လည်း အချိန်ပြည့်အလုပ်မရရှိခြင်း၊ ရံဖန်ရံခါသာ အလုပ်ရှိသည်ဆိုသော လုပ်သားများ၏ ရာခိုင်နှုန်းမှာများစွာ မြင့်မားမည်ဟု တွက်ချက်နိုင်ပေမည်။ မိမိတို့တိုင်းပြည်တွင် ကျေးလက်ဒေသနေလူဦးရေမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိ၍ ထိုမှ ၆၀-၇၀ ရာခိုင်နှုန်းခန့်တို့မှာ လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေမပိုင်သူများ ဖြစ်ကြသည်။ ထိုလုပ်သားအင်အားအုပ်စုမှ အများစုတို့မှာ ရံဖန်ရံခါသာ အလုပ်အကိုင်ရှိကြသောသူများဖြစ်ကြပေလိမ့်မည်။ အမှန်စင်စစ်မိမိတို့တိုင်းပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် Unemployment -rate "အလုပ်အကိုင်မရှိသူများရာခိုင်နှုန်း" Underemployment rate "အပြည့်အဝအလုပ်မရှိသူများရာခိုင်နှုန်း" စသောကိန်းများမှာ တိတိကျကျ သတ်မှတ်ရန်လွန်စွာခက်ခဲပေသည်။


ကျေးလက်ဒေသများတွင် "အပြည့်အဝအလုပ်မရှိ"သူများ ရာခိုင်နှုန်းမြင့်မားသကဲ့သို့ မြို့ပြများတွင်လည်း မြင့်မားပေသည်။ ထိုကိန်းမှာ တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာနှင့်မရှိသော်လည်း ရန်ကုန်မြို့နှင့် ပတ်သက်သောကိန်းတွင် ရန်ကုန်မြို့၏လုပ်သားဦးရေမှ Tertiary sector တတိယကဏ္ဍဟုသတ်မှတ်သော လုပ်သားများရာခိုင်နှုန်းမှာ ၇၅ ရာခိုင်နှုန်းခန့်ရှိသည်။ ထိုမှ အစိုးရဝန်ထမ်းများသည် ၂၄ ရာခိုင်နှုန်းပါဝင်ပြီး ၅၁ ရာခိုင်နှုန်းသည် ကျပန်းအလုပ်သမားများနှင့် အရောင်းအဝယ်လုပ်သူများ ဖြစ်ကြသည်။

**ကျေးလက်ဒေသများတွင် အလုပ်အကိုင်မရှိသူများနှင့် အပြည့်အဝအလုပ်မရှိသူများ တိုးပွားလာသည့်အခါ များစွာသောသူတို့သည် မြို့ပြဒေသများသို့ တစ်စတစ်စ ရွှေ့ပြောင်းအလုပ်ရှာကြသည်။ မြန်မာပြည် သန်းခေါင်စာရင်းများ ကောက်ခံခဲ့သော ၁၉၈၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်များအတွင်း ကျေးလက်ဒေသ လူဦးရေတိုးနှုန်းမှာ နှစ်စဉ် ၀ ဒသမ ၉ ရာခိုင်နှုန်းသာရှိသော်လည်း မြို့ပြဒေသများမှ လူဦးရေတိုးနှုန်းသည် ၁ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် များစွာပိုမိုမြင့်မားခဲ့သည်**

ထိုအရောင်းအဝယ်လုပ်သူများတွင် ယခုကြုံတွေ့နေရသော "လမ်းဘေးဈေးသည်များ" လည်းမြင့်မားသော ရာခိုင်နှုန်းဖြင့် ပါဝင်ပေမည်။

ကျေးလက်ဒေသများတွင် အလုပ်အကိုင်မရှိသူများနှင့် အပြည့်အဝ အလုပ်မရှိသူများ တိုးပွားလာသည့်အခါ များစွာသောသူတို့သည် မြို့ပြဒေသများသို့ တစ်စတစ်စ ရွှေ့ပြောင်းအလုပ်ရှာကြသည်။ မြန်မာပြည်သန်းခေါင်စာရင်းများ ကောက်ခံခဲ့သော ၁၉၈၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်များအတွင်းကျေးလက်ဒေသ လူဦးရေတိုးနှုန်းမှာ နှစ်စဉ် ၀ ဒသမ ၉ ရာခိုင်နှုန်းသာရှိသော်လည်း မြို့ပြဒေသများမှလူဦးရေတိုးနှုန်းသည် ၁ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် များစွာပိုမိုမြင့်မားခဲ့သည်။ ဤဖြစ်ရပ်မှာ လွန်ခဲ့သောနှစ်များအတွင်း ကျေးလက်ဒေသများမှ မြို့ပြဒေသများသို့ တဖြည်းဖြည်း ပြောင်းရွှေ့နေထိုင်ကြခြင်းကြောင့် ဖြစ်သည်။

ယခုအခြေအနေအရ ကျေးလက်ဒေသများတွင် အလုပ်အကိုင်ရှားပါးခြင်းကြောင့် နောင်လာမည့်အချိန်တွင်လည်း ထိုလွန်ခဲ့သောနှစ်များမှ ပုံစံအတိုင်း ကျေးလက်ဒေသများမှ မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြမည့် လူဦးရေမှာ




**မြန်မာပြည်တစ်မျိုးသားလုံးလူဦးရေ၊ ကျေးလက်နှင့်မြို့ပြ လူဦးရေတို့ ပြောင်းလဲတိုးတက်လာမည့်ပုံကို တွက်ချက်ဖော်ပြသော ဂရပ်ပုံ (လူဦးရေတိုးနှုန်းများမှာ လွန်ခဲ့သောနှစ်ပေါင်း (၃၁)မှနှုန်းများကိုအခြေခံသည်**

တိုးပွားလာစရာအကြောင်းသာရှိပြီး လျော့နည်းရန် အကြောင်းမမြင်တွေ့ရပေ။ ထိုသည်တို့ကို အခြေခံကြပါလျှင် ယခုလက်ရှိ မြို့ပြလူဦးရေ ၁၅ သန်းခန့်မှာ နောင်လာမည့်အနှစ် ၄၀ ဝန်းကျင်ခန့်တွင် နှစ်ဆခန့်တိုးပွား၍ မြို့ပြလူဦးရေသည် သန်း ၃၀ ခန့်ပင်ရှိပေမည်။ မြန်မာပြည်ရှိ လူဦးရေသန်းကျော်မြို့ကြီးများဖြစ်သော ရန်ကုန်မြို့သည် ယခုငါးသန်းခန့်မှ (၁၁သန်း မှ ၁၅ သန်း)ခန့်သို့၊ မန္တလေးမြို့သည် ယခု ၁ ဒသမ ၃ သန်းခန့်မှ (၄ ဒသမ ၂မှ ၅ ဒသမ ၂ )သန်းခန့်အထိ တိုးပွားကြမည်ဟု တွက်ချက်ရသည်။ ထိုအခြေအနေတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နေထိုင်သူလူဦးရေမှာစုစုပေါင်း မြို့ပြလူဦးရေ၏ထက်ဝက်ကျော်ခန့်ရှိပေမည်။

ယခုအခြေအနေတွင်ပင် ထိုမြို့ကြီးများတွင် အခြေခံအဆောက်အအုံမလောက်ငသောပြဿနာများ၊ သယ်ယူပို့ဆောင်ရေးပြဿနာများ စသည်တို့နှင့်ရင်ဆိုင်နေရသည်။ ထိုပြဿနာများကို ဖြေရှင်းရန်မှာလည်း ငွေအင်အား၊ လူအင်အားများစွာလိုအပ်ပါမည်။ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ သယ်ယူပို့ဆောင်ရေးစနစ်များ စသည်တို့ကို တည်ဆောက်ရာတွင် မြို့အလယ်အလတ်စားများတွင် များစွာပိုမိုလွယ်ကူ၍ ကုန်ကျစရိတ်သက်သာပေသည်။

ထိုသည်တို့ကို အခြေခံ၍မိမိတို့တိုင်းပြည်အတွက် စဉ်းစားကြရန်မှာ ပညာရပ်ဆိုင်ရာအခေါ်အရ Secondary cities ဒုတိယအဆင့်မြို့များ၊ သို့မဟုတ် မြို့အလယ်အလတ် မြို့များကို စနစ်တကျဖွံ့ဖြိုးစေ၍ နောင်ဆယ်စုနှစ်များတွင် တိုးပွားလာမည့် မြို့ပြလူဦးရေအများစုကို ဆွဲဆောင်၍နေရာချထားသော စီမံကိန်းများ ထားရှိရန်ဖြစ်သည်။ ထိုလုပ်ငန်းရပ်မှာ မိမိတို့တိုင်းပြည်၏ နိုင်ငံရေးနှင့်စီးပွားရေးရှုထောင့်များမှ စိစစ်တွက်ချက်သတ်မှတ်ထားသော မြို့များ ဝန်းကျင်ကို Development Regions ခေါ်ဖွံ့ဖြိုးမှုနယ်မြေများအဖြစ်သတ်မှတ်၍ လျှပ်စစ်၊ ရေ အစရှိသော အခြေခံအဆောက်အအုံများ၊ လူမှုရေးကဏ္ဍမှ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ စသည်တို့အပါအဝင် ဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် အကောင်အထည်ဖော်ရန်ဖြစ်သည်။ ထိုသည်တို့နှင့်တွဲဖက်၍ Development Regions ခေါ် ဖွံ့ဖြိုးမှုနယ်မြေများအချင်းချင်းလမ်းများ၊ မီးရထားလမ်းများ အစရှိသည့် ဆက်သွယ်ရေးစနစ်တို့ကိုလည်း ပြုပြင်တည်ဆောက်တိုးချဲ့ကြရန် ဖြစ်သည်။ ထိုသတ်မှတ်ထားသော ဖွံ့ဖြိုးမှုနယ်မြေများတွင် အခြေခံအဆောက်အအုံများကောင်းစွာရှိကြလျှင်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျှင် စက်ရုံအလုပ်ရုံများပေါ်ပေါက်လာပေမည်။

ယခုမြန်မာပြည် မြို့ပြလူဦးရေဖြန့်ဖြူးမှုပုံစံမှာ တရားဝင်သတ်မှတ်သောမြို့နယ်ပေါင်း ၃၇၂ မြို့နယ်ရှိသည်။ ၂၀၁၄ ခုနှစ်စာရင်းအရ သန်းကျော် မြို့ကြီးများဖြစ်သော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အပြင် လူဦးရေအလယ်အလတ်ဟု သတ်မှတ်နိုင်သော လူဦးရေ တစ်သိန်းကျော် မြို့ပေါင်း ၁၆ မြို့ရှိသည်။ ထိုလူဦးရေသိန်းကျော်မြို့ကြီးများမှာ ပထဝီအနေအထားအရ ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် တည်ရှိခြင်းကြောင့်လည်းကောင်း၊ အခြားအကြောင်းများဖြစ်သော ကုန်ပစ္စည်းများ စုဝေးဖြန့်ချိသောမြို့ဖြစ်ကြခြင်း၊ အုပ်ချုပ်မှုဗဟိုအချက်အချာနေရာများဖြစ်ကြခြင်းစသော အကြောင်းများကြောင့် ယခုကဲ့သို့ကြီးထွားလာကြခြင်းဖြစ်သည်။ ထိုမြို့ကြီးများနှင့် ပတ်ဝန်းကျင်တို့တွင် တိုးချဲ့နိုင်မှုအလားအလာကို အသေးစိတ်လေ့လာ၍ အထက်တွင်တင်ပြခဲ့သည့် ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်သင့်ပေသည်။

အထက်တွင်ဖော်ပြသော လူဦးရေသိန်းကျော်မြို့ကြီးများအပြင် တိုင်းဒေသကြီးများ၏ မြို့တော်ကြီးများဖြစ်သော်လည်း ၂၀၁၄ ခုနှစ်တွင် လူဦးရေတစ်သိန်းအောက်ရှိသော မြို့ကြီးများလည်းရှိသည်။ ယင်းတို့မှာ (၁)မကွေးမြို့ (၂) စစ်ကိုင်းမြို့ (၃) ထားဝယ်မြို့ (၄) ဘားအံမြို့ (၅)လွိုင်ကော်မြို့နှင့် (၆) ဟားခါးမြို့တို့ ဖြစ်ကြသည်။ ထိုမြို့တော်ကြီးများမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှုထောင့်နှင့် နိုင်ငံတော်အတွင်း ဘက်စုံဖွံ့ဖြိုးမှုရှုထောင့်တို့မှ ဖွံ့ဖြိုးမှုစီမံကိန်းများကို အကောင်အထည်ဖော်သင့်ပေသည်။ ယခုတင်ပြခဲ့သည့် National Urbanization Strategy "လူနေမြို့ရွာဖွံ့ဖြိုးမှုနည်းဗျူဟာ"ကို ရေးဆွဲအကောင်အထည်ဖော်ကြလျှင် ဘာသာရပ်ပေါင်းစုံ၊ ဘက်ပေါင်းစုံပါဝင်ကြမှသာလျှင် မိမိတိုနိုင်ငံအတွက် လိုအပ်သောအလုပ်အကိုင်များပေါ်ပေါက်ခြင်း၊ မြို့ပြများဘက်စုံဖွံ့ဖြိုးခြင်း၊ တိုင်းဒေသကြီးများ ဘက်စုံဖွံ့ဖြိုးခြင်းနှင့် လွန်စွာအရေးကြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ရရှိနိုင်ပေမည်။

| No. | Large Cities | States / Divisions | 1983 Urban Pop. (Lakhs) | 2014 Urban Pop. (Lakhs) | Growth Rates 83-2014 ( %) |
|---|---|---|---|---|---|
| 1 | Total YCDC | TOTAL | 24.72 | 47.29 | 2.11 |
| 2 | MCDC | Mandalay | 5.33 | 13.06 | 2.93 |
| 3 | Naypyitaw | | 0.94 | 3.75 | 4.58 |
| 4 | Taunggyi | Shan | 1.30 | 2.65 | 2.32 |
| 5 | Bago | Bago | 1.51 | 2.54 | 1.71 |
| 6 | Mawlamyine | Mon | 2.20 | 2.54 | 0.46 |
| 7 | Myitkyina | Kachin | 0.62 | 2.43 | 4.49 |
| 8 | Monywa | Sagaing | 1.08 | 2.07 | 2.14 |
| 9 | Lashio | Shan | 1.07 | 1.74 | 1.59 |
| 10 | Pathein | Ayeyawady | 1.44 | 1.70 | 0.53 |
| 11 | Pyin Oo Lwin | Mandalay | 0.64 | 1.59 | 2.99 |
| 12 | Pyay | Bago | 0.83 | 1.35 | 1.57 |
| 13 | Kalay | Sagaing | 0.53 | 1.31 | 2.95 |
| 14 | Myeik | Tanintharyi | 0.89 | 1.15 | 0.85 |
| 15 | Myawady | Kayin | 0.11 | 1.13 | 7.91 |
| 16 | Meiktila | Mandalay | 0.96 | 1.12 | 0.47 |
| 17 | Toungoo | Bago | 0.66 | 1.09 | 1.63 |
| 18 | Sittway | Rakhine | 1.08 | 1.01 | -0.21 |
| 19 | Magway | Magway | 0.55 | 0.94 | 1.75 |
| 20 | Sagaing | Sagaing | 0.47 | 0.81 | 1.82 |
| 21 | Dawei | Tanintharyi | 0.70 | 0.80 | 0.44 |
| 22 | Hpa-an | Kayin | 0.69 | 0.75 | 0.26 |
| 23 | Loikaw | Kayah | 0.35 | 0.51 | 1.20 |
| 24 | Haka | Chin | 0.13 | 0.25 | 2.21 |

**၂၀၁၄ ခုနှစ်တွင် လူဦးရေတစ်သိန်းအထက်ရှိသော မြို့ကြီးများနှင့် တိုင်းနှင့်ပြည်နယ် မြို့တော်များဖြစ်သော်လည်း ၂၀၁၄ နှစ်တွင် လူဦးရေတစ်သိန်းအောက်ရှိသော မြို့တော်များ**

## စီးပွားရေးကဏ္ဍများနှင့် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော်  အောက်တိုဘာ  ၂**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် 37th AIPA ညီလာခံသို့ တက်ရောက်လာသော ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင်၊ သိပ္ပံ၊ နည်းပညာ၊ သတင်းအချက်အလက်နှင့် လူထုဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌ Mr. Charlie Chandruand နှင့်အဖွဲ့အား Hotel Royal ACE အင်းဝဆောင် အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့၏ စီးပွားရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်များအကြား ပိုမိုချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**




## ကလေးများ စွမ်းဆောင်ရည်မြှင့်တင်ရေး ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည်

**ရန်ကုန်  အောက်တိုဘာ  ၂**

ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စာပေပညာရှင်များနှင့် ကလေးစာပေပွဲတော်ကို စိတ်ဝင်စားသူများအားလုံး ပူးပေါင်းပါဝင်ဆွေးနွေးကြစေလိုကြောင်း၊ နေပြည်တော်၌ ကလေးစာပေပွဲတော်တစ်ခုကို ခမ်းခမ်းနားနား စတင်ကျင်းပရန် စီစဉ်ထားကြောင်း၊ ကလေးစာပေပွဲတော်တွင် ထပ်မံဆောင်ရွက်လိုသည့် အစီအစဉ်များ၊ စိတ်ကူးစိတ်သန်းများကို ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြောသည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ညွှန်ကြားရေးမှူး(စီမံ) ဦးအေးကြွယ်တို့က ကလေးစာပေပွဲတော်ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် အမှာစကားပြောကြားစဉ်

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာ အဖွဲ့အစည်းများက ကလေးစာပေပွဲတော်ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက် ဆွေးနွေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးများ စာပေဗဟုသုတရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် ကလေးစာပေပွဲတော်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးများပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ကလေးစာအုပ်ပြပွဲ၊ ကလေးကာတွန်းပြပွဲ၊ အမှတ်တရ ပုံတူရေးဆွဲခြင်း၊ မျက်လှည့်ပြပွဲ၊ ရော်ဘာရုပ်ပြုလုပ်ခြင်း၊ ကာတွန်းအရုပ်များဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ဂျိုကာဝတ်စုံဖြင့် ကြိုဆိုခြင်း၊ နည်းပညာမိတ်ဆက်ခြင်း၊ ပုံပြင်ပြောခြင်း၊ မျက်နှာဆေးခြယ်ခြင်း၊ ကလေးစာဖတ်ခန်း ဖွင့်လှစ်ပြသခြင်း၊ ဘောလုံး ပစ်ပေါက်ကစားခြင်း၊ ကြိမ်ကွင်းစွပ်ကစားခြင်း၊ အရုပ်ဆက်ကစားခြင်းနှင့်စကားပုံဆက်စပ် ကစားခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးမိသားစုဝင်များ၏ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ  အောက်တိုဘာ  ၂**

ကရင်ပြည်နယ်ရှိ ငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်သည့် KNU ကရင်အမျိုးသားအစည်းအရုံး၊ KNUPC ကရင်အမျိုးသားငြိမ်းချမ်းရေးကောင်စီ (ထို့ကော်ကိုးဒေသ) တို့မှ တောင်သူလယ်သမားများကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသင်တန်းခန်းမ၌ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မြေသယံဇာတပေါများခြင်းကြောင့် စိုက်ပျိုးရေးလုပ်ကိုင်ရန် အဆင်ပြေလွယ်ကူကြောင်းနှင့် ငြိမ်းချမ်းရေးမိသားစုဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍအောင်မြင်ရေး အရေးကြီး၍ ယခုလိုစိုက်ပျိုးရေးအသိပညာပေးသင်တန်းကို နိုင်ငံတကာနှင့် ပြည်တွင်းတွင် အတွေ့အကြုံများရှိသော အက်ရှင်အေ့ဒ်မြန်မာအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များပူးပေါင်း၍ သင်ကြားပေးရခြင်းဖြစ်ကြောင်း စိတ်ပါဝင်စားစွာသင်ယူ၍ လက်တွေ့အသုံးချပြီး ဆင့်ပွားပညာများပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်တွင်းရှိ ငြိမ်းချမ်းရေးမိသားစုဝင်များမှ လုပ်ကွက်ငယ် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်ရာတွင် ကြုံတွေ့နေရသောအခက်အခဲများကို ဖော်ထုတ်သိရှိကာကျော်လွှားမည့် နည်းလမ်းများ ရရှိနိုင်စေရန်၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ရေရှည်အကျိုးအမြတ်ရရှိ၍ စိုက်ပျိုးရေးဆိုင်ရာ အကျိုးအမြတ်များကိုနားလည်ပြီး လက်တွေ့အသုံးချနိုင်စေရန်၊ ဓာတုဗေဒဆေးဝါးနှင့် မြေသြဇာများသုံးစွဲမှု လျှော့ချလာစေရန် သင်ကြားပေးရခြင်းဖြစ်ကြောင်း သိရသည်။ ယခုသင်တန်းကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့်အက်ရှင်အေ့ဒ်မြန်မာအဖွဲ့မှ သင်တန်းနည်းပြများက သင်ကြားပို့ချပေးမည် ဖြစ်သည်။ **(သတင်းစဉ်)**

## ကင်းထောက်အမျိုးသမီးခေါင်းဆောင်များအတွက် အုပ်ချုပ်မှုဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၂**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့နှင့် မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် ကင်းထောက်အမျိုးသမီးခေါင်းဆောင်များအတွက် အုပ်ချုပ်မှုဆိုင်ရာ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁ ရက် ညနေ ၅ နာရီက စမ်းချောင်းမြို့နယ် အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက် အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ Ms. Thanyaporn Krichtitayawuth တို့က အမှာစကားပြောကြားကာ သင်တန်းသူ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာပြုံးပြုံးအောင်က သင်တန်းအတွေ့အကြုံများ ပြောကြားသည်။

ထို့နောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒေသဆိုင်ရာ တာဝန်ခံ Ms. Grace Tam တို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ မြန်မာကင်းထောက်အဖွဲ့ နှစ် ၁၀၀ ပြည့် အခမ်းအနားအတွက် အလှူငွေကျပ်တစ်သိန်းစီနှင့် ကင်းထောက်ကြိုးချည်နည်း ပုံစံသင်္ကေတကားချပ်ကို ကင်းထောက်ကြီး ဦးဉာဏ်ထွန်းဦးနှင့်ဇနီး ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ ကင်းထောက်ကြီး ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာ ဒေါ်မြင့်ဌေး (မြတ်လေးရုံ)မိသားစုတို့က မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်နှင့် ကင်းထောက် အမျိုးသမီးအကြံပေး ဒေါက်တာ တင်ညိုအား ပေးအပ်သည်။

သင်တန်းကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး အာရှပစိဖိတ် ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့မှ တာဝန်ရှိသူများက အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ၊ ကင်းထောက် အမျိုးသမီးကောင်စီနှင့် အမှုဆောင်အဖွဲ့၏ အခန်းကဏ္ဍ၊ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ဝင်နိုင်ငံများမှ အခြေခံစီမံခန့်ခွဲမှု နှင့် နှစ်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ အနာဂတ်ရည်မှန်းချက်လုပ်ငန်းစဉ်များ၊ အထွေထွေညီလာခံ ကျင်းပနိုင်ရေးလုပ်ငန်းဆိုင်ရာများကို သင်တန်းပို့ချခဲ့ရာ အခြေခံပညာဦးစီးဌာနမှ ဆရာမ ၂၅ ဦး၊ တက္ကသိုလ်များမှ ဆရာမ ခြောက်ဦး၊ ပြင်ပ လူမှုအဖွဲ့အစည်းမှ အမျိုးသမီး ငါးဦးတို့ တက်ရောက်ခဲ့ကြသည်။

**ကိုလတ် (သတင်းစဉ်)**




ကင်းထောက်အမျိုးသမီး ခေါင်းဆောင်များအတွက် အုပ်ချုပ်မှုဆိုင်ရာ သင်တန်းဆင်းပွဲတွင် အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့မှ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်ချီးမြှင့်စဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  အောက်တိုဘာ  ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ **(မိုး/ဇလ)**

# ကလေးစာပေပွဲတော်ကျင်းပခြင်းဖြင့် ကလေးများ စာပေဗဟုသုတ၊ အသိဉာဏ်နှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာမည်

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

ကလေးစာပေပွဲတော် ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကျင်းပခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများအား မြန်မာ့အလင်းသတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာသန့်သော်ကောင်း**

ကလေးစာပေပွဲလုပ်မယ်ဆိုတော့ စာအုပ်တွေပြဖို့ တာဝန်ယူထားတယ်။ ကလေးစာပေပွဲမှာ ကလေးတွေအပြင် လူကြီးတွေပါစေချင်တယ်။ ပညာရေးဝန်ကြီးဌာနတို့၊ အခြားဌာနဆိုင်ရာတွေအပြင် ကလေးစာကြည့်တိုက်လုပ်နိုင်မယ့် အဖွဲ့တွေ ပါစေချင်တယ်။ ရည်ရွယ်ချက်က ကလေးစာကြည့်တိုက် ပြန့်ပွားဖို့ပါ၊ ကလေးစာကြည့်တိုက်အပြင် ကျောင်းစာကြည့်တိုက်တွေလည်းပါတယ်။ ကလေးစာကြည့်တိုက်လည်းပါတယ်။ အဲဒီမှာ ဆွေးနွေးပွဲတစ်ခုပါ တွဲလုပ်ဖို့ တင်ပြခဲ့ပါတယ်။ ကလေးစာကြည့်တိုက်နမူနာပုံစံ ဘယ်လိုလုပ်မလဲ၊ ပွဲမှာ ကလေးစာကြည့်တိုက်လေး ဘယ်လိုလုပ်မလဲ၊ ကလေးစာကြည့်တိုက်ပုံစံကို အသေးစိတ်ဆွေးနွေးသွားဦးမှာပါ၊ အဓိက ရည်ရွယ်ချက်က ဒါပါပဲ။

**ကာတွန်းမောင်မောင်အောင်**

အဓိကရည်ရွယ်ချက်က ကလေးတွေစာဖတ်ရှိန်မြှင့်ဖို့လိုပါတယ်။ ကလေးတွေစာဖတ်ဖို့ ဝန်းကျင်တည်ဆောက်ပေးရမှာပါ၊ ကလေးတွေစာဖတ်ဖို့ အဘက်ဘက်က နှိုးဆော်တဲ့သဘောပါ၊ ဒီပွဲမတိုင်ခင်မှာလည်း နိုဘယ်ကလေးစာပေပွဲဆိုတာလည်း ရန်ကုန်မှာ လုပ်ခဲ့ဖူးပါတယ်။ ကာတွန်းပိုင်းဆိုင်ရာ ပြသခဲ့ဖူးပါတယ်။ အခု နေပြည်တော်မှာလုပ်မယ့် ကလေးစာပေပွဲတော်က ဒီ့ထက်ကျယ်ပြန့်လာဖို့အတွက် အစပြုတယ်လို့ ပြောရမှာပါ၊ အဓိကက ကလေးတွေစာမဖတ်ကြတာ၊ ကလေးတွေ ဘယ်လိုနည်းနဲ့ စာဖတ်အောင် သိမ်းသွင်းမလဲ၊ အဲဒီရည်ရွယ်ချက်တွေနဲ့ လုပ်တာပါ၊ နိုဘယ်စာအုပ်ပွဲတော်ကလည်း ကလေးတွေ စာအုပ်ထဲမှာ ပျော်ဖို့အတွက် ကလေးစာအုပ်တွေပြတယ်။ နောက်ပုံပြင်တို့၊ ဆေးရောင်ခြယ်တာတို့ စသဖြင့် အဲဒီလိုမျိုးတွေနဲ့ စိတ်ဝင်စားမှုရှိအောင် လုပ်ခဲ့ကြတာပါ၊ ကလေးတွေက ကလေးအလျောက် အသိတရားရဖို့အတွက် စာဖတ်ကို ဖတ်ရမှာပါ၊ လူကြီးတွေက စာဖတ်ပြီး ကြီးပြင်းကြတာ၊ စာမဖတ်ရင် သူတို့အတွက် စဉ်းစားတွေးခေါ်စရာ နယ်ပယ်ကျဉ်းမြောင်းသွားမယ်၊ အဲဒီအတွက် ကလေးတွေ ထူးချွန်ဖို့၊ ထက်မြက်ဖို့ဆိုရင် ကလေးတွေ စာဖတ်မှ ဖြစ်မယ်၊ အဲဒီအတွက် နိုင်ငံတကာမှာလည်း အထူးတလည် လုပ်ကြတာပါ၊


ဒေါက်တာသန့်သော်ကောင်း

မြန်မာပြည်မှာလည်း ကလေးတွေ စာမဖတ်တဲ့ကိစ္စမှာ အကျိုးသက်ရောက်မှုတွေ အများကြီးရှိပါတယ်။

**ဦးမောင်မောင်စိုး**

ကျွန်တော့်အဖွဲ့က ကလေး စာဖတ်ခန်းလုပ်မယ်၊ အဲဒီအထဲမှာ ပုံပြောမယ်၊ ဂိမ်းကစားတာတွေရှိတယ်။နည်းပညာ မိတ်ဆက်တာတွေရှိတယ်။ ဖွင့်ပွဲအတွက် ပြဇာတ်ကမယ်၊ ပုံပြောမယ်၊ အော်ပရာ


ဦးမောင်ဇော်

လုပ်မယ်၊ ပြဇာတ်ကလည်း သုခုမ ခရီးသည်အဖွဲ့က ကလေးတစ်ယောက်က စာကြည့်တိုက်ကို အသုံးပြုလိုက်တဲ့အခါမှာ မိဘက ကျောင်းပညာရေးအတွက် အထိအခိုက်ဖြစ်တယ်ပြောတဲ့အခါ အဲဒီအတွက် ကလေးတွေကို စာဖတ်သင့်တယ်ဆိုတာ အပြန်အလှန်ပြောစကားလေးတွေ ဆွဲဆောင်တဲ့ဟာတွေကို ကပြမယ်၊ ပုံပြောတဲ့အဖွဲ့က ကုဋေရှစ်ဆယ်သူဌေးသား ပညာမတတ်တဲ့အတွက် ဘယ်လိုဒုက္ခရောက်တယ်ဆိုတာပြမယ်၊ နောက်တစ်ဖွဲ့က စာဖတ်တဲ့ကလေးနဲ့ စာမဖတ်တဲ့ကလေး ကွာခြားပုံကို တင်ဆက်ပြသမယ်၊ အဲဒါတွေကို ဖွင့်ပွဲမှာ ပြမယ်၊ ကလေးစာဖတ်ခန်းအစီအစဉ်တွေ ပြုလုပ်သွားမှာပါ၊ ဒီလိုပွဲမျိုးတွေက အခါအားလျော်စွာ လုပ်ဖို့လိုသလို မိဘတွေကိုယ်တိုင်က ကလေးတွေ စာဖတ်လာအောင်၊ ပြင်ပဗဟုသုတတွေလေ့လာဖို့ ဆရာမတွေကိုယ်တိုင်က ကျောင်းစာကြည့်တိုက် တည်ထောင်ပေးဖို့ အကြံပေးလိုပါတယ်။

**ဦးမြင့်ထွန်း(မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး)**

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ အမျိုးသားဇာတ်ရုံမှာ နိုဘယ်မြန်မာ


ကာတွန်းမောင်မောင်အောင်

စာပေပွဲတော်မှာ ကလေးစာပေနဲ့ ပတ်သက်ပြီးတော့ လုပ်ခဲ့တဲ့ပွဲကြီး တစ်ပွဲ ရှိပါတယ်။ နိုဘယ်မြန်မာပွဲတော် ပြီးနောက်ပိုင်းမှာ ကလေးစာပေထုတ်ဝေရေးနဲ့ပတ်သက်ပြီး တော်တော်များများ ထုတ်ဝေသူတွေက ကလေးစာပေတွေကို အင်တိုက်အားတိုက် ထုတ်လာတာကို တွေ့ရပါတယ်။ အခု လက်ရှိ ကလေးစာပေက တော်တော်လေး ဖွံ့ဖြိုးလာတဲ့


ဒေါ်ကြင်ကြင်သန်း

အနေအထားရှိပါတယ်။ သက်ဆိုင်ရာ NGO တွေကလည်း ကလေးစာပေတွေကို ဦးစားပေးပြီး ထုတ်ဝေလာပါတယ်။ ဒါကြောင့် ကလေးစာပေက တိုးတက်လာတဲ့အနေအထားရှိပါတယ်။ ဒါပေမယ့် တစ်ခု ချိတ်ဆက်ဖို့နည်းတာက ထုတ်ဝေချင်တဲ့ကလေးစာပေတွေ အားလုံးကို စာကြည့်တိုက်တွေက ဝယ်ယူဖို့၊ ကျောင်းတွေက ဝယ်ယူဖို့၊ ကလေးတွေကိုယ်တိုင် ဖတ်ရှုဖို့အတွက် မိဘတွေက ဝယ်ယူဖို့၊ အဲဒီချိတ်ဆက်မှုလိုပါတယ်။ ဒီလိုပွဲမျိုး လုပ်ပေးတာ ချိတ်ဆက်မှုတစ်ခုဖြစ်လာမယ်လို့ ထင်ပါတယ်။

လက်ရှိအနေအထားမှာ ကလေးစာပေနဲ့ပတ်သက်ပြီး အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်ထဲမှာ ပါပါတယ်။ အသက် ၁၂ နှစ်အောက် ဖတ်ရှုဖို့အတွက် ထုတ်ဝေတဲ့စာအုပ်တွေ အားလုံးကို ကလေးစာပေလို့ သတ်မှတ်ပါတယ်။ နိုင်ငံတကာမှာတော့ ခြောက်လမှ တစ်နှစ် အထိ ကလေးစာမဖတ်တာတောင် အရောင်တွေ၊ အရုပ်တွေကိုစိတ်ဝင်စားပြီး ဒီစာအုပ်တွေကို နီးစပ်လာအောင် ဖန်တီးပေးတဲ့စာပေတွေ အများကြီးရှိပါတယ်။ အသက်အရွယ် အပိုင်းအခြားအလိုက်


ဦးမောင်မောင်စိုး

မူကြို၊ မူလတန်းအဆင့် ကလေးစာပေတွေကိုသတ်မှတ်ပြီး သီးသန့်ထွက်တာတွေရှိပါတယ်။ ဒီနိုင်ငံမှာက ၁၂ နှစ်အောက်ကို အဓိကထားပြီး ထုတ်ပါတယ်။ ကလေးစာပေနဲ့ပတ်သက်ပြီး အမျိုးအစားတွေ အများကြီးရှိပါတယ်။ ထုတ်ဝေသူကိုယ်တိုင်က အဆင်ပြေတာ ထုတ်ကြပါတယ်။ ကလေးစာပေက အားလုံး ပြည့်စုံတဲ့အနေအထားဖြစ်ပါတယ်။


ဦးရဲထက်ဦး

**ဦးအေးကြွယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)**

ကလေးစာပေပွဲတော်ဆိုတဲ့အတိုင်း ကလေးတွေရဲ့ အသိဉာဏ်ပညာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စာပေလေ့လာဖတ်ရှုလိုတဲ့ အလေ့အထတွေ ပိုမိုရှင်သန်ဖို့ဆိုပြီး သက်ဆိုင်ရာပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ ကာတွန်းပညာရှင်တွေနဲ့ ပူးပေါင်းပြီး နေပြည်တော်မှာ ပထမဆုံးအကြိမ် ကျင်းပဖို့ စီစဉ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့စိတ်ကူးစိတ်သန်းနဲ့ စီစဉ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ နေပြည်တော် ဒက္ခိဏသီရိခရိုင်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းက ကျောင်းသား ကျောင်းသူ ၁၁၀၀ ကျော်အတွက် စာကြည့်တိုက်တွေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီး စာပေလေ့လာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးမောင်ဇော်(စာကြည့်တိုက်ကွန်ရက်)**


ဦးမြင့်ထွန်း

ကလေးစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ပုံပြောပြိုင်ပွဲမှာ အဓိကတာဝန်ယူထားပါတယ်။ ရည်ရွယ်ချက်ကတော့ ကလေးတွေပုံပြင်နားထောင်တဲ့ အလေ့အထပိုကြီးမားလာအောင်၊ မိဘတွေအနေနဲ့ ကလေးတွေကို ပုံပြင်ပြောပြတဲ့အလေ့အကျင့်တွေ တိုးပွားလာအောင် ရည်ရွယ်ပြီး ပုံပြင်ပြိုင်ပွဲကို ကျင်းပတာပါ၊ ကလေးတွေကို ပုံပြောပြတာမျိုး၊ ကလေးတွေနဲ့ပန်းချီဆွဲတာမျိုး၊ မြန်မာ့ရိုးရာ


ဦးဝဏ္ဏ

ကစားနည်းတွေ ကစားဖို့လည်း စီစဉ်ထားပါတယ်။ ဒီပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေ အားလုံးစနစ်တကျနဲ့ ပူးပေါင်းစီစဉ်ထားတာဖြစ်ပါတယ်။ နေပြည်တော်က ကလေးတွေနဲ့ကလေးမိဘတွေလည်း ဒီပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ရောက်ပြီး ပူးပေါင်းပါဝင်စေချင်ပါတယ်။ ကလေးစာပေကလည်း ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်ကြင်ကြင်သန်း(သာယာဝတီခရိုင် ခရိုင်ဦးစီးအရာရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန )**

ကလေးစာပေပွဲတော်မှာ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association- SVA) နဲ့ ပြန်/ဆက် ပူးပေါင်းပြီး စက္ကူအရုပ်ခေါက်တဲ့ပြိုင်ပွဲကို ဆောင်ရွက်ပါမယ်၊ အရုပ်ခေါက်တဲ့နေရာမှာ မူလတန်းအဆင့်နဲ့အလယ်တန်းအဆင့်ဆိုပြီး နှစ်ဆင့်ခွဲ ပြိုင်ရမှာပါ၊ မူလတန်းအဆင့်ကိုတော့ အလွတ်သဘောစိတ်ကြိုက် အရုပ်ခေါက်ခိုင်းပါမယ်၊ အလယ်တန်းအဆင့်ကိုတော့ အရုပ်ငါးမျိုး သတ်မှတ်ပေးမယ်၊ ကလေး


ဦးအေးကြွယ်

စာဖတ်ခန်းမှာ ကလေးစာအုပ်တွေကို ပြသသွားမှာပါ၊ စာဖတ်နိုင်တဲ့ကလေးတွေရော စာမဖတ်နိုင်တဲ့ ကလေးတွေပါ ပုံပြင်စာအုပ်တွေမှာပါတဲ့ ဇာတ်ကောင်လေးတွေကို အရုပ်လေးတွေခေါက်ပြီး ရုပ်ပုံပြဇာတ်ကလေးတွေ၊ စက္ကူပြဇာတ်ကလေးတွေပြသပြီး စာအုပ်၊ စာပေတွေကိုလည်း စိတ်ဝင်စားလာအောင် ကလေးစာဖတ်ခန်းကို လာချင်လာအောင် ဆောင်ရွက်သွားပါမယ်။

**ဦးရဲထက်ဦး(သရုပ်ပါစာကြည့်တိုက်တည်ထောင်သူ စာကြည့်တိုက်မှူး)**

စာကြည့်တိုက်လောကမှာ လူငယ်၊ ကလေးတွေစာဖတ်ဖို့ အရေးကြီးပါတယ်။ ကလေးတွေ စာဖတ်လာအောင်၊ ကလေးမိဘတွေ အားလပ်ရက်တွေမှာ မိမိကလေးတွေ စာကြည့်တိုက်မှာ စာဖတ်တဲ့ အလေ့အထဖြစ်လာအောင် တွန်းအားပေးတိုက်တွန်းလှုံ့ဆော်ဖို့ အခန်းကဏ္ဍကပါဝင်သွားပါမယ်၊ စာပေဖတ်ရှုတဲ့ အလေ့အထကို မိဘများမှတစ်ဆင့် ကလေးတွေဆီရောက်အောင် ဆောင်ရွက်သွားဖို့ပါ၊ ကျွန်တော်တို့ဆီမှာ မိဘတွေက စာကြည့်တိုက်တွေကို ကလေးတွေခေါ်သွားတဲ့ အလေ့အထအားနည်းပါတယ်။ အဲဒါကြောင့် ကလေးတွေကို စာပေဖတ်ရှုတဲ့ အလေ့အထရှိအောင် မိဘတွေ စာကြည့်တိုက်ကို ကလေးတွေကို ခေါ်သွားပြီး စာပေ ဖတ်ရှုတဲ့အလေ့အထရအောင် လုပ်ပေးစေချင်ပါတယ်။

**ဦးဝဏ္ဏ**(Hepta Mix Creative Marketing Services)

ဒီပွဲတော်ဖြစ်မြောက်ရေးမှာ လိုအပ်တာတွေ ပူးပေါင်းပါဝင်ပေးဖို့ပါ၊ ကလေးတွေကိုလုပ်ပေးတဲ့ ပွဲတော်ဖြစ်တဲ့အတွက် ဝါသနာလည်းပါတယ်။ လုပ်လည်း လုပ်ပေးချင်တယ်။ ဒီပွဲတော်ရဲ့ ကုန်ကျစရိတ်တွေအတွက် အလှူရှင်တွေ ရှာပေးမယ်။ နေပြည်တော်အခြေခံပညာကျောင်းတွေက ကလေးတွေကို ရန်ကုန်က ကလေးတွေနည်းတူ တန်းတူအခွင့်အရေး ရစေချင်ပါတယ်။ ပျော်လည်းပျော်စေချင်ပါတယ်။ ဒါ့ကြောင့် ဒီပွဲတော် ကျင်းပပေးတဲ့အတွက် ကျေနပ်ပါတယ်။

## မန္တလေး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရဲချုပ်ဇော်ဝင်းပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရမည်းသင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၂**

ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁ ရက် နံနက် ၉နာရီက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်းပေးပို့သည့် သဝဏ်လွှာကို ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ရွှေဝင်းက ဖတ်ကြားသည်။ ထို့နောက် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများတွင် တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်တို့မှ ရဲလုပ်ငန်းကူညီဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သစ်တောစက်မှုလုပ်ငန်းနှင့် ပတ်သက်၍ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကျင်းပသည့် ၂၀၁၆ ခုနှစ် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သစ်တော စက်မှုလုပ်ငန်းနှင့်ပတ်သက်၍ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ကျင်းပခဲ့ပြီး ပေကျင်းမြို့ရှိ နိုင်ငံတကာ ဝါးနှင့်ကြိမ်ဗဟိုဌာန (International Centre for Bamboo and Rattan- ICBR) တွင် ကျင်းပသည်။ အဆိုပါဆွေးနွေးပွဲသို့ ဖွံ့ဖြိုးဆဲနိုင်ငံရှစ်နိုင်ငံ (မြန်မာ၊ ဗာနူရာတူ၊ ရဝမ်ဒါ၊ အီသီယိုးပီးယား၊ တောင်အာဖရိက၊ မာလာဝီ၊မလေးရှား၊ ကင်ညာ) မှ ဝန်ကြီးသုံးဦးအပါအဝင် ပညာရှင်ပေါင်း ၂၈ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ရှိ နိုင်ငံတကာ ကြိမ်နှင့် ဝါးဗဟိုဌာန (International Centre for Bamboo and Rattan- ICBR) တွင် ကျင်းပခဲ့ပြီး (State Forestry Administration of China - SFA) မှ ဝန်ကြီး Mr. Zhang Jianlong နှင့် Chinese Academy of Forestry မှ ဥက္ကဋ္ဌ Mr. Zhang Shougong တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲ ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် သစ်တောစီမံအုပ်ချုပ်မှုများ၊ သစ်တော စက်မှုကဏ္ဍ၊ သစ်သယံဇာတနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏နိုင်ငံတော်မဟာဗျူဟာ၊ သဘာဝကာကွယ်တောများနှင့် သားရဲတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းထားမှု၊ စိုက်ခင်းသစ်တောများအား သစ်အပြင် အခြားဘက်စုံအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲခဲ့မှု၊ ဝါးအခြေခံ စက်မှုနည်းပညာနှင့် အသုံးချမှုများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲများအပြင် လေ့လာရေးခရီးစဉ်အဖြစ် ကွမ်ကျိုးမြို့ရှိ တရုတ်နိုင်ငံအမျိုးသားဝါးသုတေသန ဗဟိုဌာနရှိ သုတေသနဓာတ်ခွဲခန်းအား လည်းကောင်း၊ West Lake ရေကန်အား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအား လည်းကောင်း၊ Zhejiang Yoyu Bamboo Industry Co., Ltd. သို့ သွားရောက်၍ ဝါးနှင့် ကြိမ်ခင်း၊ ပရိဘောဂနှင့် အခြားအလှဆင်ပစ္စည်းများ ထုတ်လုပ်နေမှုအား လည်းကောင်း၊ Deqing Dehua Wood Industry Co., Ltd. သို့ သွားရောက်၍ သစ်အခြေခံအထပ်သားများ ထုတ်လုပ်နေမှုအားလည်းကောင်း၊ Eco-sites အဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းပါတွဲဖက်လျက် ဝါးစိုက်ခင်းတည်ထောင်ထားမှုအားလည်းကောင်း၊ Anji Bamboo ExpoPark သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း ပေါက်ရောက်လျက်ရှိသည့် ဝါးမျိုးများနှင့် ဝါးအခြေခံလက်မှုအနုပညာလက်ရာများ ပြသထားမှုအားလည်းကောင်း၊ နန်နင်းမြို့ရှိ နန်နင်းသစ်တောတက္ကသိုလ်ပြခန်းနှင့် ကျောင်းဝင်းအတွင်းအား လည်းကောင်း လှည့်လည်လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**




# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ စစ်ဘေးရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည်များလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက နမ္မတူမြို့ ရွှေမြင်သာကျောင်းတိုက်နှင့် လီဆူဘုရားကျောင်းတို့တွင် ရောက်ရှိခိုလှုံနေသော ရှမ်းနှင့် ပလောင်တိုင်းရင်းသား စစ်ဘေးရှောင်ပြည်သူ ၄၉၃ ဦး၊ ဒေသခံကျောင်းဆရာ ဆရာမများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသောဝန်ထမ်းများ၊ ရွှေမြင်သာကျောင်းတိုက်မှ ဆရာတော်နှင့် သံဃာများ၊ ကိုရင်များနှင့် လီဆူဘုရားကျောင်းမှ စုစုပေါင်း ၁၁၀ တို့အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်နှင့် လားရှိုးမြို့ဘဏ်ခွဲအသီးသီးမှ ဘဏ်ခွဲတာဝန်ခံများ ဖြစ်ကြသော ဒေါ်နန်းခမ်းအောင်လင်း၊ ဒေါ်နန်းမိုဟွမ်၊ ဒေါ်နန်းမီမီဦးတို့က ကိုယ်တိုင်ကိုယ်ကျသွားရောက် လှူဒါန်းကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့ ရွှေမြင်သာကျောင်းတိုက်၌ ခိုလှုံနေကြသော စစ်ဘေးရှောင် ရှမ်း၊ ပလောင်ပြည်သူများနှင့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အနွေးထည် ၂၅၀ ကျော်ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူများ လက်ဝယ်သို့လည်းကောင်း၊ ရွှေမြင်သာကျောင်းတိုက်ဆရာတော် ဦးအာစိန္ဒ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ)ထံ ကျောင်းတိုက်ရှိ သံဃာများနှင့် ကိုရင်များအတွက် အနွေးထည် ၁၀၀ ကျော်ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လီဆူဘုရားကျောင်းတွင် ခိုလှုံနေကြသော စစ်ဘေးရှောင် ရှမ်း၊ ပလောင်၊ လီဆူ၊ ဂေါ်ရခါး တိုင်းရင်းသားများအတွက် အနွေးထည် ၂၅၀ ကျော်ကိုလည်းကောင်း သွားရောက်ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စစ်ဘေးရှောင်စခန်းများသို့ အလှူရှင်များ အရောက်အပေါက်နည်းပါးသည့်အတွက် စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် အဘက်ဘက်မှ အကူအညီများလိုအပ်လျက်ရှိသည်ဟု သိရသည်။

"စစ်ဘေးရှောင်ပြည်သူတွေအတွက် ရှာတည်ပေးဖို့ကြိုးစားနေပါတယ်။ အဓိကကတော့ သူတို့ရဲ့ စားဝတ်နေရေးအတွက် အလုပ်အကိုင်ဖြစ်ပါတယ်။ ဒီမှာ နောက်ထပ် တစ်နှစ်လောက်အထိ ထားရမယ့် အခြေအနေ ဖြစ်နေပါတယ်။ အိမ်ထောင်စု ၁၂၅ စုလောက် ရှိပါတယ်။ အဓိကအများစုကတော့ လီဆူနဲ့ ရှမ်းပါ၊ ပလောင်လူမျိုးလည်း ရှိပါတယ်။ သူတို့က လည်း အလုပ်အကိုင်ပေးရင် လုပ်ချင်တဲ့ ဆန္ဒရှိနေကြပါတယ်။ အနီးကပ်စောင့်ရှောက်နေတာကတော့ မြို့နယ်မှာရှိတဲ့ အဖွဲ့အစည်းအစုံပါပဲ။ ထောက်ပံ့ရေးကော်မတီမှာဆိုရင် အစိုးရဌာနတာဝန်ရှိသူတွေ၊ ရပ်မိရပ်ဖတွေ ပါဝင်ကြပါတယ်။ အခုဆိုရင် ရေမီး၊ ကျန်းမာရေး၊ ပညာရေး ကအစ အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တာကတော့ ငွေရေးကြေးရေးနဲ့ ထောက်ပံ့ပစ္စည်းတွေပါပဲ။ ကိုယ့်ရဲ့ အသိမိတ်ဆွေတွေဆီမှာ အလှူခံပြီး စောင့်ရှောက်ပေးနေရပါတယ်"ဟု ဦးစိုင်းဘညာဏ်က ပြောသည်။

ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်စခန်းများဖြစ်သော နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ္မတူမြို့နယ်နှင့် မူဆယ်မြို့နယ်များရှိ စစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် စုစုပေါင်း ၇၆၅၂ ထည်ကို အောက်တိုဘာ ၁ ရက်ကလည်းကောင်း၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါ စစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀၀ တို့ကို စက်တင်ဘာ ၁၇ ရက်က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့်ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသား ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၆၅၀၀ ကို ဩဂုတ် ၂၈ ရက်ကလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကို ဩဂုတ် ၁၈ ရက်တွင် လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်းမှ လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများရှိ စစ်ဘေးရှောင် ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှမှာယူခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**




# မြန်မာနိုင်ငံသားများဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ (၂) ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ မန္တလေးဘဏ်ခွဲ (၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ အဆိုပါဘဏ်ရှေ့ဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မန္တလေးစက်မှုအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဘဏ်အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဝင်းတို့က မြန်မာနိုင်ငံသားများဘဏ် မန္တလေးဘဏ်ခွဲ (၂)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်း ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

# မန္တလေး ဟံသာဝတီသတင်းစာ (၄၇)နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

မန္တလေးမြို့၌ ဟံသာဝတီသတင်းစာ ထုတ်ဝေခဲ့သည့် (၄၇)နှစ်ပြည့် အထိမ်းအမှတ်နှင့် အယ်ဒီတာချုပ် ဦးဝင်းတင် အမှတ်တရဟောပြောပွဲ၊ ၄င်းရေးသားခဲ့သော စာအုပ်ပြပွဲ အမှတ်တရ ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၂၈/၆၃၂ ရှိ မန္တလေးအသင်း(ရန်ကုန်)၌ ကျင်းပခဲ့ရာ ဟံသာဝတီသတင်းစာဝန်ထမ်းဟောင်းများနှင့် ဦးဝင်းတင် စာဖတ်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စာရေးဆရာ မောင်မိုးသူက "သတင်းစာဆရာကြီး ဦးဝင်းတင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မန္တလေးမြို့ ဟံသာဝတီသတင်းစာဖွင့်လှစ်ခဲ့တာဟာ အခု အောက်တိုဘာ ၁ ရက်မှာ (၄၇)နှစ်ပြည့်ခဲ့ပါပြီ။ ဆရာဦးဝင်းတင် ကွယ်လွန်ခဲ့တာ နှစ်နှစ်ကျော်ခဲ့ပါပြီ။ ပြည်သူ့အရေးတော်ပုံ တပ်သားတော်လှန်ရေးသမားကြီးဖြစ်ခဲ့သူ ဦးဝင်းတင်အကြောင်း ဆွေးနွေးစရာတွေ အများကြီးရှိပါတယ်။ ဟံသာဝတီသတင်းစာဟာ ဦးဝင်းတင်ရဲ့ သမိုင်းထက် မျက်မှောက်နိုင်ငံရေးဖြစ်တည်မှုကို ထင်ဟပ်စေခဲ့ပါတယ်။ ဆရာ့ကို မန္တလေးရဲ့ ထောက်ခံမှု၊ ချစ်ခင်မှုက အလွန်ကြီးမားခဲ့ပါတယ်။ စာပေအသိုင်းအဝိုင်း၊ စာဖတ်သူပရိသတ်တွေသာမက ဦးဝင်းတင်ရဲ့ စွမ်းဆောင်သမျှဟာ စံနမူနာပြုဖြစ်ခဲ့ပါတယ်" ဟု ပြောကြားသည်။

တော်လှန်ရေးကောင်စီ လက်ထက် ၁၉၆၉ ခုနှစ်တွင် ဟံသာဝတီသတင်းစာကို မန္တလေးမြို့သို့ ပြောင်းရွှေ့ထုတ်ဝေခဲ့ရာ ဆရာဦးဝင်းတင်က အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့ပြီး အထက်မြန်မာပြည်နှင့် မန္တလေးမြို့သူ မြို့သားများ အထူးလေးစားတန်ဖိုးထားဖတ်ရှုသော သတင်းစာတစ်စောင်ဖြစ်ခဲ့ကြောင်း သိရသည်။

သတင်းစာဆရာကြီး ဦးဝင်းတင် (၁၉၃၀ -၂၀၁၄)သည် သတင်းစာနှင့် စာပေလောကတွင်သာမက နိုင်ငံရေးလောကတွင်လည်း သံမဏိဦးဝင်းတင်အဖြစ် ထင်ရှားခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်အထိ ဒီမိုကရေစီနိုင်ငံထူထောင်ရေး တက်ကြွစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# ပုဗ္ဗသီရိမြို့နယ်၌ စပါးမျိုးကွဲနုတ်ပယ်ခြင်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးကွဲနုတ်ပယ်ခြင်း (ဒုတိယအကြိမ်) ကွင်းဆင်းဆောင်ရွက်မှုကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီက သပြေကုန်းကျေးရွာစိုက်ကွက်အမှတ် ၁၆၄၃ ရှိ တောင်သူ ဦးဌေးအောင်၏ မျိုးသန့်ထုတ် (ဆင်းသုခ) စိုက်ခင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ တိုင်းမျိုးစေ့တာဝန်ခံ ဦးထွန်းမြတို့က မျိုးကွဲနုတ်ပယ်ခြင်းကို စိုက်ပျိုးရေးဝန်ထမ်းများ အနေဖြင့် ဆောင်ရွက်ရာတွင် အထူးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဖိုးတိုးနှင့် ကွင်းဝန်ထမ်းများ၊ စိုက်ပျိုးတောင်သူများ ပူးပေါင်းကာ ဆင်းသုခ စိုက်ခင်းအတွင်းကွင်းဆင်း၍ မျိုးကွဲပယ်ခြင်း လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

# ဝီလျံနှင့် ကိတ်တို့က ပျော်ရွှင်စရာအမှတ်တရများအတွက် ကနေဒါနိုင်ငံအား ကျေးဇူးတင်ဟုဆို



**လန်ဒန် အောက်တိုဘာ ၂**
ကိန်းဘရစ်ချ်မြို့စား ဝီလျံနှင့် မြို့စားကတော် ကိတ်တို့သည် ကနေဒါနိုင်ငံအတွင်းလည်ပတ်စဉ် ပျော်ရွှင်စရာအမှတ်တရများ ရရှိခဲ့သည့်အတွက် ကနေဒါနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောဆိုခဲ့သည်။ သူတို့၏ ကလေးငယ်နှစ်ယောက်ဖြစ်သည့် မင်းသား ဂျော့ရှ်နှင့် မင်းသမီးချာလော့တီတို့ကို ကနေဒါသို့ ခေါ်ဆောင်ခွင့်ရရှိခဲ့သည့်အတွက် ကံကောင်းသည်ဟု ခံစားရကြောင်း ကိန်းဘရစ်ချ်မြို့စား ဝီလျံက ပြောခဲ့သည်။

ယင်းခရီးစဉ်အတွင်း တော်ဝင်ကလေးငယ်နှစ်ဦးမှာ မီဒီယာများ၏ စိတ်ဝင်စားမှုကို အများဆုံးရရှိခဲ့သည်။ ယခုခရီးစဉ်မှာ မိသားစုဝင်လေးဦးစလုံး ပြည်ပသို့ တရားဝင်သွားရောက်သည့် ခရီးစဉ်လည်းဖြစ်သည်။ ဝီလျံနှင့် ကိတ်တို့နှစ်ဦးစလုံးက ၎င်းတို့မိသားစုကို ကနေဒါပြည်သူများက နွေးထွေးဖော်ရွေစွာ ကြိုဆိုဆက်ဆံခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုခဲ့သည်။ တော်ဝင်ကလေးငယ်နှစ်ဦးဖြစ်သည့် မင်းသားဂျော့ရှ်နှင့် မင်းသမီးချာလော့တီတို့သည် ကနေဒါတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များမှ ကလေးငယ်များနှင့် ဆော့ကစားခဲ့ကြသည်။

၎င်းတို့၏ ခရီးစဉ်အတွင်း ဝီလျံတို့ဇနီးမောင်နှံသည် ကနေဒါဒေါ်လာ ၁၀၀၀၀၀ ကို ဒုက္ခသည်များနှင့် လူမှုအဖွဲ့အစည်းများအတွက် ကနေဒါ အစိုးရမှ တစ်ဆင့် လှူဒါန်းခဲ့သည်။ ကနေဒါဝန်ကြီးချုပ်ကလည်း ယင်းအလှူငွေများကို အချိုးကျခွဲဝေလှူဒါန်းသွားမည်ဟု ပြောခဲ့သည်။
**(ဘီဘီစီ)**



## အီးယူ၏ဒုက္ခသည်များ ခွဲဝေလက်ခံရေးကို ဟန်ဂေရီ၌ လူထုဆန္ဒကောက်ခံမည်

**ဘူဒါပတ် အောက်တိုဘာ ၂**
အီးယူက ၎င်း၏အဖွဲ့ဝင်နိုင်ငံများအပေါ် သတ်မှတ်ထားသည့် ဒုက္ခသည်များ ခွဲဝေလက်ခံရေးနှင့်ပတ်သက်၍ ဟန်ဂေရီ၌ တနင်္ဂနွေက ဒုက္ခသည်များ ဝင်ရောက်လာမှုကို ဆန့်ကျင်ရေး လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ မဲပေးမှုများကို နံနက် ၆ နာရီ၌ စတင်ပြုလုပ်ခဲ့သည်။

အဆိုပါလူထုဆန္ဒခံယူပွဲ၏ အဓိကမေးခွန်းမှာ ပါလီမန်၏ခွင့်ပြုချက်မရဘဲ ဟန်ဂေရီနိုင်ငံသားမဟုတ်သူများကို အီးယူ၏ညွှန်ကြားချက်အရ ဟန်ဂေရီနိုင်ငံအတွင်းနေထိုင်ခွင့်ပြုရန် လက်ခံမည်လားဟုပင်ဖြစ်သည်။ အစိုးရ၏ ဝါဒဖြန့်မှုများနှင့် ကြော်ငြာမှုများအရ ဟန်ဂေရီပြည်သူများက ဒုက္ခသည်များ ဝင်ရောက်လာခြင်းကို လက်ခံမည်မဟုတ်ဟူသောမဲများက အသာစီးရလိမ့်မည်ဟု ခန့်မှန်းထားသည်။

ဟန်ဂေရီနိုင်ငံပြင်ပသို့ရောက်ရှိနေသော သို့မဟုတ် တခြားသောတိုင်းပြည်များတွင်နေထိုင်နေသော ဟန်ဂေရီနိုင်ငံသားများသည် သံရုံးများမှတစ်ဆင့် မဲပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းတို့၏မဲများကိုမူ ယခုသီတင်းပတ်နှောင်းပိုင်းတွင်မှ ရေတွက်နိုင်မည်ဖြစ်သည်။ အီးယူသည် ဂရိနှင့် အီတလီတို့မှ ဒုက္ခသည် ၁၆၀၀၀၀ ကို ရွှေ့ပြောင်းနေရာချထားဖွယ်ရှိသည်။ လွန်ခဲ့သော နှစ်က ဟန်ဂေရီနိုင်ငံအတွင်း ရွှေ့ပြောင်းအခြေချသူ ၄၀၀၀၀၀ နီးပါး ဖြတ်သန်းသွားခဲ့သည်။ ဟန်ဂေရီနိုင်ငံအတွင်းခိုလှုံသူများအဖြစ် လူပေါင်း ၁၇၄၀၀၀ က နေထိုင်ခွင့်လျှောက်ထားချိန်၌ကန့်ကွက်မှုများ မှာ ဝရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။
**(ဆင်ဟွာ)**

# ကိုလံဘီယာငြိမ်းချမ်းရေးစာချုပ်အရ ဖော့ခ်သူပုန်များက ထိခိုက်နစ်နာသူများအတွက် လျော်ကြေးပေးအပ်မည်

**ဘိုဂိုတာ အောက်တိုဘာ ၂**
ကိုလံဘီယာမှ ဖော့ခ်သူပုန်များသည် ၅၂ နှစ်ကြာ ပြည်တွင်းစစ်ပွဲအတွင်း ထိခိုက်နစ်နာသူများကို လျော်ကြေးများပေးအပ်မည်ဟု ကြေညာခဲ့သည်။

ထိုသို့ပြုလုပ်ရခြင်းမှာ အစိုးရနှင့် သူပုန် များကြား ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်မှုအပေါ် လူထုဆန္ဒခံယူပွဲအတွက် အထောက်အကူပြုနိုင်ရေးအတွက်ပင်ဖြစ်သည်။ ဖော့ခ်သူပုန်များမှ ၎င်းတို့ပိုင်ဆိုင်မှုများကို ကြေညာခြင်းပင်ဖြစ်သည်ဟုလည်း ပြောသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများထဲတွင် မြေယာများ၊ မိုင်းတွင်းများနှင့်သယ်ယူပို့ဆောင်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတို့ ပါဝင်သည်။



ကိုလံဘီယာ၏ ပြည်တွင်းစစ်ပွဲအတွင်း လူပေါင်း ၂၆၀၀၀၀ သေဆုံးခဲ့ရပြီး လူပေါင်းခြောက်သန်းကျော်မှာ နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ လွန်ခဲ့သော တနင်္လာနေ့က ပြုလုပ်သော ဖော့ခ်သူပုန်ခေါင်းဆောင် တင်မိုချင်ကိုနှင့် ကိုလံဘီယာအစိုးရတပ်တို့ လက်မှတ်ရေးထိုးခဲ့သည့်ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲတွင် သူပုန်ခေါင်းဆောင် တင်မိုချင်ကိုက စစ်ပွဲအတွင်း ထိခိုက်နစ်နာခံစားခဲ့ရသူများအတွက် တောင်းပန်စကားဆိုခဲ့သည်။

သို့သော်သူပုန်များက စစ်လျော်ကြေးငွေပေးဆောင်ရေးကိုမူ ထပ်တလဲလဲငြင်းဆိုခဲ့သည်။ ကိုလံဘီယာပြည်သူများက သမိုင်းဝင် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲကို ဥပဒေအဖြစ်ပြောင်းလဲခြင်းမပြုသေးမီ ယင်းအဆိုကလက်ခံခြင်းပြုမပြုကို လူထုဆန္ဒခံယူပွဲ ပြုလုပ်သွားမည်ဖြစ်သည်။ **(ဘီဘီစီ)**

## ဆီးရီးယား၌ လေကြောင်းမှတိုက်ခိုက်မှုများကြောင့် ကျောင်းမှကလေးငယ်များ ကြောက်လန့်နေရ

**ဒမတ်စကတ် အောက်တိုဘာ ၂**
အပြည်ပြည်ဆိုင်ရာ ကူညီမှုများအသင်းအဖွဲ့က ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ ရှိ ကလေးငယ်များမှာ အင်အားပြင်းထန်သည့်ဗုံးဒဏ်နှင့် ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ကြောက်လန့်နေရကြောင်း ပြောသည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များနှင့် အတိုက်ခံအုပ်စုများကြား အပစ်အခတ်ရပ်စဲရေးကို စက်တင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

သို့သော် အတိုက်အခံအုပ်စုတို့သိမ်းပိုက်ထားရာ နယ်မြေများကို အစိုးရတပ်များက လေကြောင်းမှ တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်လာခဲ့သဖြင့် ကလေးသူငယ်များကယ်ဆယ်ရေးအဖွဲ့မှ လုံခြုံရေးအတွက် မြေအောက်တွင် ပြုလုပ်ထားသော စာသင်ကျောင်းများမှ ကလေးသူငယ်များ၏ အသက်အန္တရာယ်မှာ စိုးရိမ်နေရကြောင်း ပြောခဲ့သည်။ အင်န်ဂျီအိုအဖွဲ့က ကျောင်းပေါင်း ၁၃ ကျောင်းကို ကူညီထောက်ပံ့မှုများပြုလုပ် လျက်ရှိပြီး ၎င်းတို့ထဲမှ ရှစ်ကျောင်းမှာ မြေအောက်တွင်တည်ဆောက်ထားခြင်း ဖြစ်သည်။
**(အင်န်အီတ်ချ်ကေ)**

# နိုင်ဂျီးရီးယား၌ ငတ်မွတ်ခေါင်းပါးခြင်းများ ဘိုကိုဟာရမ်အဖွဲ့ကြောင့်ဟု ကုလသမဂ္ဂသတိပေး

**ဂျီနီဗာ အောက်တိုဘာ ၂**

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်တို့ ထိန်းချုပ်ထားရာနယ်မြေမှ လူပေါင်း ၆၅၀၀၀ မှာ ငတ်မွတ်ခေါင်းပါးမှုများကြုံတွေ့နေရကြောင်း သတိပေးပြောဆိုခဲ့သည်။

ကုလသမဂ္ဂမှအရာရှိများသည် ဘိုကိုဟာရမ်တို့ထိန်းချုပ်ထားရာဒေသမှ လူများမှာ ငတ်မွတ်ခေါင်းပါးမှုဒဏ်ကြောင့် သေလုမြောပါးခံစားခဲ့ရကြောင်း ကုလအေဂျင်စီများကလည်း လုံခြုံရေးဆိုင်ရာအခက်အခဲများကြောင့် အစားအစာဖြန့်ဝေရာတွင် အခက်ကြုံနေကြသည်ဟုပြောသည်။ အခြေအနေများမှာ တဖြည်းဖြည်းဆိုးရွားလာခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအရေးကိစ္စဖြစ်လာခဲ့ကြောင်း ပြောခဲ့သည်။

ဘိုကိုဟာရမ် စစ်သွေးကြွများကြောင့် လူပေါင်း ၁၅၀၀၀ သေဆုံးသွားခဲ့ပြီး လူပေါင်းနှစ်သန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂကပြောသည်။

နိုင်ဂျီးရီးယားတပ်ဖွဲ့နှင့် အခြားသောတပ်ဖွဲ့ဝင်များသည် ဘိုကိုဟာရမ်တို့ သိမ်းပိုက်ထားရာနယ်မြေများကို ပြန်လည်သိမ်းယူနိုင်ရေး တိုက်ပွဲများဆင်နွှဲခဲ့သည်။

**(အင်န်အီတ်ချ်ကေ)**



# အချိန်ယူရဦးမည့် ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေ

ခြူးစန္ဒီနွေး

**ရုရှားတပ်ဖွဲ့ဝင်များက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်ကိုကူညီ၍ ဆီးရီးယားနိုင်ငံအတွင်း စစ်ဆင်ရေးများဆင်နွှဲခဲ့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ရလဒ်ကောင်းများလည်း ရရှိခဲ့သည်။ ရုရှားတပ်များ ဆီးရီးယားနိုင်ငံအတွင်းဝင်ရောက်၍ စစ်ဆင်ရေးများမပြုလုပ်မီက သမ္မတအာဆတ်၏အစိုးရတပ်များ အခြေအနေမှာ ဖရိုဖရဲနှင့်ပျက်သုဉ်းတော့မည့်အနေအထားဖြစ်နေခဲ့သည်။ ရုရှားတပ်များ ဝင်ရောက်လာခဲ့ချိန်၌မူ အခြေအနေအားလုံးမှာ တစ်မျိုးပြောင်းလဲသွားခဲ့သည်။**

အစိုးရတပ်များပြန်၍ အသာစီးရလာခဲ့သည်။ စုစည်းလာနိုင်ခဲ့သည်။ ဆီးရီးယားအစိုးရတပ်များသည် အလက်ပိုမြို့တစ်မြို့လုံးကို ပြန်လည်သိမ်းယူနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ အစောပိုင်းကာလများက ဆီးရီးယားနိုင်ငံအတွင်း အနောက်အုပ်စု၏ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများကို အမျိုးမျိုး သုံးသပ်ဝေဖန်ကြသည်။ ရုရှားနိုင်ငံ၏ ဆီးရီး ယား၌ စစ်ရေးအရ လှုပ်ရှားဆောင်ရွက်မှုများသည်အောင်မြင်မှုမရနိုင်ဟူသော အယူအဆကို ချေဖျက်နိုင်ခဲ့သည်။ ဂျိမ်းစ်တောင်းဖောင်ဒေးရှင်းမှ ဥရောပအာရှရေးရာ လေ့လာသူ ရော်ဂျာမက်ဒါမို့ဒ်က ရုရှားစစ်တပ်၏ လှုပ်ရှားဆောင်ရွက်မှုများကို ကာလရှည်ကြာ စောင့်ကြည့်လေ့လာသူလည်းဖြစ်သည်။ ၎င်းက အနောက်အုပ်စုမှ လေ့လာသုံးသပ်သူများသည် ဆီးရီးယားနိုင်ငံအတွင်း ရုရှားတို့၏ အောင်မြင်မှုများကို ယေဘုယျအားဖြင့် ချီးမွမ်းကြသည်။ သို့သော် ရုရှားနိုင်ငံမှ ဝေးကွာသည့် ဆီးရီးယားနိုင်ငံအတွင်းသို့ တပ်ဖွဲ့ဝင်များ ဖြည့်တင်းပေးနိုင်မှု၊ ရှုပ်ထွေးလှသည့် စစ်ဆင်ရေးများနှင့် အခြားသော ပြဿနာရပ်များ ဖြေရှင်းပေးနိုင်မှုများကို ရေရှည်၌ ဆက်လက်ထိန်းသိမ်းထားနိုင်မည်လားဆိုသည်ကိုမူ သံသယရှိကြသည်ဟု ၎င်းက သုံးသပ်ပြောပြသည်။ ဆီးရီးယားသည် ရုရှားနိုင်ငံအပေါ်တွင် မှီခိုအားထားနေရသည်မှာ ငြင်း၍မရပေ။ ဆီးရီးယားသမ္မတအာဆတ်၏ကံကြမ္မာမှာ ရုရှားတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှပစ်ကူပေးမှုအပေါ်တွင် မှီခိုနေသည်။ ရုရှားတပ်ဖွဲ့၏ လေကြောင်းမှ ထိုးစစ်ဆင်မှုများသည် ဆီးရီးယားအစိုးရတပ်များကို များစွာအထောက်အကူပြုလျက်ရှိသည်။ ရုရှားနှင့် ဆီးရီးယားတပ်ဖွဲ့ဝင်များ၏ ရည်မှန်းချက်များမှာလည်း တစ်ထပ်တည်းပင်ဖြစ်သည်။ ဆီးရီးယားအစိုးရတပ်၏ ထပ်ကာတလဲလဲပြောဆိုမှုမှာ ၎င်းတို့ဆုံးရှုံးသွားသည့် နယ်မြေများကိုပြန်လည်သိမ်းယူနိုင်ရေးကြိုးပမ်းနေခြင်းပင်ဖြစ်သည်ဟုပင်ဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်း ရုရှားတို့၏ ရည်မှန်းချက်မှာ အပစ်အခတ်ရပ်စဲရေးပင်ဖြစ်သည်။ သို့သော် ဆီးရီးယားအတိုက်အခံအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ ထင်သလောက် ခရီးမတွင်ဘဲ နှောင့်နှေးကြန့်ကြာနေခဲ့သည်။ ရုရှားတို့၏လေကြောင်းမှ ပစ်ကူပေးမှုများကြောင့် မြေပြင်တွင် စစ်ဆင်ရေးဆင်နွှဲရန် ပို၍ အားကောင်းလာခဲ့သည်။ ထို့ကြောင့် လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ရာတွင်လည်း ပျက်စီးဆုံးရှုံးမှုနည်းအောင် ကြိုးပမ်းကြသည်။ ဆီးရီးယားစစ်မြေပြင်သည် ရုရှားဗိုလ်ချုပ်တို့အတွက် ၎င်းတို့၏ တပ်ဖွဲ့ဝင်များ လက်တွေ့စစ်မြေပြင်၌ စမ်းသပ်နိုင်ရန် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။ ထို့ပြင် ရုရှားတို့၏ နောက်ဆုံးပေါ် စစ်လက်နက်များကို ကမ္ဘာကမြင်အောင် ပြသနိုင်သည့် အခွင့်အရေးတစ်ရပ်လည်း ဖြစ်သည်။ "ရုရှားတို့သည် ခေတ်မီနည်းဗျူဟာများ၊ စမ်းသပ်မှုများနှင့် ဆက်သွယ်မှုကွန်ရက်တို့ကို ဆီးရီးယားစစ်မြေပြင်၌ စမ်းသပ်ရန်အခွင့်ကောင်းရသွားခြင်းပင်ဖြစ်သည်" ဟု မက်ဒါမို့ဒ်က ဝေဖန်ပြောကြားသည်။

ရုရှားလေတပ်သည် ၎င်းတို့၏ခေတ်အမီဆုံး တိုက်လေယာဉ်များကို ဆီးရီးယား၌ တပ်ဖြန့်ချထားခဲ့သည်။ "ရုရှားအထူးတပ်ဖွဲ့ဝင်များနှင့် လေကြောင်းတပ်ဖွဲ့များသည် မြေပြင်မှတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းမှုများ ပြုလုပ်ခဲ့သည်။ ဆီးရီးယားပဋိပက္ခအတွင်း ရုရှားတို့၏ သံတမန်ရေးရာအရ ဝင်ရောက်ဆောင်ရွက်မှုများမှာ အောင်မြင်မှုရရှိနေသည်။

သံတမန်ရေးရာအရ အစ္စရေး၊ အီရန်၊ တူရကီတို့နှင့် ဆက်ဆံရေးကို ပြန်လည်ပုံဖော်နိုင်ခဲ့သည်။ အမှန်စင်စစ် အစ္စရေးနှင့် ရုရှားတို့၏ ဆက်ဆံရေးမှာ တိုးတက်မှုများရှိပြီးဖြစ်သည်။ ဥပမာ-အစ္စရေးတို့၏ ဟစ်ဘိုလာအဖွဲ့ကို လေကြောင်းမှ ပစ်ခတ်မှုများသည် ရုရှားတို့ထိန်းချုပ်ထားရာ ဆီးရီးယားလေပိုင်နက်ကို အနှောင့်အယှက်မဖြစ်စေပါ။ အလားတူပင် ရုရှားနှင့် အီရန်တို့၏ ဆက်ဆံရေးမှာလည်း အလားအလာကောင်းများရှိနေသည်။ မော်စကိုနှင့် တူရကီတို့ကြား အခြေအနေတင်းမာမှုများ အစောပိုင်းကရှိခဲ့သော်လည်း ယခုအခါ၌မူ ပြေလည်မှုရရှိပြီးဖြစ်သည်။

သို့သော် အမေရိကန်-ရုရှားဆက်ဆံရေးမှာမူ ဆီးရီးယားပဋိပက္ခအတွင်း ဝင်ရောက်စွက်ဖက်မှုကြောင့် အခြေအနေတင်းမာဆဲဖြစ်သည်။

ဆီးရီးယားပဋိပက္ခအတွင်း ရုရှား၏ စစ်ရေးအရ ပါဝင်မှုများကြောင့် ဆီးရီးယားသမ္မတအာဆတ်ကို နိုင်ငံရေးဇာတ်ခုံပေါ်မှ ဖယ်ရှား၍မရသေးဆိုသည့်အချက်ကို ခိုင်မာစေသည်။ ယင်းအချက်ကြောင့် အမေရိကန်တို့သည် ၎င်းတို့၏နည်းဗျူဟာများကို ပြန်လည်သုံးသပ်လာခဲ့သည်။

ဆီးရီးယားမြေပေါ်၌ ရုရှားတို့၏ ဆုံးရှုံးမှုများကို ခန့်မှန်းရန် မလွယ်ကူပေ။ ရဟတ်ယာဉ်များ ပစ်ချခံခဲ့ရသည်။ ရုရှားအထူးတပ်ဖွဲ့ဝင်အများအပြားတိုက်ပွဲအတွင်း အသတ်ခံခဲ့ရသည်။ သို့သော် ပျက်စီးဆုံးရှုံးမှု အရေအတွက် ဖော်ပြမှုကိုကန့်သတ်ထားသည်။ တိုက်ပွဲအတွင်း သေဆုံးမှုအရေအတွက်ကို ဖော်ပြသည့်သတင်းများကိုလည်း ကန့်သတ်ထားသည်။ သို့သော် ဆီးရီးယားစစ်ပွဲများအတွင်း ပါဝင်ခဲ့ခြင်းဖြင့် အောင်မြင်မှုများရရှိခဲ့သည်ဟူသော အချက်ကိုမူ မငြင်းနိုင်ပေ။ နောက်ထပ်မေးခွန်းတစ်ခုမှာ စစ်ဆင်ရေးများ ဘယ်တော့အဆုံးသတ်မည်လဲဆိုသည့် မေးခွန်းပင်ဖြစ်သည်။ ရုရှားတို့၏ သတင်းဖြန့်ဝေမှု စစ်ဆင်ရေးတစ်ခုမှာ ၎င်းတို့ဆီးရီးယားစစ်ပွဲအတွင်း ပါဝင်ရခြင်းမှာ အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရန်ဟုပင် ဖြစ်သည်။ ယင်းသတင်းအချက်အလက် ဖြန့်ဝေသည့် စစ်ဆင်ရေးမှာ အိုင်အက်စ်တို့က ရှေးဟောင်းမြို့တော်ဖြစ်သည့် ပါမိုင်ရာကို သိမ်းပိုက်ဖျက်ဆီးခဲ့ပြီးသည့်အခါ၌ ပို၍အသက်ဝင်လာခဲ့သည်။ "ရုရှားတွေဟာ သူတို့ရဲ့ ပြည်သူတွေကို သူတို့ဘာကြောင့် ဆီးရီးယားစစ်ပွဲအတွင်း ဝင်ပါရတာလဲဆိုတာကို ရှင်းလင်းဖို့ကောင်းကောင်းစီမံနိုင်ခဲ့တယ်" ဟု ဝေဖန်သုံးသပ်သူတစ်ဦးဖြစ်သည့် ကော့ဖ်မန်းက ပြောသည်။

မစ္စတာ မက်ဒါမို့ဒ်ကတော့ ရုရှားတို့၏ မဟာဗျူဟာ ရည်မှန်းချက်သည် တိတိကျကျ မရှိဟု ဝေဖန်ခဲ့သည်။ ဆီးရီးယားတပ်ဖွဲ့၏ တိုက်ခိုက်နိုင်မှုစွမ်းရည်နှင့် နိုင်ငံရေးတည်ငြိမ်မှု ရရှိလာခြင်းတို့သည် ရုရှားတို့၏ ဆောင်ရွက်မှုများကြောင့်ဟု ထင်မြင်ယူဆလာလျှင် ရုရှားတို့၏ ဂုဏ်သတင်းကြီးလာမည်ဟုလည်း ၎င်းက သုံးသပ်ပြသည်။ သို့သော် ရုရှားတို့၏ မဟာဗျူဟာအကျိုးရလဒ်များနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်များ ရှိနေဆဲဖြစ်သည်။ ဆီးရီးယားအစိုးရတပ်၏ အခြေအနေမှာ ပြေပလောက်အောင် အင်အားပြန်လည်တောင့်တင်းလာခြင်းမရှိသေးပေ။ အကယ်၍ ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုများ ပြန်လည်တည်ဆောက်နိုင်ခြင်းမရှိပါက ယခုရရှိထားသော အောင်မြင်မှုများမှာ အငွေ့ပျံသွားသကဲ့သို့ပျောက်ပျက်သွားမည်ဖြစ်သည်။ ရုရှားခေါင်းဆောင်ပိုင်းကလည်း ဤကိစ္စကိုဖြေရှင်းရန် အချိန်ယူဖြေရှင်းရဦးမည်ကို နားလည်သဘောပေါက်ကြသည်။ ယခုလက်ရှိ၌မူ လေကြောင်းတိုက်စစ်ကို အရှိန်မြှင့်ရန် ဆီးရီးယားသို့ ရုရှားတိုက်လေယာဉ်များ ထပ်မံစေလွှတ်ခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့လည်း ဆီးရီးယားအရေးချုပ်ငြိမ်းရန် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

**ကိုးကား-ဘီဘီစီ**

(၃၀-၉-၂၀၁၆)





**ဆီးရီးယားပဋိပက္ခအတွင်း ရုရှား၏ စစ်ရေးအရ ပါဝင်မှုများကြောင့် ဆီးရီးယားသမ္မတအာဆတ်ကို နိုင်ငံရေးဇာတ်ခုံပေါ်မှ ဖယ်ရှား၍ မရသေးဆိုသည့် အချက်ကို ခိုင်မာစေသည်။ ယင်းအချက်ကြောင့် အမေရိကန်တို့သည် ၎င်းတို့၏ နည်းဗျူဟာများကို ပြန်လည်သုံးသပ်လာခဲ့**

## စပိန်နိုင်ငံ၌ ကော်ဖီဆိုင်အတွင်း ပေါက်ကွဲမှုဖြစ်ပွား လူ ၇၇ ဦး ဒဏ်ရာရ

**မက်ဒရစ် အောက်တိုဘာ ၂**

စပိန်နိုင်ငံတောင်ပိုင်း၌ စနေနေ့က ကော်ဖီဆိုင်အတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၇၇ ဦး ဒဏ်ရာရရှိခဲ့ သည်။ ကော်ဖီဆိုင်၏မီးဖိုခန်းမှနေ၍ ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၅၇ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

၎င်းတို့ထဲမှ လေးဦးမှာ ဆိုးရွားစွာဒဏ်ရာရရှိခဲ့သော်လည်း အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိပေ။ ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် ညနေ ၅ နာရီ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အသေးစိတ်အချက်အလက်များကိုမူ မသိရသေးပေ။

အခင်းဖြစ်ပွားရာနေရာမှာ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးသွားရောက်လည်ပတ်ရာနေရာနှင့် လည်းနီးသည်။

**(ဆင်ဟွာ)**



# အမြန်လမ်းတွင် ရွှေမန်းရတနာမှန်လုံယာဉ်နှင့် Fuso ခြောက်ဘီးယာဉ် ယာဉ်မတော်တဆမှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၅၇/၅ နှင့် ၅၇/၆)ကြား၌ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်က နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်ဇင်လတ် မောင်းနှင်လာသော ရွှေမန်းရတနာမှန်လုံယာဉ်သည် ရှေ့မှ လမ်းခင်းကျောက်များ တင်ဆောင်လာသည့် ယာဉ်မောင်း မောင်မောင်နန်းထွေး မောင်းနှင်လာသော Fuso ခြောက်ဘီး ယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ နောက်ပိုင်းအား ဝင်တိုက်မိခဲ့သဖြင့် ရွှေမန်းရတနာယာဉ်မှာ လမ်းလယ်ကျွန်း ပေါ်သို့ ရောက်ရှိရပ်တန့်သွားပြီး ခြောက်ဘီးယာဉ်မှာ လမ်းဘေးမြေသားပေါ်သို့ ရောက်ရှိရပ်တန့်သွားခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ရွှေမန်းရတနာ မှန်လုံယာဉ်မှာ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၃၀ ခန့်ပျက်စီးသွားပြီး ခြောက်ဘီး ယာဉ်မှာ တန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ခရီးသည်တင်ယာဉ်ပေါ်၌ လိုက်ပါလာ သောခရီးသည် ၂၉ ဦးနှင့် သံဃာသုံးပါးမှာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများ လျော့နည်း ကျဆင်းရေးအတွက် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင် သော မော်တော်ယာဉ်များအား အမြန်နှုန်းတိုင်း ကိရိယာ အသုံးပြု၍ တိုင်းတာစစ်ဆေးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ယနေ့အထိ ယာဉ်အစီးပေါင်း ၁၂၃၈ စီး ဖမ်းဆီး အရေးယူခဲ့ပြီး အစီး ၉၃၀ ကို တရားစွဲတင်ပြီးဖြစ်ကြောင်း၊ ၃၀၈ စီး တရားစွဲတင်ရန် ကျန်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ဒိုက်ဦး၌ ဘရိတ်ရှူးငြိ၍ ကားဘီးပေါက်ကာ မီးခိုးငွေ့များထွက်လာ



**ဒိုက်ဦး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် (၅) သံတံတားရပ်ကွက် ဆည်မြောင်းလမ်းထိပ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၈၄/၇ အနီး၌ အောက်တိုဘာ ၁ ရက် ည ၁၀ နာရီက ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ယာဉ်မောင်း နေလင်းထွဋ် (၂၄ နှစ်) ရွှေပြည်သာ မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် နန်းမျိုးအောင် (၃၀ နှစ်) ရမည်းသင်းမြို့နယ် နေထိုင်သူလိုက်ပါလာ သည့် ဒီဇယ်ဂါလန် ၇၂၀၀ ဆံ့ ဆီတိုင်ကီပါရှိသော ယာဉ်သည် ယာဉ်နောက်တွဲယာဘက်ခြမ်းအလယ်တန်းမှ (အတွင်း) ဘီးတစ်လုံး ဘရိတ်ရှူးငြိရာမှ ပွတ်တိုက်မှုကြောင့် အပူရှိန်လွန်ကဲ၍ ဘီးပေါက် ထွက်ကာ မီးခိုးငွေ့များထွက်နေသည်ကိုတွေ့ရှိရသဖြင့် မီးသတ် တပ်ဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)၌ ဝဏ္ဏကျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက်က လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာနှင့် ဘုံမွန်စိုက်ခင်းကြား၌ မျိုးမင်းသန့် မောင်းနှင်ပြီး ဝင်းဇော်ထွန်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိကြောင်း သိရသည်။

**ကိုရဲ**

# ရွှေဆိုင်အတွင်းမှ ရွှေထည်ပစ္စည်းလုယူထွက်ပြေးသူအား အချိန်မီဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂) ရပ်ကွက် ဈေးတန်းလမ်းဘေးရှိ သရဖီ ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဌေးဌေးသူသည် ရွှေထည်ပစ္စည်းများ ရောင်းချနေစဉ် အောက်တိုဘာ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်က အမျိုးသမီးတစ်ဦးရောက်ရှိ လာပြီး ဆိုင်ရှိ အလေးချိန်တစ်မတ်သား ခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် တစ်မတ်သား ခန့်ရှိ ထိုင်းဘတ်ဟန်းချိန်းတစ်ခုတို့ကို ပြသစေပြီး ဝယ်ယူရန်အတွက် ဆိုင်ရှင် အား ဘောက်ချာဖြတ်ခိုင်းစဉ် လုယူ ထွက်ပြေးသွားသဖြင့် ဆိုင်ရှင် ဒေါ်ဌေးဌေး သူက ပတ်ဝန်းကျင်ကို အော်ဟစ်အကူ အညီတောင်းခံ၍ ဖမ်းဆီးခဲ့ရာ အမှတ်(၂) ရပ်ကွက် အုန်းတောလမ်း အရောက်၌ သက်သေခံပစ္စည်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ ရွှေထည် ပစ္စည်းများ လုယူထွက်ပြေးသူ ဘားအံ မြို့(၁) ရပ်ကွက်နေ မနီနီဝင်း(ခ) လုံးလုံး (၂၄ နှစ်)အား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင် သစ်လုပ်ငန်းလုပ်ကိုင်သူအား အရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အုတ်ဆုံကျေးရွာနေ ဦးတင်မောင်အေး(၄၉ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း တရားမဝင် သစ်စက်ထောင်၍ သစ်လုပ်ငန်းလုပ်ကိုင် နေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးဝန်ထမ်းများ ပါဝင် သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ ဖမ်းဆီးရာ ဦးတင်မောင်အေးအား သစ်စက်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်ပိတောက်သစ်သားရွှေတုံး ၁၀ တုံးတို့နှင့်အတူ ဖမ်းဆီး ရမိခဲ့သဖြင့် ၎င်းအား ထီးချိုင့်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ကျွဲသုံးကောင် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံး

**အင်းတော် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအုပ်စု ပုန်းဟုန်ကျေးရွာ၏အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အောက်တိုဘာ ၂ ရက်က ကျွဲသုံးကောင် မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ ပုန်းဟုန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိ သူများက သွားရောက်စစ်ဆေးခဲ့သည်။

**ကိုမင်း(အင်းတော်)**


**မိခင်အမည်မှန်**
လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မဝတ်မှုံဝင်း(ကဝ-၁၉၅၂/ ၀၆)၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ဆွန်းရင် ၁၃/လရန(နိုင်)၀၅၆၀၃၆ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**
ပင်လောင်းမြို့၊ ရင်းမိုး အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မူအေးအေးဝင်း၏ မိခင်အမည်မှန်မှာ မခင်ဝင်း ၁၃/ပလန(နိုင်)၁၇၀၄၃၂ ဖြစ်ပါကြောင်း။
မခင်ဝင်း

**မိဘအမည်မှန်**
ပင်လောင်းမြို့၊အထက(၁)တက္ကသိုလ်ဝင်တန်းမှ ခွန်ကျော်စိုး၏ မိဘအမည်မှန်မှာ ခွန်ကျော်ဖေ ၁၃/ပလန(နိုင်) ၀၅၉၀၉၃နှင့် နန်းအေးတင် ၁၃/ပလန(နိုင်)၀၅၀၅၂၄ ဖြစ်ပါကြောင်း။
ခွန်ကျော်ဖေ-နန်းအေးတင်

**မိဘအမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ဇော်၏ မိဘအမည်မှန်မှာ မောင်ငါး ၁၃/ပလန(နိုင်)၀၃၆၆၂၃ နှင့် မနန်းမြ ၁၃/ပလန(နိုင်)၀၅၉၅၉၉ ဖြစ်ပါကြောင်း။ မောင်ငါး-မနန်းမြ

**မိဘအမည်မှန်**
လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ နန်းစိန်ညွှန့်၏ မိဘအမည်မှန်မှာ ဦးဆန်ယုံ- ဒေါ်အေးအို ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**
U Soe San Lin 12/LA THA NA (N) 015451 အမည်ဖြင့် CUSTOMS STATEMENT-ယာဉ်ဓာတ်ပုံမူရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပေးပါရန်။

**မိခင်အမည်မှန်**
ပင်လောင်းမြို့၊ ရင်းမိုး အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မငွေးကြူ၏ မိခင်အမည်မှန်မှာ ဒေါ်မငွေ ၁၃/ပလန(နိုင်)၁၀၃၇၇၀ ဖြစ်ပါကြောင်း။
ဒေါ်မငွေ

**မိဘအမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မနှင်းထက်ထက်ဦး၏ မိဘအမည်မှန်မှာ ဦးကြည်လင် ၁၃/ပလန(နိုင်)၀၅၆၆၀၁နှင့် ဒေါ်နှင်းဦး ၁၃/ပလန(နိုင်)၀၃၈၄၈၉ ဖြစ်ပါကြောင်း။
ဦးကြည်လင်-ဒေါ်နှင်းဦး

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ ခွန်မောင်ငါး၏ ဖခင်အမည်မှန်မှာ ခွန်မောင်သိန်း ၁၃/ပလန(နိုင်)၀၃၁၁၀၃ ဖြစ်ပါကြောင်း။ ခွန်မောင်သိန်း

**မွေးသက္ကရာဇ်အမှန်**
လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ထုဆန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၈-၂၀၀၀ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**
လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှမျိုးဆန့်အောင်၏မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၁၉၉၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နန်းစိန်ညွှန့်၏ ဖခင်အမည်မှန်မှာခွန်မောင်သိန်း ၁၃/ပလန(နိုင်)၀၁၃၈၅၁ ဖြစ်ပါကြောင်း။
ခွန်မောင်သိန်း

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းဆီ၏ ဖခင်အမည်မှန်မှာ စိုင်းကုမ္မာ ၁၃/ပလန(နိုင်)၀၁၉၉၄၅ ဖြစ်ပါကြောင်း။
စိုင်းကုမ္မာ

**မိဘအမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မနန်းမြရွှေ၏ မိဘအမည်မှန်မှာ ခွန်တီးဗွာ ၁၃/ပလန(နိုင်)၁၀၀၄၇၄ နှင့် မနန်းခံလာ ၁၃/ပလန(နိုင်)၀၉၁၃၉၃ ဖြစ်ပါကြောင်း။ ခွန်တီးဗွာ-နန်းခံလာ

**ဖခင်အမည်မှန်**
ဘားအံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**
လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မခင်သန္တာထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၁-၂၀၀၀ ဖြစ်ပါသည်။

**မိခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ ခွန်ကောင်းဆက်၏ မိခင်အမည်မှန်မှာ နန်းလှရီဝင်း ၇/ဒဥန(နိုင်)၀၃၉၇၂၅ ဖြစ်ပါကြောင်း။ နန်းလှရီဝင်း

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁) န၀မတန်းမှ ခွန်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ခွန်စံထူး ၁၃/ပလန(နိုင်)၀၄၉၆၈၆ ဖြစ်ပါကြောင်း။
ခွန်စံထူး

**မိခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မအေးမြ၏ မိခင်အမည်မှန်မှာ မခင်သန်း၁၃/ရစန(နိုင်)၀၆၆၅၁၁ ဖြစ်ပါကြောင်း။
မခင်သန်း

**မွေးသက္ကဇ်အမှန်**
ဦးစောထွန်းကြည်၏သား ဘားအံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ စောဝီရကျော်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၉-၈-၂၀၀၁) ဖြစ်ပါကြောင်း။

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စဉ်း
နိုင်ငံတကာသတင်းဂျာနယ်
အတွေးအမြင် ဆောင်းပါးအမြင်
ဖွံ့ဖြိုးမှု စျေးခင်းကြီး
ရုရှားကို တွန်းလှန်နိုင်ဖို့ နေတိုးအဖွဲ့ လုပ်ရမယ့် မြေလှမ်းငါးရပ်
ဆီးရီးယားပြဿနာကို စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ စဉ်းစားနေပြီလား
စစ်ပွဲများကို ရင်ဆိုင်အနိုင်ယူမည့် အမေရိကန်ရေတပ်
အတိတ်က အလှဘုရင်မရဲ့ အမှတ်တရလေးတွေ
ဘော်နီယိုကျွန်းကို သင်ခန်းစာယူရမည့် မြန်မာ့သစ်တောပြုန်းတီးမှု တားဆီးကာကွယ်ရေး
အိန္ဒိယနှင့် ပါကစ္စတန်စစ်တပ်များ တိုက်ပွဲအတွက် အဆင်သင့်ရှိနေ
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊
မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

# မြန်မာမြားပစ်အဖွဲ့ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂**
မလေးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသော PKs Unisza Poen 2016 နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာမြားပစ်အဖွဲ့မှ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုတံဆိပ်များကို မြန်မာမြားပစ်အဖွဲ့မှ Mix Team နှစ်ယောက်တွဲနှင့် Recurve တစ်ဦးချင်းပြိုင်ပွဲတို့မှ ရရှိခဲ့ခြင်းဖြစ်သည်။ Mix Team ပြိုင်ပွဲတွင် ထိုက်လင်းဦးနှင့် စန်းယုထွေးတို့အတွဲက အိမ်ရှင်မလေးရှား Mix Team အသင်းကို ရမှတ် ၆-၀ ဖြင့် သုံးပွဲပြတ်အနိုင်ရရှိကာ ပထမ ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုတို့ကို Recurve တစ်ဦးချင်း မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲနှင့် တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် မစန်းယုထွေးက မြန်မာမြားပစ်အသင်းအတွက် ရယူပေးခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ၌ ကျင်းပနေသည့် အဆိုပါ PKs Unisza Poen 2016 နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဆော်ဒီအာရေးဗီးယားနှင့် အိမ်ရှင် မလေးရှားနိုင်ငံတို့မှ မြားပစ်ကလပ်အသင်း ပေါင်း ၅၂ သင်းက Compound အမျိုးသမီးပြိုင်ပွဲတွင် ၄၅ ဦး၊ အမျိုးသားပြိုင်ပွဲတွင် ၉၁ ဦး၊ Recurve အမျိုးသမီးပြိုင်ပွဲတွင် ၇၀ နှင့် အမျိုးသားပြိုင်ပွဲတွင် ၁၀၂ ဦး စုစုပေါင်း ပြိုင်ပွဲဝင်ခြောက်နိုင်ငံတို့မှ မြားပစ်ကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှအတွင်း မြားပစ်ပြိုင်ပွဲဝင်ဦးရေ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကာ ရွှေ၊ ငွေ ဆုတံဆိပ်တို့အပြင် ဆုဖလားနှင့် RM 500 ရရှိခဲ့ကြောင်း သိရသည်။ **သတင်း-မင်းခေတ်**
**ဓာတ်ပုံ-မိုးမခ**



ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့သော မြန်မာမြားပစ်အဖွဲ့အားတွေ့ရစဉ်

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက်ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်

**ကသာ အောက်တိုဘာ ၂**
ကသာခရိုင် ကသာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကသာမြို့ မီတာ ၄၀၀ အားကစားကွင်းကြီး၌ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား ခရိုင် စီမံခန့်ခွဲရေးဉက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးဉက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် အား/ကာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် အား/ကာဝန်ထမ်း များ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးဉက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ ကသာ၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ကလေး၊ တမူး၊ ခန္တီး မော်လိုက်၊ ယင်းမာပင်၊ ကန့်ဘလူ၊ ခရိုင်များမှ ပြေးခုန်ပစ်ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား၊ အမျိုးသမီး ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လူအောင်(ကသာ)**



# မန်ယူတို့ အိမ်ကွင်း၌ စတုတ်နှင့်သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၇) တနင်္ဂနွေနေ့အစောဆုံးပွဲအဖြစ် နာမည်ကြီးမန်ယူနှင့် စတုတ်စီးတီးအသင်းတို့ ညနေ ၅ နာရီခွဲက မန်ယူအိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

နည်းပြမော်ရင်ဟိုသည် တိုက်စစ်မှူးရွှန်းနေကို ချန်လှပ်ထားခဲ့ပြီး တိုက်စစ်တွင် မိုဇစ်၊ ပေါ့ပ်ဘာ၊ လင်ဂတ်၊ မာတာ၊ ဟာရဲယားတို့ဖြင့် စတုတ်စီးတီးအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ပထမပိုင်းပွဲအစတွင် မန်ယူအသင်းအတွက် ဂိုးအဖြစ်ပြောင်းလဲနိုင်သည့်အခွင့်အရေးများကို တိုက်စစ်မှူးမိုဇစ်၊ ပေါ့ပ်ဘာနှင့် လင်ဂတ်တို့လွဲချော်ခဲ့၍ မန်ယူတို့ နစ်နာခဲ့သည်။

စတုတ်စီးတီးအသင်းသည် ဇယားအောက်ဆုံးမှ လွတ်မြောက်နိုင်ရေးအတွက် မန်စီးတီးအသင်းမှခေါ်ယူထားသည့် တိုက်စစ်မှူး ဘိုနီနှင့်အတောင့်တင်းဆုံး ကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။

မန်ယူအသင်းသည် ပွဲချိန် ၆၇ မိနစ်တွင် လင်ဂတ်နှင့် မာတာတို့ကိုထုတ်ပြီး ရွှန်းနေ၊ မာရှယ်တို့ကို လူစားလဲ ဝင်ကစားစေခဲ့သည်။ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို လူစားဝင်ရောက်ကစားခဲ့သည့် မာရှယ်က ၆၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။ စတုတ်အသင်းသည် ဦးဆောင်ဂိုး ပေးလိုက်ရသည့်အတွက် ချေပဂိုး ပြန်လည်ရရှိရေး တိုက်စစ်ဆင်ကစားခဲ့သည်။ စတုတ်အသင်းသည်လည်း ပွဲချိန် ၇၇ မိနစ်တွင် တိုက်စစ်မှူး ဘိုနီနှင့် မာကိုတို့ကိုထုတ်၍ ဝေါ်တာ၊ ပီတာခရောခ်တို့ကို ထည့်သွင်းကစားစေပြီး ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၈၂ မိနစ်တွင် ဂျိုးလ်အလန်က စတုတ်အသင်းအတွက် အဖိုးတန် ချေပဂိုး သွင်းယူပေးခဲ့သည်။

တစ်ဂိုးစီ သရေဖြစ်နေပြီး နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲပြီးဆုံးသည်အထိ တစ်ဖက်မှ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိဘဲ တစ်ဖက်တစ်ဂိုးစီ သရေဖြင့် ပွဲပြီးဆုံးသွားခဲ့သည်။
**သီဟ**


(၅-၁၀-၂၀၁၆) မှ (၉-၁၀-၂၀၁၆)
PATHEIN ELECTRONIC & CAR SHOW LIFESTYLE
အီလက်ထရောနစ်၊ ကားပြပွဲနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးပြပွဲကြီး (မြို့တော်ခန်းမ)
ကုန်ပစ္စည်းများ ပါဝင်ရောင်းချလိုပါက ဆက်သွယ်ရန် - Moe Yan Kyel Co., Ltd. Ph:09-421139554, 09-786817223
မြို့တော်ခန်းမ ပုသိမ်မြို့။ နံနက် (၉:၀၀) နာရီ မှ ည (၉:၀၀) နာရီထိ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ(Euro) တို့ဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါ အမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၅၅/မမ/CE (Kyat) | (1" x 1½") အရွယ် (စက်ခွဲ) လမ်းခင်းကျောက်(၁ဂဂဂ)ကျင်းကို မုတ္တမဘူတာ ရထားတွဲပေါ်အရောက် ဝယ်ယူရန် |
| ၂ | 12(T)17/MIT (Euro) | Axle Steel Solid Type (YD) – 600 Nos<br>Axle Steel Solid Type (YD-1) – 600 Nos<br>Axle Steel Solid Type (W) – 200 Nos<br>Wheel Steel Solid Type (YD) – 1500 Nos |
| ၃ | 12(T)18/MIT (Euro) | Taper Bearing Unit (TBU) AAR Class "C" – 1500 Sets<br>Seal for Taper Bearing Unit (TBU) AAR Class "B" –1000 Sets<br>Seal for Taper Bearing Unit (TBU) AAR Class "C" –1000 Sets |

တင်ဒါပိတ်မည့် နေ့/အချိန် စဉ်(၁) -၂၅.၁ဂ.၂၀၁၆ (အင်္ဂါနေ့ ) (၁၄ : ၃ဂ)နာရီ
စဉ်(၂၊၃) -၁၇.၁၁.၂၀၁၆ (ကြာသပတေးနေ့ ) (၁၄ : ၃ဂ)နာရီ
၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၃.၁ဂ.၂၀၁၆) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291985,291994

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့
ကတ္တရာပီပါခွံများ လေလံတင်ရောင်းချရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၏ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါခွံ(၇၈၁၀၅)လုံးအား လေလံတင်ရောင်းချလိုပါသည်။
(က) တင်ဒါရောင်းချမည့်ရက် - ၅-၁၀-၂၀၁၆ ရက်မှ ၁၁-၁၀-၂၀၁၆ ရက်အထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တောင်ကြီးမြို့
(ဂ) တင်ဒါလျှောက်လွှာပိတ်ရက် - ၁၂-၁၀-၂၀၁၆ ရက် မွန်းတည့် (၁၂း၀၀) နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန် - ၁၃-၁၀-၂၀၁၆ရက် ၁၃း၀၀နာရီ
၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းမီးပြင်ဆင်လဲလှယ်ခြင်းအတွက်လိုအပ်သော မီးလုံးနှင့်မီးကြိုး ဆက်စပ်ပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | 250W Control Gear & Lamp(E40) (Ballast, Ignitor,Capacitor & Sodium Lamp) | 600 Set |
| (ခ) | 120W LED Spare Part (LED Module,Driver & Surge Protection Drvice) | 50 Set |
| (ဂ) | 4Cx25mm² Cu/XLPE/PVC Cable | 500 meter |
| (ဃ) | 1Cx6mm² Cu/PVC Wire | 1000 meter |

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၄-၁၀-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက် - ၁၉-၁၀-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအားရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန (လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇
ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း
ဦးလှမြင့်၏သမီး အလက(၈) မြောက်ဉက္ကလာပတွင် တာဝန်ထမ်းဆောင်သူ အလယ်တန်းပြ ဆရာမ ဒေါ်နီနီ (ခ) ဒေါ်နီလာဝင်း ၁၂/ဥကမ(နိုင်) ၁၀၃၅၉၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်နီနီ (ခ) ဒေါ်နီလာဝင်း

မိဘအမည်မှန်
ဘားအံမြို့၊ အထက(၁) အဋ္ဌမတန်းမှ နန်းသူဇာနွယ်၏ မိဘအမည်မှန်မှာ ဦးစောမောင်ကု-ဒေါ်နန်းအေးအေးဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဘားအံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ နော်ဆွတ်ကြည်ဝေ၏ ဖခင်အမည်မှန်မှာ ဦးစောကြီးရွှေ ဖြစ်ပါကြောင်း။

မိဘအမည်မှန်
ဘားအံမြို့၊ အထက(၁) နဝမတန်း(B)မှ နန်းခန်းဘွာ၏ မိဘအမည်မှန်မှာ ဦးခွန်မြအောင်-ဒေါ်နန်းမ ဖြစ်ပါကြောင်း။

အမည်ပြောင်း
ဘားအံမြို့၊ အထက (၁) ပဥ္စမတန်း(E)မှ နန်းမေသိန်းကြည်မှ နန်းမေသင်းကြည် ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးလှမြင့်၏သမီး အမက (၄၅) မြောက်ဉက္ကလာပတွင် တာဝန်ထမ်းဆောင်သူ အလယ်တန်းပြ ဆရာမ ဒေါ်အမွှန်(ခ) ဒေါ်အေးမွှန်ဝင်း ၁၂/ဥကမ(နိုင်)၁၀၃၅၉၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်အမွှန် (ခ) ဒေါ်အေးမွှန်ဝင်း

# ပိုလန်မှ ပေးစာများ-၅

**အောင်အောင် (IR)**

ခရက်ကော့ဖ် (Kraków)မှာ နှစ်ညအိပ် လေ့လာပြီးတဲ့နောက် စက်တင်ဘာ ၁၅ ရက်မှာ စာရေးသူတို့အဖွဲ့ အမြန်ရထားနဲ့ ခရက်ကော့ဖ်ကနေ ဝါဆောကို ပြန်လည်ရောက်ရှိပါတယ်။ ဝါဆောမှာ တစ်ညထပ်အိပ်ပြီး နောက်တစ်နေ့ မြန်မာနိုင်ငံ ပြန်ကြရမှာဖြစ်ပါတယ်။ ဝါဆောကို ပြန်လည်ရောက်ရှိပြီး စာရေးသူတို့အဖွဲ့ Institute of National Remembrance က တာဝန်ရှိသူများနဲ့ သူတို့ရုံးမှာတွေ့ဆုံကြပါတယ်။ (အဖွဲ့အစည်းအမည်အတိုကောက်ကို IPN လို့ သုံးပါတယ်)။

**ပိုလန်ပါလီမန်က ဖွဲ့စည်းတည်ထောင်ခဲ့**

IPN ကို ၁၉၉၈ ခုနှစ်မှာ ပိုလန်ပါလီမန်က ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှာ လုပ်ငန်းများကိုစတင်ပါတယ်။ ယခင်ကာလပိုလန်နိုင်ငံမှာ နာဇီများအုပ်ချုပ်စဉ်ကာလနဲ့ ကွန်မြူနစ်အာဏာပိုင်များအုပ်ချုပ်စဉ်ကာလဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အစီရင်ခံစာများကို အဓိကသုတေသနပြုလုပ်ဖော်ထုတ်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ပြပွဲတွေ၊ အထိမ်းအမှတ်အခမ်းအနားတွေကိုလည်း စီစဉ်ကျင်းပပေးပါတယ်။ IPN ဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အခုအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာစာအုပ်၊ စာတမ်းပေါင်း ၂၀၀၀ နီးပါးနဲ့ ပြပွဲ၊ အထိမ်းအမှတ်ပွဲပေါင်း ၅၀၀ နီးပါးကို ကြီးမှူးကျင်းပခဲ့တယ်လို့ သိရပါတယ်။ IPN ဘက်က သူတို့လုပ်ဆောင်နေတာတွေရှင်းပြခဲ့ပြီး စာရေးသူတို့ဘက်ကလည်း မြန်မာနဲ့ပိုလန် လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာတွေ၊ IPNမှ ကြီးမှူးလုပ်ဆောင်နေတဲ့ လူ့အခွင့်အရေးဆိုင်ရာပညာပေး၊ ပညာရေးလုပ်ဆောင်မှုတွေအကြောင်းကို မေးမြန်းဆွေးနွေး ဖြစ်ခဲ့ပါတယ်။

**ကြိုတင်မေးခွန်းများပေးပို့**

IPN မှ တာဝန်ရှိသူများနဲ့ တွေ့ဆုံအပြီးမှာ စာရေးသူတို့အဖွဲ့ ပိုလန်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (Ministry of Economic Development) ကို ခရီးဆက်ကြပါတယ်။ အဲဒီမှာကုန်သွယ်မှုနဲ့ ပို့ကုန်ကိစ္စများကို အဓိကတာဝန်ယူထားတဲ့ ဒုတိယဝန်ကြီးနဲ့ တွေ့ရမယ်ဆိုလို့ မတွေ့ခင်တစ်ရက်လောက် ကြိုတင်ပြီး မေးခွန်းတွေကို စာရေးသူတို့ ဆက်သွယ်ရေးပုဂ္ဂိုလ်ကတစ်ဆင့် ပေးပို့ခဲ့ပါတယ်။

**ပိုလန်က မြန်မာကိုစိတ်ဝင်စား**

ပို့တာနောက်ကျသွားလို့ ဒုတိယဝန်ကြီး လက်ထဲရောက်မရောက်တော့ မသိခဲ့ရပါဘူး။ အစည်းအဝေးပထမပိုင်းမှာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန (Department of International Cooperation) မှ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိသူတစ်ဦးက ဦးဆောင်ဆွေးနွေးပြီး တစ်ဝက်လောက်မှာ ဒုတိယဝန်ကြီး Mr. Radoslaw Domagalski ရောက်ရှိလာပြီး အစည်းအဝေးကို ဆက်ပါတယ်။ အချုပ်ကတော့ ပိုလန်က မြန်မာနိုင်ငံကိုစိတ်ဝင်စားတယ်။ ရင်းနှီးမြှုပ်နှံဖို့ အစီအစဉ်ရှိတယ်ဆိုတာ ဖြစ်ပါတယ်။

**ခြောက်နိုင်ငံမြောက်စီးပွားရေး အင်အား အကြီးမား ဆုံးနိုင်ငံ**

ဆွေးနွေးချက်တွေအရ ပိုလန်ဟာ အခြေခံဆောက်လုပ်ရေးနဲ့ လျှပ်စစ်ဓာတ်အားပေး အထောက်အကူပစ္စည်း ထုတ်လုပ်မှုတွေမှာ အားသန်တယ်ဆိုတာသိရပြီး ဂရင်းတက်ကနော်လော်ဂျီလိုကိစ္စမျိုးတွေကိုလည်း ထည့်သွင်းပြောဆိုသွားပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ကိုတော့ သိပ်စိတ်ဝင်စားပုံမပြပါဘူး။ ပိုလန်နိုင်ငံရဲ့ စီးပွားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အားသာချက်တွေ၊ ဥရောပမှာရှိတဲ့ ပိုလန်နိုင်ငံရဲ့ အနေအထား (ပိုလန်နိုင်ငံဟာဒေသအတွင်း ဥရောပအလယ်ပိုင်းမှာ စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံရှိတဲ့အနက် ခြောက်နိုင်ငံမြောက် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ) စတာတွေ ဆွေးနွေးပါတယ်။

**ပြန်လှန်မေးခွန်းဆွေးနွေး**

စာရေးသူတို့ဘက်ကလည်း မြန်မာနိုင်ငံအခြေအနေကို အကျဉ်းချုပ်ရှင်းပြခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေကို နိုင်ငံရေးရှုထောင့်မှ အသားပေးဆွေးနွေး ဖြစ်ပါတယ်။ Mr. Domagalski အနေနဲ့ စာရေးသူတို့ရဲ့ နိုင်ငံရေးအပေါ် ဗဟိုပြုတုံ့ပြန်ဆွေးနွေးချက်တွေအပေါ် အထူးစိတ်ဝင်စားတာတွေ့ရပြီး ပြန်လှန်မေးခွန်းဆွေးနွေးဖလှယ်မှုတွေနဲ့ အစည်းအဝေးကို အဆုံးသတ်လိုက်ပါတယ်။

မနက်ပိုင်းအစည်းအဝေးနှစ်ခု ပြီးဆုံးတဲ့နောက် ပိုလန်စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားသောက်ကြပြီး ဝါဆောပုန်ကန်ထကြွမှုအထိမ်းအမှတ်ပြတိုက် (Warsaw Uprising Museum) ဆီ သွားရောက်လေ့လာကြပါတယ်။ ဒုတိယကမ္ဘာစစ်ကာလ အိမ်နီးချင်း ဂျာမနီနိုင်ငံက ဝါဆောအပါအဝင် ပိုလန်နိုင်ငံ အစိတ်အပိုင်းအတော်များများကို သိမ်းပိုက်ခဲ့ပါတယ်။ လန်ဒန်မှာ အခြေစိုက်တဲ့ ပိုလန်အဝေးရောက် အစိုးရအဖွဲ့အပေါ်သစ္စာခံတဲ့ လျှို့ဝှက်ဖွဲ့စည်းထားတဲ့ ပိုလန်ပြည်တွင်းလက်နက်ကိုင်တပ်ဖွဲ့ များဟာ ၁၉၄၄ ခုနှစ် မှာ ဂျာမနီအုပ်စိုးသိမ်းပိုက်မှုကို လက်နက်စွဲကိုင်ပြီးတော်လှန်အုံကြွကြပါတယ်။

**စိစိညက်ညက်ကြေအောင် ဗုံးကြဲ**

ဂျာမနီအုပ်စိုးသူများရဲ့ တုံ့ပြန်မှုကတော့ အင်မတန် ပြင်းထန်ခဲ့ပါတယ်။ တစ်မြို့လုံးနီးပါး စိစိညက်ညက်ကြေအောင် လေကြောင်းကနေ ဗုံးကြဲချလိုက်ပါတယ်။ အုံကြွမှုက ၁၉၄၄ ခုနှစ် ဩဂုတ် ၁ ရက်ကနေ အောက်တိုဘာ ၂ ရက်အထိ ကြာမြင့်ပြီး အောင်တော့မအောင်မြင်ခဲ့ပါဘူး။ အစပိုင်းမှာ ပိုလန်မျိုးချစ်ပြည်သူတွေဟာ မြို့အစိတ်အပိုင်းအချို့ကိုထိန်းချုပ်နိုင်ပေမယ့် နောက်တော့ ဂျာမန်တွေက ပြန်လည်ထိန်းချုပ်လိုက်ပါတယ်။

စာရင်းချုပ်တော့ အုံကြွမှု နှစ်လတာကာလအတွင်းဂျာမန်စစ်သည် ၁၀၀၀၀ နီးပါးနဲ့ တော်လှန်ရေးသမား ၁၈၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ပါတယ်။ ထောင်ပေါင်းများစွာပျောက်ဆုံး၊ ဒဏ်ရာရခဲ့ကြပါတယ်။ အုံကြွမှုအတွင်း ပိုလန်ပြည်သူ ၁၅၀၀၀၀ နီးပါးအသက်ဆုံးပါးခဲ့ရပါတယ်။ ပိုလန်တွေဟာ ဒီအဖြစ်အပျက်ကိုဘယ်လိုမှ မမေ့နိုင်ခဲ့ကြပါဘူး။ ပြတိုက်အတွင်းမှာ တော်လှန်ရေးကာလအတွင်း ဖြစ်စဉ်များကိုတစ်ဆင့်ချင်း စနစ်တကျခင်းကျင်းပြသထားပြီး အဲဒီကာလအသုံးပြုခဲ့တဲ့လက်နက်တွေ၊ အပျက်အစီးအပိုင်းအစတွေကိုလည်းတွေ့ရပါတယ်။ ဗီဒီယိုရုပ်ရှင်တွေနဲ့လည်း အဲဒီကာလ မှတ်တမ်းတင်ဖြစ်ရပ်တွေကို ပြသထားပြီး ဗုံးဒဏ်ခံရတဲ့ ဝါဆောမြို့တော်ကို အပေါ်စီးက မြင်တွေ့ရတာ အဆောက်အအုံကောင်းကောင်း ဆိုတာဘာမှ မကျန်တော့သလောက်ပါပဲ။

အခုဝါဆောမှာ တွေ့မြင်ရတဲ့ ရှေးဟောင်းအဆောက်အအုံတွေ၊ နန်းတော်တွေ၊ မြို့ဟောင်းဆိုတာ အားလုံးနီးပါးစစ်ပြီးကာလ ပြန်လည်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ အဲဒီဝါဆော အပျက်အစီး မှတ်တမ်းရုပ်ရှင်ကားကိုကြည့်ပြီး ပိုလန်လူမျိုးတွေရဲ့ ဇွဲသတ္တိနဲ့ ပြန်လည်ထူထောင်တည်ဆောက်နိုင်စွမ်းကိုအကြိမ်ကြိမ် ချီးကျူးနေမိပါတယ်။ တစ်ဆက်တည်းမှာ ပိုလန်နိုင်ငံရေးကိုလည်း စဉ်းစားနေမိတယ်။

ပိုလန်ဟာ ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း ဆိုဗီယက်နိုင်ငံ ကျောထောက်နောက်ခံပြုမှုနဲ့ တစ်ပါတီကွန်မြူနစ်အာဏာရှင်များရဲ့ အုပ်ချုပ်မှုကိုခံရပါတယ်။ သွေးမြေကျ အလုပ်သမားအုံကြွမှုတွေ ဆိုတာလည်း မကြာခဏဖြစ်ပွားခဲ့တယ်။ ဒါပေမယ့် ပိုလန်နိုင်ငံက မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်တွေ၊ စစ်အာဏာပိုင်တွေ အုပ်ချုပ်သွားသလို တိုင်းပြည်က ဖြစ်မသွားဘူးနော်။ စစ်ပြီးတာနဲ့ တစ်စစီဖြစ်နေတဲ့ ဝါဆောမြို့တော်ကို ကွန်မြူနစ်အုပ်ချုပ်သူတွေဟာ ပြန်လည်ထူထောင်ခဲ့တယ်။ လုပ်လည်းလုပ်နိုင်ခဲ့ကြတယ်။ အဲဒီကိစ္စကို စာရေးသူပိုလန်မိတ်ဆွေအချို့နဲ့ ဆွေးနွေးကြည့်တော့ သူတို့ကလည်း ကွန်မြူနစ်အုပ်ချုပ်မှုကာလ တိုင်းပြည်ကို စွမ်းစွမ်းတမံ ပြန်လည်ထူထောင်နိုင်ခဲ့တာကိုအသိအမှတ်ပြုကြပါတယ်။

**နောက်ဆုံးခရီးစဉ်**

ဝါဆောပုန်ကန်ထကြွမှု အထိမ်းအမှတ်ပြတိုက်လေ့လာရေးဟာစာရေးသူတို့ တစ်ပတ်ကြာလေ့လာရေးခရီးစဉ်အတွက် နောက်ဆုံးခရီးစဉ်ပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာ မြို့ဟောင်းနားက ထိုင်းစားသောက်ဆိုင်တစ်ဆိုင်မှာ ညစာစားကြပါတယ်။ ဟိုတယ်ပြန်ရောက်တော့ မနက်ဖြန် မြန်မာနိုင်ငံ ပြန်ရတော့မှာမို့လို့ ပိုလန်မှာတွေ့ဆုံသိကျွမ်းခဲ့ရတဲ့ မိတ်ဆွေတွေဆီကို နှုတ်ဆက်အီးမေးလ်တွေ ပြင်ဆင်ပေးပို့၊ အထုပ်အပိုးအသင့်ပြင်ပြီး အိပ်ရာစောစောဝင်ခဲ့ပါတယ်။

နောက်တစ်နေ့ စက်တင်ဘာ ၁၆ ရက်က နောက်ဆုံးနေ့ဆိုပေမယ့် တွေ့ဆုံဖို့အစည်းအဝေးက နှစ်ခုကျန်သေးတာမို့ နံနက် ၉ နာရီခွဲမှာ ဟိုတယ်မှာ check-out လုပ်ပြီး အစည်းအဝေးရှိရာ ဝါဆော စည်ပင်သာယာရေးဌာနဆီ သွားကြပါတယ်။ သူတို့သုံးတာကတော့ အခြေခံအဆောက်အအုံဌာန (Infrastructure Department) လို့ သုံးပါတယ်။ သို့သော် ဌာနရဲ့ လုပ်ငန်းစဉ်များကတော့ စည်ပင်သဘောသဘာဝများပဲဖြစ်ပါတယ်။ သူတို့ စည်ပင်ကအစိုးရအဖွဲ့အစည်းမဟုတ်ဘဲ လွတ်လပ်တဲ့ အဖွဲ့အစည်းဖြစ်တယ်လို့လည်းသိရပါတယ်။

ဝါဆောစည်ပင်အဖွဲ့ရဲ့ သဘောသဘာဝ၊ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လုပ်ဆောင်မှုတွေကို အကျဉ်းချုပ်ရှင်းပါတယ်။ ပိုလန်မှာ မြို့တော်ဝန်တွေကို တိုက်ရိုက်ခန့်အပ်တာမဟုတ်ဘဲ ရွေးကောက်ပွဲများမှတစ်ဆင့် ခန့်အပ်ကြတယ်လို့ သိရပါတယ်။ မြို့တော်စည်ပင်ရေးလုပ်ဆောင်ရာမှာ သူတို့ဆီမှာလည်းမြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းအချို့ရှိနေတယ်လို့ သိရပါတယ်။ ဝါဆောမြို့တော်အတွင်း ပြေးဆွဲနေတဲ့ ရထားလိုင်းပေါင်း ၂၄ လိုင်း၊ အမြန်ရထားလိုင်း လေးလိုင်းနဲ့ မြေအောက်ရထားလိုင်း နှစ်လိုင်းရှိတယ်လို့ သိရပါတယ်။ စာရေးသူတို့ဘက်ကလည်း မြို့တော်သန့်ရှင်းရေးလုပ်ငန်းတွေ၊ ရေပေးရေး၊ လျှပ်စစ်ဓာတ်အား၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်အကြောင်းတွေ ဆွေးနွေးမေးမြန်းဖြစ်ပါတယ်။

ဝါဆောစည်ပင်တာဝန်ရှိသူများနဲ့ တွေ့ဆုံအပြီးနောက်ဆုံးအစည်းအဝေးအနေနဲ့ စာရေးသူတို့ခရီးစဉ်ကိုစီမံခန့်ခွဲတဲ့ Invest in Poland ဆိုတဲ့ အဖွဲ့အစည်းတာဝန်ရှိသူများနဲ့ တွေ့ဆုံပြီး ခရီးစဉ် အဆင်ပြေမှုရှိ၊ မရှိနဲ့ အတွေ့အကြုံအချို့ကို မျှဝေဆွေးနွေးကြပါတယ်။

**ကမ္ဘာ့ဒုတိယအကြီးမားဆုံးပန်းသီး တင်ပို့ ထုတ်လုပ်သူ**

စာရေးသူတို့နဲ့ တွေ့ဆုံတဲ့သူကသင်ကြားရေးဆိုင်ရာ ပါမောက္ခတစ်ဦးလည်းဖြစ်ပြီး စကားပြောကောင်းသူလည်း ဖြစ်ပုံရတာကြောင့် ပြန်ခါနီးမှ အတော်အဖွဲ့ကျသွားကြပါတယ်။ သူက ပိုလန်နိုင်ငံရဲ့ အဓိကအားသာချက်များနဲ့ ပညာရေးစနစ်အကြောင်းကို ဦးစားပေး ဆွေးနွေးပြောဆိုပြီး ဆွေးနွေးချက်များအရ ပိုလန်ဟာ ကမ္ဘာ့ဒုတိယအကြီးမားဆုံးပန်းသီးတင်ပို့ထုတ်လုပ်သူဖြစ်တယ်လို့ သိရပါတယ်။ မော်တော်ကား အစိတ်အပိုင်းအမျိုးအပြား လည်း ထုတ်လုပ်တဲ့အပြင် လေယာဉ်အစိတ်အပိုင်း ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းများလည်း ထွန်းကားတယ်လို့ သိရပါတယ်။ သူ့အပြောအရ ကမ္ဘာမှာရှိတဲ့ လေယာဉ်အားလုံးနီးပါးရဲ့ အစိတ်အပိုင်းတစ်ခုဟာ ပိုလန်မှာထုတ်လုပ်တယ်လို့ သိရပါတယ်။ ပိုလန်မှာအထူးစီးပွားရေးဇုန် ၁၄ ခုရှိပြီး နိုင်ငံအတွင်း ကျောင်းများမှာ တရုတ်စာစကား သင်ကြားရေးကို တွန်းအားပေးနေတယ်လို့ သိရပါတယ်။ ပိုလန်မှာချမ်းသာကြွယ်ဝတဲ့ ဆွီဒင်၊ နော်ဝေလို စကင်ဒီနေဗီးယားနိုင်ငံသားများအပြင် အာရှတိုက်သားအများအပြားလည်း လာရောက်ပညာသင်ကြားကြကြောင်း သိရပါတယ်။



**မြန်မာဆရာတစ်ယောက်ရှိ**

ဆေးပညာ၊ အင်ဂျင်နီယာဘာသာရပ်များအပြင် မြန်မာနိုင်ငံမှာ ကျောင်းသားများအတွက် ပိုလန်မှာ ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းများအကြောင်းကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ခရက်ကော့ဖ်က တက္ကသိုလ်တစ်ခုမှာစာသင်ကြားပြသနေတဲ့ မြန်မာဆရာတစ်ယောက်ရှိတယ်လို့ ပြောပါတယ်။

နောက်ဆုံးစကားဝိုင်းကို အဆုံးသတ်၊ အနားက ပိုလန်စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာစား၊ ပြီးတော့ မြို့ထဲကစူပါမားကတ်တစ်ခုမှာ ဈေးဝယ်ထွက်၊ အနားက ဆိုဗီယက်ခေတ်က တည်ဆောက်ထားတဲ့ ပိုလန်နိုင်ငံရဲ့ အမြင့်ဆုံးအဆောက်အအုံဖြစ်တဲ့ သိပ္ပံနဲ့ယဉ်ကျေးမှုနန်းတော် (Palace of Culture and Science) အတွင်းပိုင်းကို ဝင်ရောက်လေ့လာပြီး ရှော့ပင်နိုင်ငံတကာလေဆိပ်ကိုသွားခဲ့ကြတယ်။ လေဆိပ်မှာ စာရေးသူတို့ ခရီးစဉ်တစ်လျှောက် တောက်လျှောက်လိုက်ပါပေးခဲ့တဲ့ ဆက်သွယ်ရေးပုဂ္ဂိုလ် "ပက်"ကို နှုတ်ဆက်၊ စက်တင်ဘာ ၁၆ ရက် ညနေ၄ နာရီဝန်းကျင်မှာ ပိုလန်နိုင်ငံ ဝါဆောကနေ ကာတာနိုင်ငံ ဒိုဟာကိုကာတာလေကြောင်းနဲ့ ထွက်ခွာ ဒိုဟာကတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက် ကို ကာတာလေကြောင်းနဲ့သွား စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲဝန်းကျင်မှာ မြန်မာနိုင်ငံ ရန်ကုန်မြို့ဆီ ပြန်လည်ရောက်ရှိပါကြောင်း။



အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ချစ်စိန်၏ စီစဉ်ညွှန်ကြားမှုဖြင့် သီပေါယာဉ်ထိန်း (တပ်စိတ်) မှ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာလနောက်ဆုံးပတ်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအထက(ခွဲ) နှင့် အလက (၂) တို့မှ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးပြခန်းများကို ရွှေ့လျားယာဉ်ဖြင့်လှည့်လည်ပြသကြစဉ် စိုင်း(သီပေါ)

## မြစ်ကြောင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး သရုပ်ပြလေ့ကျင့်

**ပုသိမ် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မူခင်းလျော့ပါးရေး၊ ဒေသတစ်ခွင်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တိုင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်ဦးဆောင်၍ စက်တင်ဘာလနောက်ဆုံးပတ်က မြစ်ကြောင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ သရုပ်ပြလေ့ကျင့်မှုပြုလုပ်သည်။မူးယစ်တပ်ဖွဲ့စု (၄၉) တပ်ဖွဲ့စုမှူး ရဲမှူးမြင့်အောင်၊အမှတ် (၇) လူကုန်ကူးတားဆီးတပ်ဖွဲ့စုမှူးရဲမှူး ခင်ခင်စိုး၊ ပုသိမ်ရေကြောင်း တပ်ဖွဲ့စုမှူး ရဲမှူးဇော်မင်းထိုက်တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ပုသိမ်မြစ်ကြောင်းသွားရေယာဉ်များ၊ပင်လယ်ကူးသင်္ဘောများ၌ လူကုန်ကူးမှု/မူးယစ်ဆေးဝါး တင်ဆောင်ရောင်းဝယ်မှုများစစ်ဆေးရာ၌ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်းက ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ပုသိမ်-လှကြည်**

# အောင်မြင်ဖြစ်ထွန်းသီးနှံများ တောင်သူအရှုံးမပေါ်စေရေး ဈေးကွက်ချဲ့ထွင်ဖော်ဆောင်ပေး

သတင်းဆောင်းပါး- ကျော်သူဝင်း ၊ ဓာတ်ပုံ- သက်ထက်



"မနှစ်က ဆောင်းသီးနှံ ဈေးကွက်မရှိတာကြောင့် လုပ်အားအပြင် အရင်းအနှီးပါ ဆုံးရှုံးလိုက်ရတာကြောင့် နောက်နှစ် မစိုက်တော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် စိုက်ပျိုးမယ့်အချိန်ရောက်တိုင်း မိရိုးဖလာအလုပ်ဖြစ်နေတဲ့အတွက် စိုက်ပျိုးချင်နေမိတယ်"ဟု ဆောင်းသီးနှံစိုက်မည့် တပ်ကုန်းမြို့နယ် သူဌေးကုန်းကျေးရွာမှ တောင်သူ ဦးညိုက ညည်းတွားပြောဆိုလိုက်သည်။

စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျေးလက်နေတောင်သူများ၏ ထွက်ရှိလာသောသီးနှံများသည် ရောင်းရချိန်တွင် ဈေးကွက်မရှိခြင်း၊ ကုန်သည်များ၏ ဈေးနှိမ်ခြင်းများ၊ နှစ်စဉ်ဈေးကောင်းမရရှိခြင်းများကြောင့် အမြဲအရှုံးပေါ်ကာ စိုက်ချိန်ရောက်တိုင်း မဝံ့မရဲဖြစ်နေကြောင်း တောင်သူများထံမှ သိရသည်။

"မိရိုးဖလာလုပ်ငန်းဖြစ်တာက တစ်ကြောင်း၊ ခုလိုစိုက်ချိန်ပျိုးချိန်ရောက်ရင် စိုက်ပျိုးနေကျသီးနှံပဲစိုက်ပျိုးတတ်တာကြောင့် ပန်းဂေါ်ဖီနဲ့ ပန်းမုန်လာကိုပဲ စိုက်ချင်လာတယ်။ ကျွန်တော့်လိုပဲ အချိန်ရောက်ရင် ဒီသီးနှံပဲစိုက်တဲ့တောင်သူတွေကများပါတယ်။ နှစ်စဉ်နှစ်တိုင်း အရှုံးပေါ်နေပေမယ့် တစ်ခါတလေ ဈေးကွက်ရဖူးထားတော့ ရနိုးနိုးနဲ့ စိုက်လာတာပါ။ နောက်ပိုင်းနှစ်တွေမှာ သွင်းအားစုတွေက ဈေးကြီးလာတာကြောင့် အရင်းအနှီးကပိုများလာပါတယ်။ နောက်တစ်ခုက လုပ်သားရှားမှုပြဿနာပါ။ ကျွန်တော်တို့ စိုက်ပျိုးအောင်မြင်လာတဲ့သီးနှံတွေကို ပုံမှန်ဈေးကွက်လေးရရှိဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ကုန်သည်ပွဲစားတွေအနေနဲ့ ကူညီစေချင်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောပြသည်။

ဆောင်းသီးနှံဖြစ်သည့် ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များကိုစိုက်ပျိုးရန် စိုင်းပြင်းနေချိန်ဖြစ်သော်လည်းရာသီဥတုနှင့် သွင်းအားစုဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေးများ၊ အရင်းအနှီးနှင့် ရရှိမည့်ဈေးနှုန်းများအပေါ် ချင့်ချိန်နေကြရပြီး အလုပ်သမားရှားပါးမှုကလည်း ၎င်းတို့အတွက် ပြဿနာတစ်ခုဖြစ်ကြောင်း တောင်သူ များထံမှ သိရသည်။

"နောက်တစ်ခုက တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ဖြစ်ပါတယ်။ စပါးစိုက်တဲ့ လယ်သမားတွေက လယ်တစ်ဧကဆိုရင် စိုက်ပျိုးစရိတ်ချေးငွေကျပ် တစ်သိန်းရပါတယ်။ လယ်သမားတွေက စိုက်ပျိုးစရိတ် အရင်းအနှီးက ကျွန်တော်တို့ သီးနှံစိုက်တောင်သူတွေလောက် မကုန်ပါဘူး။ နိုင်ငံတော်အစိုးရက သီးနှံစိုက်တောင်သူတွေကို တစ်ဧက ငွေကျပ် ၂၀၀၀၀ ပဲ ချေးပေးပါတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်ချေးငွေတွေကို သီးနှံစိုက်တောင်သူတွေကို တိုးပေးဖို့ လွှတ်တော်ကိုယ်စားလှယ်လာတဲ့အချိန်မှာ တင်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကလည်း လွှတ်တော်ကို တင်ပြပေးမယ်လို့ ပြောသွားတာရှိပါတယ်"ဟု တပ်ကုန်းမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ဆောင်းသီးနှံဖြစ်သည့် ဂေါ်ဖီထုပ်ကို တပ်ကုန်းမြို့နယ်ရှိ ကျေးရွာများတွင် အစိုက်များကြောင်း၊ ပြီးခဲ့သည့်နှစ်က ဈေးကွက်မရှိ၍ အရှုံးပေါ်ခဲ့သောကြောင့် ယခုနှစ်တွင် စိုက်ပျိုးမှု သိသိသာသာကျဆင်းကြောင်း၊ တောင်သူများသည် ဆောင်းသီးနှံများကို စိုက်ပျိုးရေးဌာနမှ အကူအညီမယူဘဲ အောင်မြင်အောင် စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နိုင်ငံတော်အစိုးရက တောင်သူများ မိမိကြိုက်နှစ်သက်ရာသီးနှံများကို စိုက်ပျိုးခွင့်ပြုထားတာကြောင့် တောင်သူများ ကြိုက်တဲ့ သီးနှံစိုက်လို့ရပါတယ်။ ဈေးကွက်ရရှိရေးအတွက်ကလည်း ကုန်သည်တွေနဲ့ တာဝန်ရှိသူတွေက လုပ်ပေးဖို့လိုပါတယ်။ ဥပမာ တောင်သူတွေက စိုက်ပျိုးရေးဦးစီးဌာနရဲ့အကူအညီမယူဘဲ ဖရဲသီးကို အောင်မြင်စွာစိုက်ပျိုးနိုင်ပေမယ့် ဈေးကွက်ရရှိရေးအတွက်က တရုတ်နိုင်ငံကိုပဲ အားကိုးနေရတယ်။ ကုန်ပစ္စည်းတွေ များလာလို့ရှိရင် ဈေးကွက်ပျက်တာတို့၊ ဈေးမရတာတို့၊ ကုန်သည်တွေ ဈေးကစားတာကြောင့် တောင်သူတွေ နှစ်စဉ်အရှုံးပေါ်ရခြင်းဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

ထို့ကြောင့် တောင်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုများဈေးနှုန်းသက်သာစွာရရှိရေး၊ ထွက်ရှိလာသောသီးနှံများကိုဈေးကွက်ရရှိရေးအတွက် ဖော်ဆောင်ပေးရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေပိုမိုရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဖော်ဆောင်သင့်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

## ဆန်နှင့်သကြား နယ်စပ်မှာအဖမ်းအဆီးခံရ၍ တင်ပို့မှုလျော့

ကေဇူး (AMIA)

မူဆယ်နယ်စပ်တွင် ဆန်နှင့်သကြား အဖမ်းအဆီးများကြောင့် ပုံမှန်တင်ပို့မှုထက် ထက်ဝက်ကျော်လျော့ချတင်ပို့နေရသည်ဟုဆန်နှင့် သကြားလုပ်ငန်းရှင်များထံမှ သိရသည်။

စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ပုံမှန်အဖမ်းအဆီးရှိသော်လည်း ယခုနှစ်တွင် ပိုမိုအဖမ်းများသည်ဟု ပြည်ပသကြားတင်ပို့ရောင်းချသူ ဦးသူရထွန်းက ပြောသည်။

"ဟိုဘက်မှာ ကြံပေါ်ချိန်လည်းရောက်လာတော့ ဒီဘက်က သကြားတွေ၊ ဆန်တွေကို ဖမ်းတယ်။ အခြေအနေကြည့်ပြီး လျော့တင်ပို့နေကြတယ်။ ပုံမှန်ကားဆယ်စီးဆို အခု ငါးစီးတောင်မတင်နိုင်ဘူး"ဟု သကြားတင်ပို့သူ ဦးသူရထွန်းက ပြောသည်။

အလားတူ ဆန်ကုန်သည်များအနေဖြင့်လည်းဖမ်းဆီးခံရမှုများရှိပြီး တရားဝင်တင်ပို့နိုင်ရေး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်က ယခုလအတွင်းအစိုးရကို တင်ပြထားသည်။

အဖမ်းဆီးခံရမှုများတွင် ဆန်၊ ပြောင်း၊ သကြား စသောလယ်ယာထွက်သီးနှံများပါဝင်ပြီး သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်များ မပါဝင်ခြင်းကြောင့် ဖမ်းဆီးခြင်းဖြစ်သည်။

မြန်မာ့ ဆန်၊ ပြောင်းနှင့် သကြားများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် အစိုးရချင်းသဘောတူညီမှုဖြင့် တင်ပို့ခြင်းမဟုတ်ဘဲ ကုန်သည်ချင်းရောင်းဝယ်ကာ နယ်စပ်ဖြတ်ကျော် တင်ပို့ခြင်းဖြစ်သဖြင့် ဈေးကွက်အာမခံချက် အားနည်းခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများက သုံးသပ်သည်။



## ပုဗ္ဗသီရိမြို့နယ်တွင် စပါးမျိုးကွဲနုတ်ပယ်ခြင်းကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ စပါးမျိုးကွဲနုတ်ပယ်ခြင်း (ဒုတိယအကြိမ်) ကွင်းဆင်းဆောင်ရွက်မှုကို စက်တင်ဘာ ၃၀ ရက်က သပြေကုန်းကျေးရွာ စိုက်ကွင်းအမှတ် (၁၆၄၃) ရှိ တောင်သူ ဦးဌေးအောင်၏ မျိုးသန့်ထုတ်(ဆင်းသုခ) စိုက်ခင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ တိုင်းမျိုးစေ့တာဝန်ခံ ဦးထွန်းမြတို့က မျိုးကွဲနုတ်ပယ်ခြင်းအား စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့်ဆောင်ရွက်ရာတွင် အထူးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဖိုးတိုးနှင့် ကွင်းဝန်ထမ်းများ၊ စိုက်ပျိုးတောင်သူများပူးပေါင်းကာ ဆင်းသုခစိုက်ခင်းအတွင်း ကွင်းဆင်း၍ မျိုးကွဲပယ်ခြင်း လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

## မိုးစပါးဆန်အသစ်ထွက်လာခြင်းကြောင့် ဆန်တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ခန့်အထိကျဆင်း

ဝတ်ရည်မွန် (AMIA)
ဓာတ်ပုံ-သက္က

မိုးစပါးဆန်အသစ်ထွက်လာခြင်းနှင့် တရုတ်နိုင်ငံသို့တင်ပို့သည့် မြန်မာ့ဆန်ကို တရုတ်နိုင်ငံက ဖမ်းဆီးမှုများရှိနေခြင်းကြောင့် ဆန်တစ်အိတ်ကို ငွေကျပ် ၂၀၀၀ နီးပါး ကျဆင်းသွားကြောင်း ဝါးတန်းကုန်စည်ဒိုင်စာရင်းများအရ သိရသည်။



"မြန်မာနိုင်ငံက ဆန်ကိုအဓိကထားတင်ပို့နေတာက တရုတ်နိုင်ငံဖြစ်တဲ့အတွက် အခုဖမ်းဆီးတာတွေရှိတော့ ရောင်းဝယ်မှုက ရပ်တန့်ထားရပါတယ်။ ပြီးတော့ ဆန်အသစ်ကလည်းထွက်တော့မယ်။ ပြည်တွင်းမှာ ဆန်ပိုလျှံတော့ ဈေးကကျသွားတာပါ"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်းမှ ဘဏ္ဍာရေးမှူး ဦးအောင်မြင့်က ပြောသည်။

ဆက်လက်၍ ၎င်းက "ဆန်ဈေးကတော့ ဆက်လက်ကျဆင်းသွားနိုင်တဲ့ အနေအထားရှိပြီးတော့ လက်ရှိပေါက်ဈေးအတိုင်းပဲ ရပ်တန့်နေမယ့် အနေအထားရှိတယ်"ဟု သုံးသပ်သည်။

တစ်ပတ်အတွင်းမှာတော့ ဧည့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၊ မြီးတုံးဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းခန့်ကျဆင်းသွားပြီး ပေါ်ဆန်မွှေးတစ်အိတ်လျှင် ငွေကျပ် လေးသောင်းသုံးထောင်၊ မိုးသုခရှယ် တစ်အိတ်လျှင် ငွေကျပ် နှစ်သောင်းခြောက်ထောင်၊ နှွေသီးထပ်တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းခုနစ်ထောင်တို့ဖြင့် ဈေးတည်ငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ တရုတ်နိုင်ငံမှ အဖမ်းအဆီးများမှုကြောင့် ယခုဘဏ္ဍာနှစ် ငါးလအတွင်းမှာ အမေရိကန်ဒေါ်လာသန်း ၁၆၀ ကျော်သာ ဝင်ငွေရရှိခဲ့ပြီး မနှစ်က ဘဏ္ဍာနှစ် ငါးလနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော်လျော့နည်းနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏စာရင်းများအရ သိရသည်။

**နိုင်ငံသာယာဝပြောဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေတိုးနိုင်

**သတင်းဆောင်းပါး-ဇူလိုင်မိုး**
**ဓာတ်ပုံ-မေမိုးသဲ**

မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် စားသုံးနိုင်သည့်အပြင် အပိုဝင်ငွေရပြီး အိမ်ရှင်မများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုလာနိုင်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဉယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေး ဇီဝနည်းပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်သီတာမြင့်ထံမှ သိရသည်။

ထို့ပြင် အခြားလုပ်ငန်းတစ်ဖက်ဖြင့် မှိုကို မိသားစုစားသုံးရန် စိုက်ပျိုးနိုင်သည့်အပြင် အိုးအိမ်မကွာ တစ်ပိုင်တစ်နိုင် မှိုကိုစီးပွားဖြစ် စိုက်ပျိုးနိုင်သည်။ အိမ်တွင် နေ့စဉ်ရေလောင်းပေးမည့် သူတစ်ဦးရှိရုံဖြင့်လည်းကောင်း မှိုစိုက်ပျိုးခြင်းဖြင့် အဆင် ပြေကြောင်း ၄င်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ မုတ်ဖိုတက္ကသိုလ်မှ မှိုနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင် ပါမောက္ခတစ်ဦးနှင့် မြန်မာနိုင်ငံမှမှိုလုပ်ငန်းကို လက်တွေ့လုပ်ကိုင်နေသည့် ကျွမ်းကျင်ပညာရှင်တစ်ဦးတို့ ပူးပေါင်း၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဉယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာနတွင် မှိုစိုက်ပျိုးနည်းသင်တန်းကို ပို့ချလျက်ရှိသည်။ မုတ်ဖိုတက္ကသိုလ်မှ ပညာရှင်များမှာ ဉယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေး ဇီဝနည်းပညာဌာနသို့ တစ်နှစ်လျှင် နှစ်ကြိမ်ပို့ချပေးလျက်ရှိရာ ယခုအခါ မှိုစိုက်ပျိုးနည်းသင်တန်းကို ပို့ချလျက်ရှိကြောင်းသိရသည်။ အဆိုပါ မှိုစိုက်ပျိုးနည်းသင်တန်းမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ် ပို့ချခြင်းဖြစ်သည်။

"ဆရာမတို့ဆီမှာ မှိုရုံနှစ်ရုံဆောက်ပြီးတော့ စမ်းသပ်စိုက်ပျိုးနေပါတယ်။ တစ်ရုံက အပူချိန်ထိန်းချုပ်တာပါတယ်။ ရေငွေ့ပေးတဲ့စက်ရယ်၊ အဲကွန်းတပ်ထားပြီး အလုံပိတ်အခန်းထဲမှာ စမ်းသပ်စိုက်ပျိုးတဲ့နည်းနဲ့ လုပ်ထားတယ်။ နောက်တစ်ခုက တောင်သူလယ်သမားတွေ မွေးမြူလို့ရမယ့်ပုံစံမျိုး အနေနဲ့ ဝါးတွေနဲ့ဆောက်ပြီးတော့ ပျိုးတဲ့နည်းရယ်ဆိုပြီး မှိုရုံနှစ်ရုံဆောက်ထားပါတယ်။ အလုံပိတ်အအေးခန်း မှိုရုံထဲမှာရှီတာကီမှို၊ ငွေနှင်းမှို၊ ငွေမိုးမှို၊ ကြွက်နားရွက်မှိုနဲ့ လင်ဇီးမှိုအမျိုးအစားတွေကို စမ်းသပ်စိုက်ပျိုးနေပါတယ်။ အဓိကကတော့ အလုံပိတ်အခန်းထဲမှာ လင်ဇီးမှိုနဲ့ ရှီတာကီမှိုတွေကို အဓိကထားစိုက်ပျိုးရတယ်။ သူတို့က အအေးကိုပိုကြိုက်လို့ အအေးခန်းထဲမှာပဲ ဖြစ်ထွန်းပါတယ်။ နောက်ထပ် ကောက်ရိုးမှိုနဲ့ ငွေနှင်းမှို ငွေမိုးမှိုတွေက အပြင်မှာသဘာဝအတိုင်း ဆောက်ထားတဲ့ ဝါးတဲအိမ်လေးတွေနဲ့ စိုက်ပျိုးလို့ရတယ်။ မှိုဈေးကွက်အနေနဲ့ လင်ဇီးနဲ့ရှီတာကီက ဈေးအလွန်ကြီးပါတယ်။ ဟိုတုန်းကတော့ မှိုဈေးကွက်က အဲ့လောက်မကောင်းဘူး။ အခုနောက်ပိုင်းမှာ မှိုဈေးကွက်က အားကောင်းလာတယ်" ဟု ဒေါက်တာခင်သီတာမြင့်က ဆက်ပြောသည်။



ငွေနှင်းမှို ပွင့်လာသည်ကိုတွေ့ရစဉ်

ယခင်က ကောက်ရိုးမှိုကိုသာ စားသုံးသူများပြီး ယခုအခါ ကောက်ရိုးမှိုက ကြာကြာမခံသည့်အတွက် ငွေနှင်း၊ ငွေမိုးနှင့်ကြွက်နားရွက်မှိုတို့မှာ အချိန်ကြာကြာအထားခံ၍ စားသုံးသူများလာကြောင်း၊ ကျန်းမာရေးအနေဖြင့်လည်း နှလုံးသွေးကြောကို အားကောင်းစေသည့်အတွက် နှလုံးရောဂါကို ကာကွယ်နိုင်ကြောင်း၊ ကြွက်နားရွက်မှိုကို ရေစိမ်ပြီး တစ်နေ့တစ်ဖတ် ဝါးစားပေးမည်ဆိုပါက နှလုံးနှင့်ပတ်သက်သည့် ရောဂါများကိုကာကွယ်ပေးနိုင်ကြောင်း၊ မြန်မာပြည်တွင် မှိုဈေးကွက်ပွင့်လာပြီး မှိုအမျိုးမျိုးကို သုံးစွဲလာကြကြောင်း၊ မှိုကို မှိုခြောက်ကြော်၊ မှိုသုပ်၊ မှိုဟင်းချို၊ မှိုတန်ပူရာစသဖြင့် အမျိုးမျိုးလုပ်ပြီး စားသုံးနိုင်သည့်အတွက် ဈေးကွက်တွင် ပိုမိုတွင်ကျယ်ကြောင်း သိရသည်။

"မှိုက အာဟာရရှိတဲ့ ဟင်းသီးဟင်းရွက်အဖြစ်သုံးစွဲသူပိုမိုများပြားလာတာကို တွေ့ရတယ်။ မှိုကို နေရာကျဉ်းကျဉ်းလေးမှာ တစ်ပိုင်တစ်နိုင်လည်း ပျိုးလို့ရတယ်။ မှိုရုံတစ်ရုံမှာ မှိုထုပ်တွေ အများကြီးဆံ့လို့စိုက်ပျိုးရတာ အဆင်ပြေတယ်။ နေရာအခက်အခဲရှိရင် မှိုထုပ်တွေကို ကြိုးနဲ့ချိတ်ဆွဲပြီးတော့လည်း ပျိုးနိုင်တယ်။ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်တဲ့အတွက် စားရေရိက္ခာဖူလုံမှုအတွက်လည်းရမယ်။ တောင်သူတွေအနေနဲ့လည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရမယ်။ မှိုကဈေးကွက်ဝင်ပြီး အာဟာရပြည့်ဝတဲ့ အစားအသောက်တစ်ခုတည်းမှာပါတဲ့အတွက် စိုက်ပျိုးဖို့သင့်ပါတယ်"ဟု ၄င်းက မှိုစိုက်ပျိုးသည့်အတွက်ရရှိမည့် အကျိုးကျေးဇူးများကို ဆက်လက်ပြောပြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဉယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေး ဇီဝနည်းပညာဌာနအနေဖြင့် ယခုအခါ တောင်သူများ လိုအပ်သည့် မှိုမျိုးထုပ်များကို ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော်လည်း နောင်အချိန်တွင် လိုအပ်သည့် မျိုးထုပ်များကို ဖြန့်ဖြူးနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် တက္ကသိုလ်တွင် သင်တန်းများပို့ချရာ၌ လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်းကောင်း ပြန်လည်အသုံးချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ တောင်သူများစိုက်ပျိုးရန်လိုအပ်သည့် မှိုမျိုးထုပ်များကို မြန်မာနိုင်ငံ မှိုဝါသနာရှင်များအသင်းနှင့် ချိတ်ဆက်၍ မှာယူနိုင်ကြောင်း သိရသည်။



ငွေနှင်းမှိုမျိုးထုပ်များကို ကြိုးဖြင့်ချည်ကာ စင်ပေါ်တွင်စိုက်ပျိုးထားစဉ်

"မှိုစိုက်ပျိုးချင်တဲ့ တောင်သူတွေအနေနဲ့ ကိုယ်ကိုယ်တိုင်မျိုးထုတ်ပြီးတော့မှ စိုက်ပျိုးဖို့ခက်ခဲနေသေးတဲ့အတွက် လောလောဆယ်မှာတော့ မျိုးစေ့ထုတ်ပြီး ရောင်းတဲ့သူတွေဆီကပဲ ပြန်ဝယ်ပြီး စိုက်ပျိုးတာက သင့်တော်ပါတယ်။ နောက်ပြီး မျိုးထုပ်တွေ ဖြန့်ဖြူးရောင်းချတဲ့နေရာတွေလည်း ရှိပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အနေနဲ့နောက်ဆိုရင် တောင်သူတွေဆီကို ဖြန့်ဖြူး နိုင်ဖို့အထိ လုပ်နိုင်ဖို့မျှော်လင့်ပါတယ်။ တောင်သူတွေအနေနဲ့ အကျိုးအမြတ်ရနိုင်တဲ့နေရာမှာ မှိုစိုက်ပျိုးနည်းက ထိပ်ဆုံးကရောက်နေတဲ့ပစ္စည်းလို့ ပြောလို့ရပါတယ်။ မှိုစိုက်ပျိုးနည်းက တောင်သူတွေအတွက် အကျိုးအမြတ်များတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလိုတစ်ပိုင်တစ်နိုင် အသေးအဖွဲ့လေးကနေစပြီး နောက်ဆိုရင် မြို့နယ်၊ တိုင်း၊ ပြည်နယ်တွေအထိ တိုးချဲ့သွားဖို့သင့်တော်တဲ့ လုပ်ငန်းတစ်ခုပါ။ တောင်ကိုရီးယားမှာဆိုရင် လည်း တောင်သူတွေအတွက် အကျိုးအမြတ်ရတဲ့နေရာမှာ မှိုစိုက်ပျိုးခြင်းက အဓိက ကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါတယ်။ နေပြည်တော်တစ်ဝိုက်မှာကတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကနေ အစပြုလိုက်ပြီး ဒီနယ်ပယ်မှာ ဒါကပထမဦးဆုံးပါ။ ဒီမှာ သင်တန်းတွေပေးတယ်။ ရေဆင်းရွာနဲ့ အနီးနားက ရွာတွေက တောင်သူအချို့အိမ်တွေမှာလည်း စမ်းသပ်စိုက်ပျိုးနေပါပြီ။ ကိုရီးယားမှာတော့ နိုင်ငံတော်ကနေကို ထောက်ပံ့ပေးပြီး လုပ်ကိုင်နေကြတာတွေရှိတယ်။ ဒီက တောင်သူတွေအနေနဲ့ တစ်ပိုင်တစ်နိုင် လုပ်လို့ရတဲ့နယ်ပယ်အတွင်းမှာရှိပါတယ်။ မျိုးထုပ်တွေပဲဝယ်ပြီး စိုက်မယ်ဆိုရင် ကျန်တာကတော့ ထွေထွေထူးထူးမကုန်ကျပါဘူး။ ကောက်ရိုးမှိုစိုက်မယ်ဆိုရင်လည်း တစ်ပိုင်တစ်နိုင် စိုက်လို့ရပါတယ်" ဟု ကိုရီးယားသမ္မတနိုင်ငံ မုတ်ပိုအမျိုးသားတက္ကသိုလ်မှ ပါမောက္ခ Han Kill, Son က ပြောသည်။

ငွေနှင်းမှိုစိုက်ပျိုးရန် လေဝင်လေထွက်ကောင်းပြီး အလင်းရောင်အနည်းငယ်ရမည့် ဝါးနှင့်ဆောက်ထားသည့် တဲအိမ်တစ်လုံးလိုအပ်ပြီး ဝါးစင်များဆောက်လုပ်ကာ မှိုမျိုးထုပ်များကို စိုက်ပျိုးနိုင်သည်။ ငွေနှင်းမှိုနှင့်ငွေမိုးမှိုမျိုးထုပ်တစ်ထုပ်တွင် အနည်းဆုံး ၅၀ ကျပ်သားမှ ၈၀ ကျပ်သားအထိ ထွက်ရှိသည်။ မှိုကိုစတင်စိုက်ပျိုးချိန်မှ တစ်လအကြာတွင် မှိုပွင့်များရရှိမည်ဖြစ်သည်။ မှိုမျိုးတစ်ထုပ်လျှင် ငွေကျပ် ၃၅၀ ဝန်းကျင်နှင့်ဝယ်ယူရပြီး ပြန်ရောင်းချိန်၌ မှိုတစ်ပိဿာလျှင် အနည်းဆုံးငွေကျပ် ၁၈၀၀ ဝန်းကျင်ဖြင့် ပြန်လည်ရောင်းချရကြောင်း သိရသည်။ ကောက်ရိုးမှိုစိုက်ပျိုးပါကလည်း ဂျပ်စက္ကူ၊ နွားချေး၊ မြင်းချေး၊ ဖွဲနုနှင့် ဗေဒါပင်၊ အမျှင်ဓာတ်ပါသော မည်သည့်အမှိုက်သရိုက်မဆို သုံး၍စိုက်ပျိုးနိုင်သောကြောင့် စရိတ်စကသက်သာသည်။ ကောက်ရိုးမှိုသည် မည်သည့်နေရာတွင်မဆို စိုက်ပျိုး၍ရသော်လည်း မြေမှာညီညာပြန့်ပြူးသင့်သည်။ နေရာကျဲကျဲကွင်းပြင်၌လည်းကောင်း၊ အရိပ်ထဲ၌လည်းကောင်း၊ အဆောက်အအုံထဲ၌လည်းကောင်း စိုက်ပျိုးနိုင်ခြင်းသည် ကောက်ရိုးမှိုစိုက်ပျိုးခြင်း၏ အားသာချက်တစ်ခုပင်ဖြစ်သည်။

တောင်သူများအနေ ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုပါက ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုတို့ကို စိုက်ပျိုးခြင်းမှာ လွယ်ကူနိုင်ကြောင်း သိရသည်။



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စိုက်ပျိုးထားသည့်မှိုရုံတွင် ကိုရီးယားနိုင်ငံမှပညာရှင်နှင့် သင်တန်းသားများလေ့လာနေစဉ်

# ဖရဲ၊ သခွားရာသီအစ အရည်အသွေးကြောင့် ဈေးနှိမ်ခံရမှုများရှိ

**မူဆယ် အောက်တိုဘာ ၂**

ပြည်ပတင်ပို့ ရောင်းချမည့် ဖရဲသခွားများစတင်ပေါ်လာပြီး မူဆယ် ကုန်စည်ဒိုင်ကတစ်ဆင့် စတင်ပို့နေပြီဖြစ်ရာအရည်အသွေးအရောအနှောများပါဝင်လာ၍ ဈေးနှိမ်ခံရမှုများရှိနေသည်ဟု ဖရဲသခွားတင်ပို့ သူများထံမှ သိရသည်။

လက်ရှိပေါက်ဈေးတစ်တန်ကိုယွမ် တစ်ထောင့်နှစ်ရာမှ တစ်ထောင့်ရှစ်ရာ (သုံးသိန်းဝန်းကျင်) ထိရှိပြီး တစ်ရက်လျှင် အစီးနှစ်ဆယ်မှ ခြောက်ဆယ်ထိ မူဆယ်ကုန်စည်ဒိုင်သို့ တင်ပို့နေခြင်းဖြစ်သည်။

မူဆယ် ၁၀၅မိုင် ခွာညိုသစ်သီးပွဲရုံမှ တာဝန်ရှိသူက "အစီးငါးဆယ်လောက်ဝင်တာ ၁၅ စီးလောက်က အရည်အသွေးကောင်းတယ်။ ကျန်တာက အရည်အသွေးတွေရောနေတယ်၊ ဈေးကတော့ သူ့အရည်အသွေးနဲ့ သူ့ဈေးပေါ့"ဟုပြောသည်။

စက်တင်ဘာလ တတိယပတ်ကစတင်၍ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဖရဲများပေါ်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ အဓိကတင်ပို့ ခြင်းဖြစ်သည်။

လက်ရှိတွင် မူဆယ် ၁၀၅မိုင်သို့ မိုးဖရဲကား တစ်နေ့လျှင် အစီး ၂၀ ခန့်ဝင်ရောက်နေသလို အရည်အသွေးကောင်းပါက ယွမ် ၁၅၀၀ ကနေအမြင့်ဆုံးယွမ် ၂၀၀၀ ဝန်းကျင်အထိဈေးရရှိကြောင်း မူဆယ် ၁၀၅ မိုင်ကသိရသည်။

**ကေဇူး(AMIA)**

# စိုက်ပျိုးသူရောစားသုံးသူပါအကျိုးရှိစေမည့် မက္ကဒေးမီးယား

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

မက္ကဒေးမီးယား နှစ်ရှည်သီးနှံပင်သည် စိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးရှိစေရုံသာမက စားသုံးသူများအတွက်ပါ ကျန်းမာရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများရရှိစေမည့်သီးနှံဖြစ်ပြီး ဩစတြေးလျမျိုးရင်းဖြစ်သည့် မက္ကဒေးမီးယား နှစ်ရှည်ပင်ကို မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိရာ အော်ဂဲနစ်သီးနှံဖြစ်စေရန် ကြိုးပမ်းလျက်ရှိကြောင်း မြန်မာ့မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့(နောင်ချို)မှ အတွင်းရေးမှူး ဦးစံထွန်းက ပြောပြသည်။

"မက္ကဒေးမီးယား စိုက်ပျိုးမှုစီမံကိန်းကို ပထမဦးဆုံး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနက အရင်တစ်ပြန် စမ်းသပ်စိုက်ပျိုးပြီး နောင်ချိုမှာ အောင်မြင်ပြီဆိုတော့မှ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုခေါ်ယူပြီး စိုက်ပျိုးမှုစတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်ကစပြီး နောင်ချိုမှာ ဧက ၁၀၀၀ စိုက်ပျိုးခဲ့ပါတယ်။ နှစ်ရှည်သီးနှံဖြစ်တဲ့အတွက် ခြောက်နှစ်အရွယ်မှာမှ စသီးပြီး တစ်နှစ်တစ်ကြိမ်တိုးသီးပါတယ်။ ရာသီဥတုနဲ့ တိရစ္ဆာန်တွေရဲ့ ဖျက်ဆီးမှုနည်းရင်တော့ အထွက်နှုန်းတိုးပါတယ်။ တောင်သူစိုက်ပျိုးမယ်ဆိုရင် နှစ်ရှည်သီးနှံဖြစ်တဲ့အတွက် နည်းနည်းတော့ရင်းနှီးမြှုပ်နှံရပါတယ်။ သီးလာတဲ့အချိန်မှာတော့ ဝင်ငွေကောင်းပါတယ်။ အခုအချိန်မှာ ဝင်ငွေပိုကောင်းလာပြီး အသီးရဲ့အကျိုးကျေးဇူးတွေကို သိလာကြတဲ့အတွက် သုံးလေးနှစ်အတွင်းမှာ တောင်သူတွေ တော်တော်များများ စိုက်ပျိုးကြတာကို တွေ့ရပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။



မက္ကဒေးမီးယားအသီးများကို ရွေးချယ်သန့်စင်နေကြသူများကို တွေ့ရစဉ် ဓာတ်ပုံ - ချိုချို

စားသုံးသူများအတွက် အကျိုးကျေးဇူးအနေဖြင့် သုတေသနပြုလုပ်ချက်များအရ မက္ကဒေးမီးယားအစေ့တွင် မပြည့်ဝဆီ များသည့်အတွက် လူကိုအန္တရာယ်မဖြစ်စေဘဲ ကိုလက်စထရော လျော့ကျစေကြောင်း၊ မက္ကဒေးမီးယား အစေ့အဆန်ကို စားသုံးခြင်းဖြင့် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် အခြားဆက်စပ်ရောဂါများ ဖြစ်ပွားနိုင်မှုကို လျှော့ချစေနိုင်ကြောင်း သိရသည်။

"မက္ကဒေးမီးယားအစေ့အဆန်ကို လှော်တာတစ်နည်းရှိတယ်။ နောက်ပြီး အဆန်ရဲ့အကျိုးကြေလေးတွေကို စားသောက်ကုန်ပစ္စည်းတွေထုတ်လုပ်တဲ့နေရာမှာလည်း သုံးပါတယ်။ ဆီလည်းထုတ်ပါတယ်။ ဆီကလိမ်းလို့လည်းရတယ်။ စားလို့လည်းရပါတယ်။ သူ့မှာဗီတာမင်အီးဓာတ်ပါတဲ့အတွက် အသားအရေကို များစွာအထောက်အကူပြုပါတယ်။ နောက်တစ် ခုက ဆီကိုကုန်ချောအနေနဲ့ အလှကုန်ပါထုတ်နိုင်ပါတယ်။ အဲဒီအဆင့်ထိကိုတော့ ကျွန်တော်တို့ မလုပ်နိုင်သေးပါဘူး။ ကျွန်တော်တို့ အသင်းအနေနဲ့ ကွတ်ကီး၊ အစေ့လှော်၊ ဆီနဲ့ အလှဆီရယ်ဆိုပြီး ထုတ်ထားပါတယ်။ အဲဒီပစ္စည်းတွေကို Super Market တွေမှာ ရောင်းချပေးနေပါတယ်။ ပြည်တွင်းစားသုံးမှုလုံလောက်ပြီး ပိုလျှံတဲ့ကုန်ကြမ်းတွေကို တရုတ်နိုင်ငံကလာကောက်ပါတယ်"ဟု ဦးစံထွန်းက ပြောသည်။



မက္ကဒေးမီးယားအသီးများခြွေခူးနေစဉ် ဓာတ်ပုံ- ချိုချို

မက္ကဒေးမီးယားကို စတင်စိုက်ပျိုးမည်ဆိုလျှင် မေလပိုင်းတွင်စကာ မြေကျင်းတူးရပြီး နွားချေးမြေဩဇာနှင့် မြေပြင်ကာ မိုးထဲတွင် တစ်နှစ်နှပ်ထားရကြောင်း၊ ဇွန်လမိုးရွာသည့်အချိန်တွင် ပျိုးထုတ်ခွဲချပြီး စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး မိုးတွင်း မိုးဖြင့်စိုက်ပျိုးနိုင်ပြီး ရေသက်သက်ပေးသွင်းစရာမလိုအပ်ဘဲ ရေပေးသွင်းနိုင်လျှင် ပိုကောင်းမွန်ကြောင်း၊ နောက်နှစ်မေလတွင် ကိုင်းဖြတ်ပေး၍ အပင်ကိုပြင်ပေးရကြောင်း၊ နှစ်စဉ်နှစ်တိုင်း ကိုင်းဖြတ်ပြုပြင်ပေးခြင်းဖြင့် အပင်ပုပြီး လေတိုးခံကာ အသီး သီးအားကောင်းကြောင်း သိရသည်။

"မက္ကဒေးမီးယား စိုက်ပျိုးမှုနည်းပညာနဲ့ပတ်သက်ပြီးတော့ အများကြီး မရှိပါဘူး။ အော်ဂဲနစ်နည်းအတိုင်းသွားတာပါ။ ပုံမှန်အတိုင်းပဲ ၃၂ ပေတန်းကြား စိုက်ပျိုးပြီး ဂရုစိုက်ပေးရပါတယ်။ တစ်နှစ်ကို နှစ်ကြိမ်သုံးကြိမ်မြေဩဇာကျွေးရတာရှိပါတယ်။ အော်ဂဲနစ်သီးနှံဖြစ်အောင် ကြိုးစားနေတဲ့အတွက်ပါ။ နောက်ပြီး ကော်ဖီကို မက္ကဒေးမီးယားရဲ့ကြားသီးနှံအနေနဲ့ စိုက်ပျိုးရင် အလွန်ကောင်းမွန်ပါတယ်။ ကော်ဖီကိုအရိပ်လည်းပေး၊ လေကာမှုလည်းပေးလို့ ကော်ဖီပင်အတွက် အကျိုးရှိပါတယ်။ နိုင်ငံခြားမှာတော့ ဟိုးအရင်တုန်းက လေကာပင်အနေနဲ့ အသုံးပြုခဲ့ပြီး နောင်ပိုင်းမှာ အကျိုးအာနိသင်ကို သိရှိလာတဲ့အတွက် စီးပွားဖြစ်စိုက်ပျိုးရောင်းချလာကြတာပါ။ မက္ကဒေးမီးယားဆိုရင် နိုင်ငံခြားမှာ မသိသူမရှိပါဘူး။ မြန်မာနိုင်ငံမှာကတော့ အခုမှစတင်ပြီး သိရှိတာဖြစ်ပါတယ်"ဟု ဦးစံထွန်းက မက္ကဒေးမီးယား စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ပြောပြသည်။

မက္ကဒေးမီးယား နှစ်ရှည်သီးနှံပင်ကို စိုက်ပျိုးထုတ်လုပ်လိုသည့် တောင်သူများအတွက် နည်းပညာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ လက်ကမ်းစာစောင်များတွင် စိုက်ပျိုးရေးနည်းစနစ်များ ရေးသားဖြန့်ဝေလျက်ရှိပြီး နောင်ချို-လားရှိုးကားလမ်းမကြီး မိုင်တိုင်အမှတ် (၇၀)အနီးရှိ အုန်းမခါးခြံတွင်လည်း ပျိုးပင်များ ရောင်းချပေးလျက်ရှိကြောင်း၊ ထို့အပြင် နှစ်ရှည်သီးနှံဌာနကဖွင့်လှစ်ထားသည့် တာဝန်ခံရုံးများတွင် စုံစမ်းနိုင်ကြောင်းသိရသည်။

# မြန်မာ့ထောပတ်သီး နိုင်ငံခြားကုမ္ပဏီများစိတ်ဝင်စား

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း (MFVP)၏ ကြိုးပမ်းမှုကြောင့် မြန်မာ့ထောပတ်သီးကို နိုင်ငံခြားတိုင်းပြည်တစ်ခုမှ စိတ်ဝင်စားပြီး ၎င်းနိုင်ငံရှိ ကုမ္ပဏီများက ဝယ်ယူမည်ဖြစ်ကာ များမကြာမီ၌ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပခဲ့သော တရုတ်အာဆီယံကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း (MFVP)က ပါဝင်ပြသခဲ့သည်။

ယင်းပြပွဲ၌ မြန်မာပြည်ထွက် ထောပတ်သီး၊ ဖရဲသီး၊ သခွားမွေး၊ သရက်သီး၊ သစ်ကျားသီးနှင့် လက်ဖက်တို့ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ထိုအထဲမှ မြန်မာ့ထောပတ်သီးကို စိတ်ဝင်စားမှုများခဲ့ပြီး ရှန်ဟိုင်း၊ နန်နင်း သစ်သီးကုမ္ပဏီများအပါအဝင် ကုမ္ပဏီအတော်များများက ဝယ်ယူနိုင်ရေးအတွက် လာရောက်ဆွေးနွေးခြင်းများပြုခဲ့သည်ဟု MFVP ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ဝမ်းမြောက်ဖွယ်စကားပြောကြားခဲ့သည်။

၎င်းက "တရုတ်ပြည်မှာ ထောပတ်သီး အသေးတစ်လုံးကို ၁၂ ယွမ်လောက်ပေါက်ဈေးရှိတယ်။ မြန်မာငွေနဲ့ ပြန်တွက်ရင် ငွေကျပ် ၂၀၀၀ လောက်ရှိတယ်။ ကျွန်တော်တို့ဆီက အသီးအသေးဆုံးက ဂရမ် ၂၀၀ လောက်ကနေ တစ်ကီလိုအထက်ရှိတဲ့ အသီးတွေ၊ အသီးလှတယ်။ ဒါတောင် အသီးတွေက နုသေးလို့ ခွဲမကျွေးခဲ့ရဘူး" ဟု ပြောပြသည်။

မြန်မာ့ထောပတ်သီးကို ယခင်က ရှမ်းပြည်နယ် ဟိုပုံးဒေသ၌သာ သဘာဝအတိုင်း စိုက်ပျိုးခဲ့ကာ မိသားစုစားရန်တစ်ပိုင်တစ်နိုင်သာစိုက်ပြီး ပိုလျှံသည့် အသီးလောက်သာ ရောင်းကြခြင်းဖြစ်သည်။ အဓိကစီးပွားရေးအတွက် စိုက်ပျိုးကြခြင်းမဟုတ်ပေ။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် Farmer to Farmer အစီအစဉ်အရ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ အထောက်အပံ့အဖြစ် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ရေးကို အားပေး၍ နည်းပညာများပို့ချပေးခဲ့ပြီး တစ်နှစ်အတွင်း အောင်မြင်မှုများရရှိခဲ့သည်ဟု သိရသည်။

ပြီးခဲ့သောနှစ်က Win rock International Organization မှ နည်းပညာအကူများကြောင့် မြန်မာနိုင်ငံမှ ထောပတ်သီးများကို ဟောင်ကောင်သစ်သီးကုမ္ပဏီတစ်ခုသို့ စမ်းသပ်ပို့ခဲ့ရာ အောင်မြင်မှုရှိခဲ့သည်။ တစ်ကီလိုအရွယ်အသီးတစ်လုံးကို အမေရိကန် ဒေါ်လာ ၅ ဒသမ ၅ အထိ ဈေးကောင်းရရှိခဲ့သည်ဟု သိရသည်။

ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က "အဲဒီပြပွဲမှာ ကျွန်တော်တို့ဆီက ဖရဲ၊ သခွား၊ သရက်၊ ထောပတ်စိုက်တဲ့တောင်သူနှစ်ဦးစီခေါ်သွားတယ်။ သူတို့ကိုယ်တိုင်လိုက်လာတော့ ပိုအမြင်ကျယ်လာတယ်။ ဈေးကွက်အခြေအနေကို အမှန်အတိုင်းသိရတယ်။ အဓိကအရည်အသွေးဆိုတာ သူတို့သိလာတယ်။ သူတို့ဘယ်လိုကြိုးစားရမယ်ဆိုတာသိသွားပြီ" ဟု ပြောသည်။

ထောပတ်သီးကို ရှမ်းပြည်နယ်၌ ယခင်က မိမိခြံထွက်အဖြစ်သာ သက်သက်စိုက်ပျိုးကြခြင်းဖြစ်သည်။ ယခုအခါ ဧက ၅၀ ၊ ၁၀၀အထိ စီးပွားဖြစ်စိုက်ပျိုးလာကြပြီဖြစ်သည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်မှု၊ စိုက်ပျိုးမှု၊ နည်းပညာတို့ကြောင့် ထောပတ်သီးအပင်တစ်ပင်လျှင် အသီး ၅၀၀ မှ ၁၀၀၀ ခန့်အထိ ရရှိလာကြပြီဖြစ်သည်။

ထို့အတူ ချင်းပြည်နယ် ကန်ပက်လက်၌လည်း အဓိကစိုက်ပျိုးလာကြကာ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များကိုပါ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ထောပတ်သီးအစုအဖွဲ့ပင်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောပြသည်။

များမကြာမီ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထောပတ်သီးအစုအဖွဲ့ဖွဲ့ရန်သာကျန်ရှိပြီး ဖွဲ့စည်းပြီးပါက ထောပတ်သီးကဏ္ဍမှာ ယခုထက်ပိုမိုမြင့်မားလာကာ ထောပတ်စိုက်တောင်သူများ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**



# အာလူးမျိုးကောင်းရရှိစေရန် ရေတိုရေရှည်စီမံကိန်းအပါအဝင် အချက်ခုနစ်ချက် ရှမ်းပြည်နယ်အစိုးရသို့တင်ပြ

**ဝတ်ရည်မွန် (AMIA)**



အာလူးမျိုးကောင်းများရရှိစေရန် ရေတိုရေရှည် စီမံကိန်းအပါအဝင် အချက်ခုနစ်ချက်ကို ရှမ်းပြည်နယ်အစိုးရသို့ တင်ပြထားကြောင်း ဟဲဟိုး အာလူးအစု အဖွဲ့အသင်းမှ သိရှိရသည်။

“လက်ရှိမှာ တောင်သူတွေက အာလူးမျိုးကောင်းမျိုးသန့်ရဖို့ ခဲယဉ်းနေတယ်။ ပြီးတော့ ဈေးကွက်မှာလည်း တည်ငြိမ်မှုမရှိဘူး။ အာလူးစိုက်ရာမှာ အသုံးပြုတဲ့သွင်းအားစုကလည်း အလွန်ကိုမြင့်မားနေတယ်။ အဲ့ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကျွန်တော်တို့ အဖွဲ့တွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာသိချင်တယ်”ဟု ဟဲဟိုးအာလူးအစုအဖွဲ့ အသင်းဥက္ကဋ္ဌ ဦးချမ်းထွေးက ပြောသည်။

အာလူးမျိုးကောင်းမျိုးသန့်ရရှိနိုင်ရန် ရေရှည်စီမံကိန်းများအဖြစ် စိုက်ပျိုးရေးပညာရှင်များမှ ဗိုင်းရပ်စ်နှင့် ရောဂါပိုးမွှားများကင်းစင်သော အာလူးမျိုးကို ဓာတ်ခွဲခန်းများတည်ဆောက်၍ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ ရေတိုစီမံကိန်းအဖြစ် အသိအမှတ်ပြု အာလူးမျိုးများကို တင်သွင်းစိုက်ပျိုးနိုင်ရန်၊ အသိအမှတ်ပြုထားသည့်မျိုးစေ့များကို မျိုးစေ့ဥပဒေနှင့်အညီ တင်သွင်းခွင့်ပေးရန်တို့ဖြစ်သည်။

“အရင်က အာလူးမှာ ရောဂါရှိမှန်းမသိဘူး။ မြေကြီးကပဲ ရောဂါရှိတယ်ထင်တာ။ နောက်မှ အာလူးမျိုးမှာရောဂါရှိမှန်းသိတာ။ ရောဂါရှိတဲ့ အာလူးကိုပြန်စိုက်တော့ အရည်အသွေးမကောင်းတဲ့ အာလူးတွေပဲထွက်လာပြီး အဲ့ဒီအရည်အသွေးမကောင်းတဲ့ရောဂါရှိတဲ့ အာလူးကိုပဲမျိုးပြန်လုပ်ဆိုတော့ အရည်အသွေးကောင်းတာတွေမရတော့ဘူး”ဟု ဟဲဟိုးမြို့မှ အာလူးစိုက်ဧက ၁၅ ဧက စိုက်ပျိုးသည့် တောင်သူကိုဒေးဗစ်က ပြောသည်။

အာလူးများကိုရိတ်သိမ်းပြီးပါက အလုပ်သမားများသည် ညင်သာစွာ မကိုင်တွယ်နိုင်ခြင်း၊ အာလူးအိတ်များကိုပစ်ချခြင်းတို့သည် အာလူးများရောဂါဝင်ရောက်မှုကိုလွယ်ကူစေ၍ အာလူးစိုက်တောင်သူများအား ရိတ်သိမ်းလွန်နည်းပညာကိုပေးရန်နှင့် တောင်သူများရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် လုံလောက်သောချေးငွေတို့ကိုလည်း နှစ်ရှည်ချေးငွေများအဖြစ် ပြုလုပ်ပေးရန်တို့ကို တင်ပြထားကြောင်း သိရသည်။

# စက်တင်ဘာ ၂၆ မှ ၃၀ ရက်အထိ တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ရဲလင်းထက်(AMIA)**

ယခု တစ်ပတ်အတွင်းမှာတော့ ဆန်ဈေးပုံမှန်ရှိပေမယ့် ဆန်အမျိုးအစားတော်တော်များများ ဈေးတွေကျဆင်းခဲ့သလို ပြည်ပတင်ပို့ကုန်ဖြစ်တဲ့ မတ်ပဲ FAQ/RC နဲ့ ပဲစင်းငုံနီ RC ဈေးတွေ ပြန်လည်ကျဆင်းလာပါတယ်။ မန္တလေးမြို့အခြေစိုက် နှမ်းရောင်းစုံဈေးကွက်မှာတော့ နှမ်းအမျိုးအစားအသစ်တွေ ဈေးကွက်ဝင်လာသလို နှမ်းဈေးအချို့အတက်ဘက်မှာ ရှိနေပါတယ်။

**ပြည်ပပို့ကုန် မတ်ပဲနဲ့ပဲစင်းငုံနီ တစ်တန်ဈေး ပြန်လည်ကျဆင်းလာ**

ယခုတစ်ပတ် တနင်္လာနေ့မှာ တစ်တန်ကို ငွေကျပ် ၁၄၉၀၀၀၀ နဲ့ ဈေးဖွင့်ခဲ့တဲ့ မတ်ပဲ FAQ/RC ဟာ သောကြာနေ့ဈေးပိတ်ချိန်မှာတော့ ငွေကျပ် ၁၃၆၀၀၀၀ အထိ နေ့စဉ်ဆိုသလို ဈေးဆက်တိုက်ကျဆင်းခဲ့ပါတယ်။

အလားတူ ပဲစင်းငုံနီ RC တစ်တန်ဈေးကလည်း တနင်္လာနေ့ဈေးဖွင့်ချိန်မှာ ငွေကျပ် ၁၂၂၂၀၀၀ နဲ့ဈေးဖွင့်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက် သောကြာနေ့ဈေးပိတ်ချိန်မှာတော့ ငွေကျပ် ၁၀၈၁၀၀၀ အထိကျဆင်းခဲ့ပါတယ်။

ယခင်တစ်ပတ်က အိန္ဒိယနိုင်ငံမှ ပဲအဝယ်ရှိတာကြောင့် ဈေးတက်လာခဲ့ပေမယ့်လည်း ယခုတစ်ပတ်မှာတော့ ပြည်ပကိုတင်ပို့တဲ့ပဲဈေးတွေ နေ့စဉ်ဆက်တိုက်ကျဆင်းလာခဲ့တာကိုတွေ့ရပါတယ်။

မြန်မာနိုင်ငံထွက်ပဲမျိုးစုံကိုတော့ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတာဖြစ်ပြီး အစိုးရခြင်းသဘောတူညီမှုနဲ့ လာမယ့်နှစ်ကနေစတင်ပြီး တစ်နှစ်လျှင် ပဲတန်ချိန်တစ်သန်းခန့်ကို အိန္ဒိယနိုင်ငံသို့ ရောင်းချရန်စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောထားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာ ၉ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံ တင်ပို့မှုတန်ချိန် ၇၁၅၃၀၀ ကို တင်ပို့ခဲ့ပြီး ဒေါ်လာ ၈၂၉ ဒသမ ၆၉၆ သန်းရရှိခဲ့တယ်လို့ မြန်မာနိုင်ငံ ပဲကုန်သည်၊ နှမ်းကုန်သည်များအသင်းကနေ သိရပါတယ်။

**နှမ်းအမျိုးအစားအသစ်များ ဝင်ရောက်လာသလို နှမ်းရောင်စုံဈေး အမျိုးအစားအချို့ ဈေးတက်**

အခုအပတ်အတွင်း နှမ်းရောင်စုံဈေးကွက်အတွင်း ၄၅ ပိဿာဝင် နှမ်းဖြူ (ခြံကျော်) တစ်အိတ်ကို ငွေကျပ် ၉၇၀၀၀ နဲ့ ဈေးကွက်ဝင်လာသလို ထောင်နှမ်းညို တစ်အိတ်ကို အနိမ့်ဆုံးငွေကျပ် ၇၅၀၀၀ ကနေ အမြင့်ဆုံးငွေကျပ် ၈၀၀၀၀ ဈေးနဲ့ ဈေးကွက်ဝင်ရောက်လာတာတွေရှိပါတယ်။

အခြားနှမ်းအမျိုးအစားဈေးတွေကို သုံးသပ်ရရင် တနင်္လာနေ့ဈေးဖွင့်ချိန်က ငွေကျပ် ၁၃၅၀၀၀နဲ့ ဈေးဖွင့်ခဲ့တဲ့ ၄၅ ပိဿာဝင် နှမ်းနက်(စမုံ) တစ်အိတ်ဟာ သောကြာနေ့ဈေးပိတ်ချိန်မှာတော့ ငွေကျပ် ၁၄၀၀၀၀နဲ့ တစ်အိတ်ကို ငွေကျပ် ၅၀၀၀အထိ ဈေးတက်လာခဲ့တာတွေ့ရပါတယ်။ နှမ်းနက်အမျိုးအစားကတော့ ငွေကျပ် ၁၁၅၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး ဈေးပိတ်ချိန်မှာတော့ ငွေကျပ် ၁၂၈၀၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၁၃၀၀၀ လောက် ဈေးမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပန်းနှမ်းကတော့ တစ်အိတ်ကို ငွေကျပ် ၈၅၀၀၀ နဲ့ ဈေးငြိမ်နေသလို နှမ်းဖြူကတော့ တနင်္လာနေ့ဈေးဖွင့်ချိန် တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ ရှိခဲ့ရာက သောကြာနေ့ ဈေးပိတ်ချိန်မှာ ငွေကျပ် ၉၂၀၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ ကျဆင်းခဲ့ပါတယ်။

**ဆန်ဈေးပုံမှန်ဝင်ပေမယ့် ဆန်ဈေးကျဆင်းလာ**

ယခုတစ်ပတ်မှာတော့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှာ ဆန်အဝင်ပုံမှန်ရှိပေမယ့် ပေါ်ဆန်း(နယ်စုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)၊ မိုးသုခနဲ့နှေသီး ထပ်ဆန်ကလွဲလို့ ဆန်အမျိုးအစားတော်တော်များများ ဈေးတွေကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ညော့်မထဆန်တစ်အိတ်ကို တနင်္လာနေ့ဈေးဖွင့်ချိန်က အနိမ့်ဆုံးငွေကျပ် ၁၉၈၀၀ ကနေ အမြင့်ဆုံး ငွေကျပ် ၁၉၃၀၀ အထိရှိခဲ့ရာကနေ စက်တင်ဘာ ၂၈ ရက်ကစလို့ အနိမ့်ဆုံး ငွေကျပ် ၁၈၀၀၀ ကနေ အမြင့်ဆုံး ငွေကျပ် ၁၉၀၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ ကျဆင်းခဲ့ပါတယ်။

ဧစိန်ဆန်ဈေးလည်း တနင်္လာနေ့ဈေးဖွင့်ချိန်က အနိမ့်ဆုံးကျပ် ၁၉၅၀၀ ကျပ်မှ အမြင့်ဆုံးငွေကျပ် ၂၁၀၀၀ အထိရှိခဲ့ရာကနေ စက်တင်ဘာ ၂၈ ရက်ကစလို့ အနိမ့်ဆုံး ငွေကျပ်၁၈၀၀၀ ကနေ အမြင့်ဆုံး ငွေကျပ်၁၉၅၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၁၅၀၀၊ အလားတူ မြီးတုံးဆန်တစ်အိတ်ကို အနိမ့်ဆုံး ငွေကျပ်၂၅၀၀၀ မှ အမြင့်ဆုံး ငွေကျပ်၂၇၀၀၀ အထိရှိခဲ့ရာက အနိမ့်ဆုံး ငွေကျပ်၂၃၀၀၀ ကနေ အမြင့်ဆုံးငွေကျပ်၂၆၀၀၀ အထိ တစ်အိတ်ကို ငွေကျပ်၂၀၀၀ ဈေးကျဆင်းခဲ့ပါတယ်။

လတ်တလောဆန်ဈေးကွက်အတွင်း ပြည်ပသို့ ဆန်မတင်ပို့နိုင်သည့်အတွက် ဆန်လက်ကျန်များနေသလို ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိပါတယ်။ ဆန်သစ်များမှာ ပဲခူးအနောက်ခြမ်းမှ အနည်းငယ်ထွက်လာပြီဖြစ်သလို အောက်တိုဘာလမှစတင်ပြီး နယ်စုံမှ ဆန်သစ်များ ထွက်လာမည်ဖြစ်သည့်အတွက် ဈေးနှုန်းများ ထပ်မံကျဆင်းဖွယ်ရှိကြောင်းနှင့် ဆန်လက်ကျန်မများစေရန် ပြည်ပဈေးကွက်ကို ရှာဖွေရန်လိုအပ်ကြောင်း ဆန်ကုန်သည်များက ပြောဆိုကြတာရှိပါတယ်။

ပြည်ပသို့ဆန်တင်ပို့ရန် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်၊ ဂျပန်နိုင်ငံတို့နှင့် G to G (Government to Government) စနစ်ဖြင့် တင်ပို့နိုင်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုတော့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ ထုတ်ပြန်ချက်များအရ သိရပါတယ်။

# သနပ်ခါးစိုက်ပျိုးသူ များပြားလာသော်လည်း ဈေးကွက်ရရှိမှုနည်းပါးလာ



**မုံရွာ အောက်တိုဘာ ၂**

မြန်မာနိုင်ငံအလယ်ပိုင်းသည် အပူပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် အားလျော်စွာ သနပ်ခါးပင်များ စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကျောက်မှော်ကျေးရွာတွင် သနပ်ခါးကို အဓိကထားစိုက်ပျိုးသူများပြားလာသော်လည်း ယခင်ကကဲ့သို့ ဈေးကောင်းမရရှိဘဲ ဈေးကွက်ရရှိမှုနည်းပါးလာကြောင်း ကျောက်မှော်ကျေးရွာ ကွက်သစ်မှ သနပ်ခါးစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

သနပ်ခါးစိုက်ပျိုးသူတစ်ဦးကလည်း “ကျွန်တော်တို့ရွာမှာ သဲနီမြေအမျိုးအစားဆိုတော့ အခြားသီးနှံစိုက်ပျိုးသူနည်းပါတယ်။ အရင်ကတည်းက မိရိုးဖလာသနပ်ခါးကို အဓိကထား အများဆုံး စိုက်ပျိုးလာကြတာပါ။ ရွာမှာက အိမ်တိုင်းလိုလို မိမိအိမ်ဝိုင်းအတွင်း မြေလွတ်တဲ့နေရာမှာရော၊ သီးသန့်စိုက်ပျိုးမြေတွေမှာပါ သနပ်ခါးကို အားထားစိုက်ပျိုးကြတယ်။ ကျွန်တော်တို့ဒေသက တခြားသီးနှံထက်စာရင် သနပ်ခါးပင်က ပိုမိုဖြစ်ထွန်းတဲ့အတွက် မြေအားမထားဘဲ အများဆုံးစိုက်ပျိုးဖြစ်ပါတယ်။ ရွာထဲက လူတွေ အိမ်ထောင်ကျခါစမှာ သနပ်ခါးစိုက်ထားရင် ရင်သွေးရလို့ကလေးကို ကျောင်းထားရမယ့်အရွယ်၊ လှူရမယ့်အရွယ်ဆို သနပ်ခါးရောင်းတန်းဝင်ချိန်နဲ့ကွက်တိပဲ။ သနပ်ခါးပင်က အခုစိုက် အခုရောင်းရတာမဟုတ်ပေမယ့် ဂရုတစိုက်ရှိမယ်ဆိုရင် ငါးနှစ်လောက်ကြာတာနဲ့ ရောင်းချနိုင်ပါပြီ။

ဟိုအရင်တုန်းက သနပ်ခါးတွေ ဈေးကွက်ကောင်းခဲ့ပါတယ်။ အခုအချိန်မှာက သနပ်ခါးဈေးကွက်က ထက်ဝက်နီးပါးကျဆင်းနေပြီ။ အရင်က လုံးပတ်ရောအပွေးပါလှုပြီး ငွေကျပ်နှစ်သောင်းလောက်ရတဲ့ သနပ်ခါးအပင်တွေက လက်ရှိမှာ ငွေကျပ် တစ်သောင်းဝန်းကျင်လောက်ပဲရတော့တယ်။ တချို့ငွေကြေးတတ်နိုင်သူတွေက ခြံအကျယ်ကြီးတွေနဲ့ သနပ်ခါးပင်တွေ စိုက်ပျိုးလာတာတွေများပြားလာတာရယ်၊ အခြားအကြောင်းအမျိုးမျိုးကြောင့် သနပ်ခါးဈေးကွက်က အပြိုင်အဆိုင်ဖြစ်လာပြီး အထွက်များပြီး ဝယ်လက်နည်းသွားတယ်။ ပခုက္ကူနဲ့ ဒေသတချို့က လက်ကားဝယ်လက်တွေကလည်း ပွဲတော်တွေရှိမှ ဖြုန်းအားကောင်းတော့ ဝယ်လက်တွေလည်း အလာပါးတယ်။ အခုနောက်ပိုင်းမှာ သနပ်ခါးစိုက်တာ မရှုံးပေမယ့် အရင်ကလောက် အကျိုးအမြတ် သိပ်မရချင်တော့ဘူး”ဟု ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# တောင်ကိုရီးယားနဲ့ ဂျပန်တို့ အနိုင်ရလဒ်ရှာဖွေမယ့် ၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲ

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ အောက်တိုဘာ ၄ ရက်နဲ့ ၅ ရက်တွေမှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွေ ကစားဖို့ရှိနေပါတယ်။ အာရှဇုန်အသင်းတွေဟာ ပွဲစဉ်နှစ်ပွဲစီ ကစားပြီးချိန်မှာ ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးကောင်းနေတဲ့ အသင်းတွေရှိနေသလို လက်ပြန္တတ်ဆက်ကိန်းဆိုက်နေတဲ့အသင်းတွေလည်း ရှိနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အကြိတ်အနယ် နွဲရမယ့်အသင်းတွေကလည်း မျှော်လင့်ချက်ပြည့်ဝဖို့အတွက် ဒီပွဲမှာ ရေကုန်ရေခန်း အားထုတ်လာမှာဖြစ်တဲ့အတွက် ပွဲကောင်းတွေကို အားပေးခွင့်ရကြဦးမှာဖြစ်ပါတယ်။

**ဂျပန်နှင့် အီရတ်**

အုပ်စု(B)မှာ ဂျပန်တို့ နှစ်ပွဲကစားပြီး သုံးမှတ်ရရှိထားသလို အီရတ်တို့ကတော့ နှစ်ပွဲကစား၊ နှစ်ပွဲစလုံး ရှုံးထားပါတယ်။ ဂျပန်တို့ဟာ ခြေစစ်ပွဲအောင်ဖို့အတွက် ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။ အီရတ်တို့အတွက်ကတော့ ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးနည်းပါးနေပြီး အခုပွဲမှာ ဂျပန်ကို အနိုင်ယူဖို့ဆိုတာကလည်း မလွယ်ပါဘူး။ ဂျပန်နဲ့အီရတ်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဂျပန်တို့ချည်းနိုင်ပွဲရရှိထားတာမို့ အခုပွဲမှာလည်း ဂျပန်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**တရုတ်နှင့် ဆီးရီးယား**

အုပ်စု(B)မှာ နှစ်သင်းစလုံး နှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်စီရရှိထားလို့အခြေအနေမကောင်းပါဘူး။ ခံစစ်ပိုင်းအားနည်းတဲ့ တရုတ်အသင်းဟာ တိုက်စစ်မှူးကောင်းသာရှိတဲ့ ဆီးရီးယားကိုတော့ အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ တရုတ်နဲ့ ဆီးရီးယားတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ အခုပွဲမှာ တရုတ်တို့ နိုင်ပွဲရဖို့ များပေမယ့် သရေပွဲလည်း ဖြစ်ပွားနိုင်ပါတယ်။



တောင်ကိုရီးယားအသင်း၏ တိုက်စစ်မှူး Son Heung Min

**တောင်ကိုရီးယားနှင့် ကာတာ**

အုပ်စု(A)မှာ တောင်ကိုရီးယားတို့ နှစ်ပွဲကစားပြီးချိန်မှာတစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရပြီး ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ရှင်သန်နေပါတယ်။ ကာတာတို့ကတော့ နှစ်ပွဲကစား၊ နှစ်ပွဲစလုံးရှုံးထားပါတယ်။ တောင်ကိုရီးယားတို့က အုပ်စု(A)မှာ အီရန်နဲ့အမှတ်တူနေတာမို့ အခုပွဲမှာ အနိုင်သုံးမှတ်ရဖို့ အားထည့်ကစားပါလိမ့်မယ်။ ကာတာရဲ့ ခြေစွမ်းကိုကြည့်ရင် တိုက်စစ်၊ ခံစစ်အားရစရာမရှိတာမို့ ဒီပွဲမှာ တောင်ကိုရီးယားတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**ဥဇဘက်ကစ္စတန်နှင့် အီရန်**

အုပ်စု(A)မှာ နှစ်သင်းစလုံး ခြေစွမ်းကောင်းပြသနေတဲ့ အနေအထားရှိတာမို့ အခုပွဲဟာ ပွဲကောင်းအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဥဇဘတ်တို့က ခံစစ်ပိုင်းလုံခြုံပြီး တိုက်စစ်အားမကောင်းပေမယ့် ရလဒ်ကောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ ဖော်ဆောင်နိုင်ပါတယ်။ အီရန်တို့ကလည်း ခံစစ်ပိုင်းခိုင်မာကျစ်လျစ်တာမို့ အခုပွဲမှာ တိုက်စစ်အပြိုင်ဖွင့်ပြီး အနိုင်ရဖို့ ကြိုးစားကြမယ့်ပွဲပါပဲ။ ဥဇဘတ်နဲ့ အီရန်တို့ တွေ့ဆုံခဲ့တဲ့ပွဲတွေမှာတော့ အီရန်က နိုင်ပွဲရတာများတာမို့ အခုပွဲမှာလည်း အီရန်တို့ မျှော်လင့်ချက်ထားနိုင်ပေမယ့် အမှတ်ခွဲယူကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ယူအေအီးနှင့် ထိုင်း**

ယူအေအီးတို့က အုပ်စု(B)မှာ နှစ်ပွဲကစား၊ သုံးမှတ်ရရှိထားပါတယ်။ ထိုင်းကတော့ နှစ်ပွဲစလုံးရှုံးထားတာမို့ အမှတ်မရသေးပါဘူး။ ထိုင်းတို့က ခံစစ်ပိုင်းအားနည်းချက်ရှိပြီး ယူအေအီးတိုက်စစ်ကို ဟန့်တားဖို့ ခက်ခဲဦးမှာပါ။ ယူအေအီးတို့ကတော့ တိုက်စစ်၊ ခံစစ်မျှတအောင် ကစားနိုင်တာမို့ ထိုင်းတို့ ပွဲကျပ်ဖြစ်နေပါတယ်။ ဒါပေမယ့် ထိုင်းအသင်းဟာ ယူအေအီးကို အနိုင်ကစားဖူးတဲ့ မှတ်တမ်းကောင်းတွေရှိတာမို့ ဒီပွဲက သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဆော်ဒီအာရေဗျနှင့် ဩစတြေးလျ**

အုပ်စု(B)မှာ ဩစတြေးလျတို့က နှစ်ပွဲကစားပြီးချိန်မှာ ခြောက်မှတ်ရယူထားတာမို့အခြေအနေကောင်းနေပါတယ်။ ဆော်ဒီအာရေဗျတို့ကလည်း နှစ်ပွဲကစား ခြောက်မှတ်ရယူထားတာမို့ ခြေစွမ်းကောင်းရရှိနေပါတယ်။ နှစ်သင်းစလုံးတိုက်စစ်၊ ခံစစ်ဟန်ချက်မျှနေပြီး ကစားအားလည်း ကွာဟမှု ကျဉ်းမြောင်းတာမို့ ဒီပွဲက ပွဲကောင်းတစ်ပွဲဖြစ်မှာ သေချာနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် ဩစတြေးလျတို့က ချည်း နိုင်ပွဲရရှိထားတာမို့ အခုပွဲက အဝေးကွင်းဆိုပေမယ့် ဩစတြေးလျတို့ အသာစီးရနိုင်တဲ့ပွဲပါပဲ။ ။

**မိုးမြင့်လင်းလက်**

# ဘင်တီကီရဲ့ ဂိုးကြောင့် ဒုတိယနေရာနဲ့ လွဲချော်ခဲ့ရတဲ့ အဲဗာတန်



အဲဗာတန်အသင်းဟာ ဂုတ်ဒီဇင်ပတ်(ခ်)မှာ ခရစ္စတယ်ပဲလေ့စ်အတွက် ချေပဂိုးသွင်းယူပေးခဲ့တဲ့အတွက် ပရီမီယာလိဂ်ဒုတိယနေရာတက်ခွင့်နဲ့ လွဲချော်သွားခဲ့ရပါတယ်။ အိမ်ရှင် အဲဗာတန်က လူကာကူရဲ့ဂိုးနဲ့ ခရစ္စတယ်ပဲလေ့စ်ကို ဦးဆောင်ခဲ့ပေမယ့် ဘင်တီကီရဲ့ချေပဂိုးကြောင့် မှန်းချက်နဲ့ လွဲချော်ခဲ့ရပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်းမှာ ထိုက်တန်တဲ့ ရမှတ်တစ်မှတ်ကို ရယူနိုင်ခဲ့ပါတယ်။ အဖွင့်ပွဲသုံးပွဲ မှာ တစ်မှတ်သာရခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်ဟာ နံပါတ် ၇ မှာ ရပ်တည်လာနိုင်ခဲ့ပါတယ်။ လီဗာပူးတိုက်စစ်မှူးဟောင်းဘင်တီကီရဲ့ ဂိုးကြောင့် အဲဗာတန်အသင်းဟာ တစ်မှတ် သာ စုဆောင်းနိုင်ပြီး တတိယနေရာမှာသာ ရပ်တည်နိုင်ခဲ့ပါတယ်။

# အင်္ဂလန်နည်းပြအလုပ်အတွက် ဆွေးနွေးသွားမယ်ဆိုတဲ့ ဝင်းဂါးနဲ့ ပိုချက်တီနို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနဲ့ စပါးအသင်းနည်းပြ ပိုချက်တီနိုတို့က အနာဂတ်မှာ အင်္ဂလန်နည်းပြ ရာထူးအတွက် ပွင့်လင်းစွာ ဆွေးနွေးသွားမယ်လို့ဆိုပါတယ်။ အက်ဖ်အေအနေနဲ့ ၆၇ ရက်တာ အင်္ဂလန်နည်းပြ တာဝန်ယူခဲ့တဲ့ ဆမ်အလာဒိုက်စ်ထွက်ခွာသွားပြီးတဲ့နောက် အင်္ဂလန်နည်းပြသစ်ကို ရှာဖွေနေပါတယ်။ တစ်နေ့တစ်ချိန်မှာ အင်္ဂလန်အသင်းရဲ့နည်းပြအလုပ်ကို လုပ်ကိုင်နိုင်လိမ့်မယ်လို့ ဝင်းဂါးနဲ့ ပိုချက်တီနိုတို့က ဆိုပါတယ်။

ဆမ်အလာဒိုင်စ်ဟာ အင်္ဂလန်အသင်းရဲ့နည်းပြ ရွိုင်ဟော့ဆန် ယူရို ၂၀၁၆ မှာ စိတ်ပျက်ပြီးထွက်ခွာခဲ့ရာမှ အစားထိုးဝင်ရောက်လာတဲ့ နည်းပြဖြစ်ပါတယ်။ သို့သော်လည်း ကစားသမား အပြောင်းအရွှေ့ပတ်သက်ပြီး အကြံပေးခဲ့ခြင်း အပေါ် ဒေးလီးတယ်လီဂရပ်ရဲ့ ဝေဖန်မှုကို ရင်ဆိုင်ခဲ့ရသဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ရပါတယ်။ ဆမ်အလာဒိုက်စ်ဟာ အင်္ဂလန်အသင်းကို ဆလိုဗက်ကီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ တစ်ပွဲသာ ကိုင်တွယ်ခဲ့ရပါတယ်။





# ကမ္ဘာ့ဖလားခြေစစ်ပွဲနဲ့ လွဲချော်နိုင်တဲ့ မာတာ

မန်ယူကွင်းလယ်ကစားသမား မာတာဟာ အောက်တိုဘာလမှာ အီတလီ၊ အယ်လ်ဗေးနီးယားတို့နဲ့ ကစားမယ့် စပိန်အသင်းမှာ ပါဝင်နိုင်ဖွယ်မရှိဘူးလို့ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ မာတာကို ယူရို ၂၀၁၆ မရှုံးနိမ့်မီကတည်းက စပိန်အသင်းနည်းပြသစ် လိုပီတီရှိုင်းက ခေါ်ယူထားခဲ့တာပါ။

သို့သော်လည်း ဘယ်လ်ဂျီယံအသင်းကို ချစ်ကြည်ရေးပွဲမှာ နှစ်ဂိုးပြတ်နဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ အဖွင့်ပွဲမှာ အနိုင်ရတဲ့ပွဲနှင့် လက်ချင်စတိန့်ကို ရှစ်ဂိုး-တစ် ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ လူစားအဖြစ်တောင် ပါဝင်ကစားခွင့်မရခဲ့ပါဘူး။ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်လည်း စပိန်အသင်းနဲ့ ပါဝင်နိုင်ဖွယ်မရှိပါဘူး။ ချယ်လ်ဆီး တိုက်စစ်မှူး ကော်စတာ၊ မန်ယူဂိုးသမား ဒီဂီယာနဲ့ မန်စီးတီးကစားသမား နှစ်ဦးဖြစ်တဲ့ ဆေးလ်ဗားနဲ့ နိုလီတိုတို့ စပိန်အသင်း ၂၃ ဦး စာရင်းမှာ ပါဝင်နိုင်ပါတယ်။ စပိန်အသင်းဟာ အုပ်စု (G) အောက်တိုဘာ ၆ ရက်မှာ အီတလီအသင်းနဲ့ ကစားပြီး အောက်တိုဘာ ၆ ရက်မှာ အယ်လ်ဗေးနီးယားနဲ့ ကစားမှာ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## သတင်းတိုများ

### အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်း

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်အောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကာ အဆိုပါသင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၃၀ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

သာယာဝတီခရိုင် မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကျင်းပသော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲကို အမှတ်(၂၇) စက်မှုလယ်ယာစခန်း၌ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။ အမှတ်(၂၇) စက်မှုလယ်ယာစခန်းမှ ဝန်ထမ်း ၃၂ ဦးတက်ရောက်ပြီး သင်တန်း၌ ဌာနစိတ်အလိုက် ဝန်ထမ်းများ၏ ဌာနတွင်းစွမ်းရည်မြင့်တက်စေရန်နှင့် ဌာန၏ တောင်သူဝန်ဆောင်မှုမြင့်မားစေရန်၊ အဆင်ပြေချောမွေ့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန် ခုနစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မြစ်ကြီးနားမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများသို့ ဆန်အိတ်များထောက်ပံ့

မြစ်ကြီးနားမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တော် စစ်ရှောင် စခန်းနှင့် ရွှေစက်ရပ်ကွက် နှစ်ခြင်းအသင်းတော် စစ်ဘေးရှောင်စခန်းတို့တွင် စက်တင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဂျေကော့ဘူ၊ ပြည်နယ်လူမှု ရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ဘေးရှောင်မိသားစု များအား တွေ့ဆုံအားပေးစကားပြောကြားကာ စခန်းတစ်ခုတွင် ဆန်အိတ် ၂၀ စီနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများလည်း ပေးအပ် ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက်ကာလအတွင်း တူးဖော်ခဲ့သည့်မြေသားရေကန် မိတ္ထီလာမြောက်ကန်ရေအောက်နစ်မြုပ်၍ သောက်ရေအခက်အခဲဖြစ်နေ

**မိတ္ထီလာ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စု အုတ်နဲ့ဘုတ်ကျေးရွာတွင် ရက် ၁၀၀ စီမံချက်ကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုငွေ ကျပ် ၈၅ သိန်းအကုန်အကျခံ၍ တူးဖော်ခဲ့သည့် မြေသားရေကန်မှာ မိတ္ထီလာမြောက်ကန်ရေအောက် နစ်မြုပ်သွားသဖြင့် ကျေးရွာမှ ဒေသခံအချို့ သောက်သုံးရေအတွက် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။



အုတ်နဲ့ဘုတ်ကျေးရွာမှ ရေဝင်ရောက်နစ်မြုပ်နေသော အိမ်များ

"မိတ္ထီလာမှာ မိုးအဆက်မပြတ် ရွာသွန်းပြီးတော့ မိတ္ထီလာမြောက်ကန် ရေလျှံတက်ခဲ့တဲ့ လွန်ခဲ့တဲ့ ၁၀ ရက်ခန့်ကစပြီး ရွာခြေကို ကန်ရေလာထောက်တယ်။ ရွာခြေကို ကန်ရေထောက်(တက်)လာတော့ ရွာအရှေ့ဘက်မှာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ထားတဲ့ မြေသားရေကန်က မိတ္ထီလာကန်ရေအောက် ရောက်သွားတယ်။ ရက် ၁၀၀ စီမံချက်ကာလအတွင်း တူးဖော်ပေးတဲ့ကန်က ကျေးရွာအတွက် အကျိုးပြုပေမယ့် အခုတော့ မိတ္ထီလာကန် ရေအောက်ရောက်သွားတာမို့ ကျေးရွာဒေသခံတွေအတွက် သောက်သုံးရေအခက်အခဲဖြစ်တယ်။ မြို့ပေါ်ဝန်ဇင်းရပ်ကွက်ဘက်ကို လှေနဲ့သွားပြီး သောက်သုံးရေခပ်နေရတယ်။ တချို့ လှေမရှိတဲ့မိသားစုဝင်တွေဆို သောက်သုံးရေအတွက် ပိုပြီး အခက်အခဲကြုံတွေ့ရတယ်"ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

အုတ်နဲ့ဘုတ်ကျေးရွာတွင် အဆိုပါ မြေသားရေကန်သာမက ရွာဦးဘုန်းတော်ကြီးကျောင်း အရှေ့တောင်ဘက်ရှိ ကိုယ့်အားကိုယ်ကိုး သောက်သုံးရေတွင်းမှာလည်း ကန်ရေအောက်တွင် နစ်မြုပ်သွားသဖြင့် ကျေးရွာမှ ဒေသခံအချို့သာမက ကျေးရွာစာသင်ကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသားတချို့လည်း သောက်သုံးရေအတွက် အခက်ကြုံနေရကြောင်း သိရသည်။

"ကျေးလက်ဦးစီးဌာနကတူးဖော်ပေးတဲ့ မြေသားရေကန်သာမကဘူး။ ကျေးရွာက ကိုယ့်အားကိုယ်ကိုးတူးဖော်ထားပြီး ဘိုးဘွားစဉ်ဆက်အသုံးပြုခဲ့တဲ့ ရွာဦးဘုန်းတော်ကြီးကျောင်း အရှေ့တောင်ဘက်မှာရှိတဲ့ သောက်ရေတွင်းကလည်း ကန်ရေထဲမှာ နစ်မြုပ်သွားတယ်။ ဒါကြောင့် ကျောင်းသားအချို့အတွက် သောက်ရေ အခက်အခဲဖြစ်နေတယ်။ ကျောင်းသားတချို့ဆိုတာက တချို့မိဘတွေက ကျောင်းသားအတွက် ကန်ရေကို ကြိုချက်ပြီး ရေနွေးလုပ်၊ ရေဘူးနဲ့ ထည့်ပေးတာမျိုး၊ ရေသန့်ဘူးဝယ်ပေးလိုက်တာမျိုးရှိပေမယ့် အဲဒီလို မတတ်နိုင်လို့ သောက်ရေဘူးမထည့်ပေးလိုက်တဲ့ ကျောင်းသားတချို့အတွက် သောက်သုံးရေက အခက်အခဲကြုံနေတယ်"ဟု အဆိုပါ အမက(၂၀၈) ကျောင်းအုပ်က ပြောသည်။

မိတ္ထီလာကန် ရေတက်ပြီးနောက် မိတ္ထီလာမြောက်ကန်၏အနောက်ဘက် ၁၁ မိုင်ခန့် အကွာရှိ အုတ်နဲ့ဘုတ်ကျေးရွာ နေအိမ်ဝိုင်းအချို့ထဲတွင် ကန်ရေများဝင်ရောက်ခဲ့ကာ သောက်သုံးရေသန့် လာရောက်လှူဒါန်းသူများ ယခုအချိန်အထိ တစ်ကြိမ်သာ လာရောက်ခဲ့သေးကြောင်း၊ ယင်းကျေးရွာတွင် အိမ်ခြေ ၁၄၀ ခန့်ရှိပြီး လူဦးရေ ၅၆၀ ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့၏ ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးအစည်းအဝေးပြုလုပ်

**ညောင်ဦး အောက်တိုဘာ ၂**

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့(SEAMEO)၏ (၁၅)ကြိမ်မြောက် သမိုင်း၊ ရိုးရာဓလေ့နှင့် ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးကို ညောင်ဦးခရိုင် ပုဂံမြို့သစ်ရှိ သဇင်ဂါဒင်းဟိုတယ်၌ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် SEAMEOမှ လက်ထောက်ညွှန်ကြားရေးမှူး Dr. Tinsiri Siribodhi တို့က အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာသည့် အရှေ့တောင်အာရှနိုင်ငံများရှိ ပညာရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ သမိုင်းနှင့် ရိုးရာဓလေ့အခြေခံသည့် ပညာရေးဆိုင်ရာပညာရှင်များက တစ်နှစ်တာဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ၊ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးကာ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးချမှတ်ခဲ့သည်။

ယင်းအစည်းအဝေးသည် အရှေ့တောင်အာရှနိုင်ငံများအားလုံး၏ သမိုင်းနှင့် ရိုးရာဓလေ့ကို အခြေခံသည့် ပညာရေးကဏ္ဍကို ဆက်လက်ထိန်းသိမ်းရန်နှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးကို နှစ်စဉ်တစ်နှစ် တစ်ကြိမ် ကျင်းပကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



(၅၂)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ်မြင့်တိုးနှင့် အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမင်းသူတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် စုစုပေါင်း ၆၀ တို့ မိတ္ထီလာပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာနောက်ဆုံးပတ်အတွင်းက စုပေါင်းသွေးလှူဒါန်းစဉ် ကိုရဲ

# ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပြီး ဆိုင်းဘုတ်စိုက်ထူ

**ကန်ကြီးထောင့် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ စက်တင်ဘာ ၃၀ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟစိုးက "သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေးဆိုသလို လျှပ်စစ်မီးကို ပြည်သူတွေ ပေါ့ပေါ့ဆဆမသုံးဘဲ အမြဲသတိနဲ့သုံးဖို့၊ အပြင်ထွက်တဲ့အခါ အိမ်မှာလူမရှိတဲ့အချိန်တွေမှာ မီးခလုတ်တွေသေချာပိတ်ပြီး မိန်းချထားဖို့၊ လျှပ်စစ်မီးကို လိုအပ်သလောက်ပဲသုံးပြီး ချွေတာသုံးစွဲရေး၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီတဲ့နေရာများမှာ တပ်ဆင်အသုံးပြုရန်၊ မလိုလားအပ်တဲ့ အသက်အန္တရာယ်ဆုံးရှုံးမှုများ မဖြစ်စေရန်အတွက် လျှပ်စစ်မီးကြိုးများ ပြတ်ကျ၊ပြတ်ကျမှုတွေတွေ့ရင် မြို့နယ်လျှပ်စစ်ရုံးကို အမြန်အကြောင်းကြားဖို့ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြို့နယ်အတွင်းက မီးလင်းပြီးကျေးရွာများသို့လည်း ကွင်းဆင်းပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ကန်ကြီးထောင့်မြို့အမှတ်(၁) ရပ်ကွက်ရှိ လူစည်ကားရာနေရာများဖြစ်သော ကားဂိတ်၊လက်ဖက်ရည်ဆိုင်များတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး မြေစိုက်ပိုစတာကို ရွှေဘိုတန်းလမ်းမကြီး၏ဘေးတွင် စိုက်ထူခဲ့ကာ ဆက်လက်၍ အမှတ်(၃)ရပ်ကွက်ရှိ ရောသီရိသုခခန်းမ၌ ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟော ပြောခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



# လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ကလေးမြို့နယ်၌ ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်း

**ကလေး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွက် ပြည်ထောင်စုလွှတ်တော်မှ ထောက်ပံ့သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက ငွေကြေးသုံးစွဲမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီးကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်က ရန်ပုံငွေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်မျိုးက ကျေးရွာအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စုစုပေါင်း ၇၂ ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းတံတားလုပ်ငန်း ၆၆ ခုအတွက် ကျပ်သိန်း ၈၈၀၊ ရေရရှိရေးလုပ်ငန်း ငါးခုအတွက် ကျပ်သိန်း ၉၀၊ အခြားလုပ်ငန်းတစ်ခုအတွက် ကျပ် ၃၀ သိန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အမေရိကန်နိုင်ငံ၏ ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုလုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ

**ဆောင်းပါး - သန်းဇော်**

**ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှု**

ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုဆိုသည်မှာ စည်းမျဉ်းဖြစ်စေ၊ ဥပဒေဖြစ်စေ လိုက်နာစေရန် အရေးယူပြစ်ဒဏ်၊ တရားဝင်ခွင့်ပြုမိန့်ဟု အဓိပ္ပာယ်ဆောင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) နိုင်ငံအများက အခြားနိုင်ငံတစ်နိုင်ငံအပေါ် ယင်း၏တာဝန်ရှိမှုကိုလိုက်နာစေရန် အရေးယူမှုဖြစ်ပါသည်။

**နိုင်ငံတကာပြစ်ဒဏ်ခတ် အရေးယူပိတ်ဆို့မှု**

နိုင်ငံတကာပြစ်ဒဏ်ခတ် အရေးယူပိတ်ဆို့မှုဆိုသည်မှာ တစ်ဖက်သတ်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက်(သို့မဟုတ်)ဘက်ပေါင်းစုံဖြစ်စေ နိုင်ငံအများမှ အခြားနိုင်ငံအပေါ် နိုင်ငံရေးအခြေအနေကြောင့် ပြစ်ဒဏ်ခတ်အရေးယူခြင်းဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာအရေးယူမှုများ**

(၁) သံရုံးကဲ့သို့သော သံတမန်ဆက်ဆံရေး သံရုံးဝန်ထမ်းအဆင့် လျှော့ချဆက်ဆံခြင်း၊ သံတမန်ဆက်ဆံမှုရပ်ဆိုင်းခြင်း။

(၂) ကုန်သွယ်မှု ရပ်ဆိုင်းခြင်း၊ တိကျသောကဏ္ဍ(ဥပမာ-လက်နက်ကုန်သွယ်မှု)ကန့်သတ်ခြင်း။ (ခြွင်းချက်အနေဖြင့် အစားအသောက်၊ ဆေးဝါးများကို ကုန်သွယ်မှုခွင့်ပြုပေးခဲ့ပါသည်။ ဥပမာအနေဖြင့် အီရတ်နိုင်ငံအား အစားအသောက်နှင့် ရေနံ လဲလှယ်ကုန်သွယ်ရန် ခွင့်ပြုခဲ့ပါသည်)

(၃) စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုရပ်ဆိုင်းခြင်း။

(၄) အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှု တားမြစ်ခြင်း။

**ကွဲပြားခြားနားသော အရေးယူမှု အခြားပုံစံများ**

(၁) ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြင့် ပြစ်ဒဏ်ခတ်အရေးယူခြင်း၊

(၂) UNSC မှချမှတ်သော ဆုံးဖြတ်ချက်များကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်နှင့် အခြားနိုင်ငံများမှ ပြစ်ဒဏ်ခတ်အရေးယူခြင်း၊

(၃) UNSC မှ ဆုံးဖြတ်ချက် မချမှတ်နိုင်သော်လည်း ဥရောပသမဂ္ဂအစီအစဉ်ဖြင့် Sanctions ပြစ်ဒဏ်ခတ်အရေးယူခြင်း။

**အမေရိကန်၏ အရေးယူပိတ်ဆို့မှုလုပ်ငန်းစဉ်**

အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးရည်မှန်းချက်အပေါ် အခြေခံပြီး နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးမူဝါဒတို့အပေါ် ခြိမ်းခြောက်လာနိုင်သော အဖျက်စွမ်းအားပြင်းလက်နက်များ ထုတ်လုပ်သော၊ သတ်မှတ်ထားသည့် ပြည်ပနိုင်ငံများ၊ ထိုနိုင်ငံများ၏အစိုးရများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးရောင်းဝယ်သူများ (နိုင်ငံ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်း)၊ အငြင်းပွားဖွယ်ရာကိစ္စရပ်များအပေါ် စီးပွားရေးနှင့် ကုန်သွယ်မှု ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများချမှတ်ပြီး အမေရိကန်၏ တရားစီရင်မှုအောက်တွင် အရေးယူမှုများပြုလုပ်ခဲ့ပါသည်။

စီးပွားရေး ပြစ်ဒဏ်ခတ်အရေးယူမှုများနှင့် ပတ်သက်ပြီး အမေရိကန်အစိုးရသည် ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာသဘောတူဆုံးဖြတ်ချက်များအပေါ်အခြေပြု၍ အခြားညွန့်ပေါင်းမိတ်ဖက်နိုင်ငံ အစိုးရများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး ဘက်ပေါင်းစုံ ကျယ်ပြန့်စွာ ပြစ်ဒဏ်ခတ်အရေးယူမှုများကို ဆောင်ရွက်ခဲ့ပါသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံ နိုင်ငံရပ်ခြားပိုင်ဆိုင်မှု ထိန်းချုပ်ရေးရုံး(Office of Foreign Assets Control-OFAC) ဖွင့်လှစ်ပြီး ထို OFAC ရုံးအားသမ္မတ၏ အမျိုးသားအရေးပေါ်အခြေအနေ အာဏာအောက်တွင် တိကျသော ဥပဒေပြုခွင့် အခွင့်အာဏာပေးထားပြီး အမေရိကန် တရားစီရင်မှုအောက်တွင် ပိုင်ဆိုင်မှုနှင့် ငွေကြေးစီးဆင်းမှုများကိုထိန်းချုပ်ရန် စီမံအကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။

ထို OFAC အဖွဲ့သည် ပြစ်ဒဏ်ခတ် အရေးယူပိတ်ဆို့မှုချမှတ်ခံရသော နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ နိုင်ငံရပ်ခြားပိုင်ဆိုင်မှု၊ ငွေကြေးစီးဆင်းမှု၊ ကုန်သွယ်မှုတို့ကို ထိန်းချုပ်နိုင်ရန် ဘဏ္ဍာရေးအခြေအနေထောက်လှမ်းခြင်းနှင့် အာဏာတည်ရန် စည်းမျဉ်း၊ နည်းဥပဒေတို့ကို ပြဋ္ဌာန်းပေးရပါသည်။

ထို့ပြင် OFAC အဖွဲ့သည် အရေးယူပိတ်ဆို့ရန် သတ်မှတ်ထားသောနိုင်ငံ၊ ထိုနိုင်ငံ၏ ကိုယ်စားဆောင်ရွက်သူ၊ ထိုနိုင်ငံကို ပံ့ပိုးကူညီသော လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ (အကြမ်းဖက်အဖွဲ့၊ မူးယစ်ဆေးဝါး ကုန်သွယ်ရောင်းဝယ်ဖောက်ကားသောအဖွဲ့) တို့ကို အထူးပစ်မှတ်ထားကာ အရေးယူပိတ်ဆို့မှုအောက်တွင် ရှိနေသော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများစာရင်း ထုတ်ပြန်ကြေညာပြီး ပြစ်ဒဏ်ခတ် အရေးယူပိတ်ဆို့ရန် ဥပဒေပြဋ္ဌာန်းရပါသည်။

ဖြေလျှော့ခြင်း၊ ပယ်ဖျက်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်း စသည့် အမည်စာရင်းတို့ကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ရပြီး အရေးယူအုပ်ချုပ်နိုင်ရန် ဖော်ပြထားသော အစီအမံအသေးစိတ်ကို ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုအစီအစဉ်ဖြင့် ဖော်ပြရပါသည်။(တစ်နည်းအားဖြင့် နိုင်ငံရပ်ခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး OFAC သည် စီးပွားရေး ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ဥပဒေပြုအဖွဲ့လေး ဖြစ်ပါသည်။)

ကိုရီးယားစစ်ပွဲသို့ တရုတ်နိုင်ငံပါဝင်လာပြီးနောက် ၁၉၅၀ ခုနှစ်တွင် OFAC အဖွဲ့ကို စတင်ဖွဲ့စည်းပြီး သမ္မတ ထရူးမင်းသည် နိုင်ငံအရေးပေါ်အခြေအနေကြေညာကာ တရုတ်နှင့်ကိုရီးယားလူမျိုးများ၏ ပိုင်ဆိုင်မှုအပေါ်(ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ခြင်း) တရားစီရင်ခွင့်အာဏာ ကျင့်သုံးခဲ့ပါသည်။ OFAC မတိုင်မီ ၁၉၄၀ ခုနှစ်တွင် နော်ဝေနိုင်ငံသို့ နာဇီဂျာမန်တို့ ကျူးကျော်ဝင်ရောက်ပြီးနောက် ပြည်ပရန်ပုံငွေထိန်းချုပ်ရေးရုံးကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

**ဥပဒေ(၂) ခုနှင့် သမ္မတ၏ အုပ်ချုပ်ရေးအမိန့်အာဏာ**

အမေရိကန်နိုင်ငံ၏ ၃၈ ယောက်မြောက်သမ္မတ ဂျင်နရယ်ဖို့က (၉၄) ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေး (၁၉၇၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်)တွင် အမျိုးသားအရေးပေါ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေသည် နိုင်ငံ၏အရေးပေါ်အခြေအနေတွင် သမ္မတအား အုပ်ချုပ်ရေးအာဏာပေးထားခြင်းဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၏ ၃၉ ယောက်မြောက်သမ္မတ ဂျင်မီကာတာက (၉၅)ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေး(၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်)တွင် နိုင်ငံတကာအရေးပေါ်စီးပွားရေးစွမ်းအား အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေသည် အမျိုးသားအရေးပေါ် အက်ဥပဒေပြဋ္ဌာန်းချက် (နိုင်ငံအရေးပေါ်အခြေအနေ ကြေညာပြီးနောက်)အောက်တွင် အမေရိကန်သမ္မတအား အခွင့်အာဏာ ထပ်မံပေးထားခြင်းဖြစ်ပါသည်။

ထို (IEEPA)သည် နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံ၏အကျိုးစီးပွားကို အမေရိကန်ပြင်ပမှ ပုံမှန်နှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတအား ထိုခြိမ်းခြောက်သော နိုင်ငံ၊ အဖွဲ့အစည်း၊ ထိုနိုင်ငံအားပံ့ပိုးသူတို့၏ ပိုင်ဆိုင်မှု၊ ရွှေ့ပြောင်းမှုတို့ကို ပိတ်ပင်တားဆီးရန် စီရင်ပိုင်ခွင့်အာဏာ ပေးထားခြင်းဖြစ်ပါသည်။

အမေရိကန်သမ္မတသည် ပြည်ထောင်စုအစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့များ၏ စီမံခန့်ခွဲလုပ်ဆောင်မှုများကိုကူညီရန် သမ္မတ၏ အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအဖွဲ့သို့ တိုက်ရိုက်အာဏာခွင့်ပြုပေးထားသော ဥပဒေပြုရေးအခွင့်အာဏာကို အသုံးပြု၍ ဥပဒေကဲ့သို့အာဏာတည်သော အုပ်ချုပ်ရေးအမိန့်ကို သမ္မတက ထုတ်ပြန်ပါသည်။ အမေရိကန်ဖွဲ့စည်းပုံတွင် အုပ်ချုပ်ရေးအမိန့်နှင့်ပတ်သက်ပြီး တိကျသော အသေးစိတ်ခွင့်ပြုထားသော ပြဋ္ဌာန်းချက် မတွေ့ရှိရပါ။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သမ္မတအား တိကျစွာ ခွင့်ပြုပေးထားသောပုဒ်မကို အသုံးပြု၍ဖြစ်စေ၊ ကွန်ဂရက်မှ သမ္မတအား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားခြင်းဖြင့်ဖြစ်စေ ယင်းတို့ကိုအသုံးပြုပြီး သမ္မတမှ အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်နိုင်ပါသည်။

သမ္မတရုံးမှလက်မှတ်ရေးထိုးပြီးသော အုပ်ချုပ်ရေးအမိန့်များကို ပြည်ထောင်စုမှတ်ပုံတင်ရုံးမှ ပြည်ထောင်စုမှတ်ပုံတင်အဖြစ် ပုံနှိပ်ပြီး ပြည်ထောင်စုအစိုးရ၏ တရားဝင်ဂျာနယ်မှ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် (ရုံးပိတ်ရက်မှအပ နေ့စဉ်) ထုတ်ဝေပါသည်။ သမ္မတအုပ်ချုပ်ရေးအမိန့်များသည် အမျိုးသားအရေးပေါ်အက်ဥပဒေ၊ နိုင်ငံတကာ အရေးပေါ်စီးပွားရေးစွမ်းအား အက်ဥပဒေများနှင့် အခြားသီးသန့်ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ရန် သတ်မှတ်ထားသော နိုင်ငံများအတွက် ပြဋ္ဌာန်းထားသော ဥပဒေ ( ဥပမာ-Tom Lantos Block Burmese JADE) (Junta's Anti-Democratic Efforts) စသည်တို့နှင့် ချိတ်ဆက်ထားပြီး အမေရိကန်၏ ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ရန် (US sanctions)ဥပဒေများ ချမှတ်ထားခြင်းဖြစ်ပါသည်။

**အမေရိကန်တို့၏ ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ရသည့် အကြောင်းရင်း**

မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံမှ Sanctions ချမှတ်အရေးယူခဲ့မှုများကို လက်လှမ်းမီသလောက် လေ့လာရာတွင် အမေရိကန်အစိုးရက Sanctions ချမှတ်ရသည့်အကြောင်း ထုတ်ပြန်ရာတွင် အဓိကအချက်များမှာ-

(၁) ဒီမိုကရေစီအင်အားစုများကို ဖိနှိပ်ခြင်း

(၂) နိုင်ငံရေးအကျဉ်းသားများ ထိန်းသိမ်းထားခြင်း

(၃) နိုင်ငံရေးဖိနှိပ်မှုများနှင့် ဆက်နွှယ်သော လူ့အခွင့်အရေး အလွဲသုံးစားပြုခြင်း၊

(၄) လူကုန်ကူးခြင်း၊ ကလေးစစ်သား၊ အရွယ်မရောက်သူများကို စေခိုင်းခြင်း၊

(၅) အမျိုးသမီးနှင့် လူနည်းစုများကို ခွဲခြားဆက်ဆံခြင်း၊

(၆) အကျင့်ပျက်ခြစားခြင်း၊

(၇) မြောက်ကိုရီးယားနှင့် စစ်ဘက်ဆက်ဆံရေးရှိခြင်း

(၈) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အား အကောင်အထည်မဖော်ခြင်း

တို့ကြောင့် ဖြစ်သည်။

အမေရိကန်မှ ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှု ချမှတ်ခဲ့သော ခုနှစ်နှင့် အနီးကပ်ဆုံးဖြတ်စဉ်များကို လက်လှမ်းမီသလောက် လေ့လာရာတွင်-

(၁) ၁၉၉၆ ခုနှစ်- Visit Myanmar Year နှင့် ရန်ကုန်တက္ကသိုလ် စိန်ရတုလှုပ်ရှားမှု(senior officers of SLORC, US visa ပိတ်ထား)။

(၂) ၁၉၉၇ ခုနှစ်- မြန်မာနိုင်ငံအား ASEAN အဖွဲ့ဝင်အဖြစ် လက်ခံခြင်း။

(၃) ၂၀၀၃ ခုနှစ်- ဒီပဲယင်းဖြစ်စဉ် (Burma Freedom and Democracy Act of 2003 ကို US ပြဋ္ဌာန်းခဲ့)။

(၄) ၂၀၀၇ ခုနှစ်- ရွှေဝါရောင်လှုပ်ရှားမှု။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် Sydney Morning Herald Newspaper နှင့် တပ်မတော်အရာရှိတွေ့ဆုံသော Interview မှ Myanmar Nuclear Ambitions ဖော်ပြမှု။

(၅) ၂၀၀၈ ခုနှစ်တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ ဝင်ငွေရရှိမှု၊ (ကျောက်မျက်၊ သစ်၊ သတ္တု US သို့ တင်သွင်းမှုပိတ်ပင်)၊ (Tom Lantos Block Burmese JADE ( Junta's Anti-Democratic Efforts) Act of 2008 ပြဋ္ဌာန်းခဲ့၊)။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်သူ့ဆန္ဒခံယူခြင်း။

(၆) နိုင်ငံတွင်းအခြေအနေနှင့် သက်တမ်းပြည့်သွားသော Sanctions များကို ထပ်မံသက်တမ်းတိုးခြင်း။

**ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ရန် ရည်ရွယ်ခဲ့သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ**

(၁) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် အစိုးရ ထိပ်ပိုင်းအရာရှိအချို့။

(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊

(၃) အစိုးရအားပံ့ပိုးသူ/ပံ့ပိုးသောအဖွဲ့၊ အစိုးရကိုယ်စားဆောင်ရွက်သူ/ အဖွဲ့။

**နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ဖြူတော်ခရီးစဉ် ရလဒ်ကောင်းအဖြစ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို မကြာခင် ရုပ်သိမ်းဖယ်ရှားပေးမည်ဟု သမ္မတအိုဘားမားက ပြောကြားသည့် သတင်းကောင်းကို (စက်တင်ဘာလ ၂၄ ရက်)တွင် ကြားသိရပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့ထားသော သမ္မတအုပ်ချုပ်ရေး အမိန့်များ၊ ဥပဒေများနှင့် စည်းမျဉ်းများ**

အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများမှာ Executive Orders(EO) သမ္မတအုပ်ချုပ်ရေးအမိန့်ခြောက်ခု၊ Statues ဥပဒေငါးခုတို့ဖြင့် ဆောင်ရွက်ထားခြင်း ဖြစ်သည်။

ကွန်ဂရက်မှပြဋ္ဌာန်းထားသောဥပဒေများကို ပယ်ဖျက်နိုင်ရန် ကွန်ဂရက်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သမ္မတအုပ်ချုပ်ရေးအမိန့်များမှာလည်း ထိုဥပဒေများနှင့် ချိတ်ဆက်ထားခြင်းဖြစ်သဖြင့် ပယ်ဖျက်ဖယ်ရှားရေးအတွက် အချိန်အနည်းငယ်ယူရန်လိုအပ်ခြင်းကြောင့် မကြာခင်ဟု သမ္မတအိုဘားမားက သတင်းထောက်များ၏ မေးခွန်းကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

(သို့သော် အမေရိကန်သည် Sanctions မဖြေလျှော့မီ ကြိုတင်ထိတွေ့လုပ်ဆောင်မှုများကို (ယခုနှစ် ဩဂုတ်လအတွင်း)က ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံသို့ စီးပွားရေးနှင့် ပတ်သက်သော အမေရိကန်အဆင့်မြင့်အရာရှိများ လေးကြိမ်ခန့် လာရောက်ခဲ့ပါသည်။)

**ပြစ်ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများမှ ဖယ်ရှားပေးခဲ့သော နိုင်ငံပိုင်ဘဏ်နှင့် နိုင်ငံပိုင် လုပ်ငန်းများ**

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မေလ ၁၇ ရက်နေ့တွင် (OFAC) သည် အထူးပစ်မှတ်ထား အရေးယူပိတ်ဆို့မှုအောက်တွင် ရှိနေသော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများစာရင်း (Specially Designated Nationals and Blocked Persons List-SDN List) မှ နိုင်ငံပိုင်လုပ်ငန်းခုနစ်ခု (မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့ပုလဲလုပ်ငန်း၊ မြန်မာ့ကျောက်မျက်လုပ်ငန်း၊ အမှတ်(၁/၂/၃) သတ္တုတွင်းလုပ်ငန်း၊ သမဝါယမထုတ်ကုန်သွင်းကုန်လုပ်ငန်း)၊ နိုင်ငံပိုင်ဘဏ်သုံးခု(မြန်မာ့စီးပွားရေးဘဏ် MEB၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် MFTB၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် MICB) တို့ကို (US sanctions)မှ ဖယ်ရှားပေးခဲ့ပြီးဖြစ်ပါသည်။

**စီးပွားရေးပိတ်ဆို့မှုစာရင်းသို့ ထပ်မံပေါင်းထည့်ခြင်း**

အထက်ပါ (၂၀၁၆ ခုနှစ် မေလ ၁၇ ရက်)တွင် Steven Law (သို့မဟုတ်) Asia World မှ ၅၀ ရာခိုင်နှုန်းနှင့်အထက်ပိုင်ဆိုင်သော အောက်ပါကုမ္ပဏီခြောက်ခု

(၁) Asia Mega Link Co., Ltd.,

(၂) Asia Mega Link Services Co., Ltd.,

(၃) Pioneer Aerodrome Services Co., Ltd.,

(၄) Green Asia Services Co., Ltd.,

(၅) Global World Insurance Co., Ltd.,

(၆) Shwe Nar Wah Co., Lted., ကို အထူးပစ်မှတ်ထား အရေးယူပိတ်ဆို့မှုအောက်တွင်ရှိနေသော တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများစာရင်း (SDN List)ထဲသို့ ထပ်မံပေါင်းထည့်ခဲ့ပါသည်။ ။

# ကလေးငယ်များ စာကြည့်တိုက်တွင်ပျော်ရွှင်ရန် ကစားနည်းများဖြင့်ဆွဲဆောင်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံး စာကြည့်တိုက်၌ ကလေးငယ်များ စာကြည့်တိုက်သို့လာရောက်ရန် စိတ်ဝင်စားစေရန်နှင့် စာကြည့်တိုက်တွင် ပျော်ရွှင်စေရန်၊ ထိုမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာစေရန်အတွက် ဂိမ်းကစားနည်းများ၊ အရုပ်ဆက်နည်းများ၊ အင်္ဂလိပ်စာဘာဏ်စမ်းပဟေဠိကစားနည်းများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုကစားနည်းများဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းသားအရွယ် ကလေးငယ်များအနေဖြင့် ပြည်သူ့စာကြည့်တိုက်တွင် ပြင်ပဗဟုသုတများ ရှာဖွေလေ့လာခြင်းနှင့် စာပေဖတ်ရှုမှု အလေ့အထ စွဲမြဲလာစေရန်အတွက် ကစားနည်းများဖြင့် ဆွဲဆောင်ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနအနေဖြင့် ပြည်သူများ စာပေဖတ်ရှုမှုအလေ့အထတိုးလာရန်အတွက် ရုံး၊ ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်များ၊ ဈေးများအတွင်း ရွေ့လျားစာကြည့်တိုက် (Mobile Library)များကိုလည်း အပတ်စဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဌာနဆိုင်ရာ/အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာများ၊ ကူးစက်ရောဂါများ၏ အန္တရာယ်များနှင့် ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုအကြောင်းနှင့် လူကုန်ကူးမခံရအောင် ကာကွယ်ရေး၊ မူးယစ်ဆေးဝါး၏ အန္တရာယ်များအကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာများ စသည်တို့ကို ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပညာပေး ဟောပြောခြင်းများကိုလည်း အခြေခံပညာကျောင်းများနှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများအကြောင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနအဖွဲ့(JICA)နှင့် ဩစတြေးလျ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးသုတေသနအဖွဲ့(ACIAR)တို့ ပူးပေါင်း၍ စိုက်ပျိုးရေးတက္ကသိုလ်၌ ပြုလုပ်နေသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ဆွေးနွေးသည့် SWOT Analysis Workshop အလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ စက်တင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

"SWOT ဆိုတာကတော့ (Strength) စိုက်ပျိုးရေးတက္ကသိုလ်မှာ အားသာချက်ဘာတွေရှိလဲ၊ (Weakness) ကျောင်းမှာ လူ့စွမ်းအားအရင်းအမြစ် နည်းနေသလား၊ ပစ္စည်းနည်းနေသလား၊ လျှပ်စစ်မီးနည်းနေသလား အဲဒါကို Analysis လုပ်တာ။ (Opportunity) ကျောင်းမှာရရှိနေတဲ့အခွင့်အရေးတွေ၊ (Threat) စိန်ခေါ်မှုတွေရှိနေတာတွေကို ဆွေးနွေးတဲ့ပွဲလေးပဲ ဖြစ်ပါတယ်။ ဥပမာ စိုက်ပျိုးရေးတက္ကသိုလ်မှာ ဒီနှစ်ကျောင်းသား ၂၄၀၀ ကျော် လာလျှောက်တယ်။ ဒါပေမယ့် ကျောင်းဖွဲ့စည်းပုံအရ ကျောင်းသားလေးရာလောက်ပဲ လက်ခံလို့ရတယ်။ ဒါတွေက ကျောင်းရဲ့စိန်ခေါ်မှုတွေပဲ။ သုတေသနလုပ်ငန်းတွေ၊ တကယ်ဆို ကော်ဖီက မေမြို့မှာစိုက်တယ်။ သနပ်ခါးဆို မုံရွာဘက်မှာစိုက်တယ်။ ကုလားပဲတို့ ဂျုံတို့ဆို အထက်မြန်မာပြည်မှာပဲ ရှိတယ်။ ပဲ၊ နှမ်းဆိုရင် မကွေးတိုင်းဘက်မှာ အများဆုံးစိုက်တယ်။ အာလူးဆိုရင်လည်း ရှမ်းပြည်မှာစိုက်တယ်၊ ဆင်ဖြူကျွန်းမှာစိုက်တယ် စသဖြင့်ပေါ့။ အဲဒီနေရာတွေမှာ စိုက်ပျိုးရေးတက္ကသိုလ်နဲ့ သုတေသနလုပ်ငန်းတွေ တွဲလုပ်မယ်ဆိုရင် ပိုကောင်းတယ်။ အဲဒီအထိ Analysis လုပ်နေပါတယ်။ ဒီပေါ်မှာမူတည်ပြီးတော့မှ ဘာတွေဆက်သွားမလဲဆိုတဲ့ စီမံကိန်းတွေရှိပါတယ်။ ကျွန်တော်တို့ရဲ့တာဝန်က လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးဖို့ တာဝန်ရှိတဲ့အတွက် အဲဒါတွေက ကျောင်းရဲ့စိန်ခေါ်မှုတွေပါပဲ"ဟု ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် နိုင်ငံတကာနှင့်ပူးပေါင်း၍ မြန်မာပြည်၏ စိုက်ပျိုးရေးအတွက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်နှင့် ကျောင်းတွင်လိုအပ်နေသည့် သင်တန်းများဖြစ်သော အစားအသောက်သိပ္ပံနည်းပညာ၊ အစာအာဟာရပညာ၊ တိုးချဲ့ပညာပေးရေး၊ တောင်သူစိုက်ပျိုးပညာပေးရေး၊ စိုက်ပျိုးအင်ဂျင်နီယာ စသည့်သင်တန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- ဇူလိုင်မိုး**

## မြိုင်ကြီးငူစစ်ဘေးရှောင်စခန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးပြီး အရေးပေါ်သုံးပစ္စည်းများ ထောက်ပံ့

**ဘားအံ အောက်တိုဘာ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲလရော ဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းသည့်အတွက် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများမှ ကိုယ်ဝန်ဆောင်မိခင်များအား ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးမှုများ စက်တင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သည့် ကိုယ်ဝန်ဆောင်များအတွက် အရေးပေါ်သုံး ပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာရဲဝင်းက စစ်ဘေးရှောင်စခန်းရှိကိုယ်ဝန်ဆောင်မိခင်များအား အန္တရာယ်ကင်းစွာမွေးဖွားနိုင်ပြီး မိခင်ရောကလေးပါ ကျန်းမာစေရေးအတွက် သိသင့်သိထိုက်သည့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်းရီ၊ ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းနှင့် အသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင် ၄၃ ဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သော ထဘီ၊ အင်္ကျီ၊ အတွင်းခံ၊ ဖိနပ်၊ ကလေးအနှီးပိတ်စ၊ ကာဘော်လစ်ဆပ်ပြာ၊ ဆိုလာဓာတ်မီး၊ တစ်ခါသုံးမွေးအိတ်(CDK) စသည်တို့ပါဝင်သော အထောက်အကူပြုအိတ်များကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သည့် စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ၊ အောင်မြင်သူများအား ဆုချီးမြှင့်

**နတ်မောက် အောက်တိုဘာ ၂**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ဂုဏ်ထူးရအောင်မြင်သူများအား ဇာနည်တံခွန်ပညာဒါနအသင်းမှ စက်တင်ဘာ ၃၀ ရက်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ခန်းမ၌ ကျင်းပခဲ့သည့် ဆုပေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အမှာစကားပြောကြားပြီး ဇာနည်တံခွန် ပညာဒါနအလှူရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမင်းနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကျော်တို့က ဇာနည်တံခွန် ပညာဒါနအလှူရှင်အသင်း၏ ရည်ရွယ်ချက်နှင့် ပညာရေးကဏ္ဍတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေမှုများ၊ အခြေခံပညာအထက်တန်းတွင် ထူးချွန်စွာအောင်မြင်သော ဆင်းရဲနွမ်းပါး သည့် ကျောင်းသား ကျောင်းသူများကို နှစ်စဉ်ပညာသင်ဆုများ ပေးအပ်သွားမည့်အစီ အစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာမှ တစ်ဘာသာအထိ ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၁၅ ဦးအား တစ်ဘာသာလျှင် ကျပ်တစ်သောင်းစီဖြင့် စုစုပေါင်း ကျပ် ၁၇၃၀၀၀၀ ကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**


ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ကမီဆွမ်းမျှော်ပွဲ သို့
▲ အင်းလေးပွဲ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ ပင်းတယ
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
▲ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
Oct 7,14,15 အပတ်စဉ်သောကြာ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ကမီဆွမ်းမျှော်ပွဲ၊ မော်လမြိုင်၊ ဝက်စဲ၊ နွားလပို့တောင်။
▲ (ကျိုက်ထီးရိုး-နေ့စဉ်)(သာမည၊ မြဝတီ၊ မဲဆောက်-အပတ်စဉ်သောကြာ)
▲ (ပြည်အနှံ့၊ အကောက်တောင်)(ဖလွန်)(ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်)
ပန်းဆိုးတန်း 01-240860/01-372290 ဖုန်း 09-49282825,09-421029191

San brotherhood
"စစ်ဆေး စမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း (၃ နှစ်အာမခံ)
အဝတ်လျှော်စက် 185,000 Ks
အဝတ်ခြောက်စက် 220,000 Ks
အဝတ်လျှော်စက် 140,000 Ks
တပ်ဆင်ပြီးဈေးနှုန်း
1HP 250000 Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
FMI City (လှိုင်သာယာ) 706193,09-5084831,682445(Ext)1421
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 703684, 09-43130068
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738 , 09-450023810
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
▶ ဒီဇင်ဘာအိမ်ရာ စီးပွားရေးတက္ကသိုလ်အနီး (၁၀၀ × ၁၀၀) ပေပါမစ်မြေ (ထောင့်ကွက်) - (၁၆၅၀) သိန်း
▶ ညောင်နှစ်ပင် - ကြာကန်ကျေးရွာ ၀.၄၆ဧက၊ ရေ၊ မီးပါ၊ ခြံပြေစာ - (၃၈၀) သိန်း
Ph: 09-49342067, 09-785084831

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၇၃၊ မြေမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
Ph: 09254009334, 09254009335, 09254009336

ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်
ကော့မှူးမြို့နယ် အထက (ကော့မှူး) အဌမတန်း (ဒီ) မှ မပြည့်မင်းသူခိုင်နှင့် မူလွန် (ပတုတ်) မှ ဆဌမတန်းမှ မောင်သူရလင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင်နှင့် မိခင်အမည်မှန်မှာ ဒေါ်မေစန်းယုမော်တို့ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်တော်များ Agro Power Co.,Ltd.၏ ကုမ္ပဏီမှတ်ပုံတင်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။
ဖုန်း-၀၉-၄၄၈၀၄၅၁၂၂

အသစ်ဖွင့်လှစ်မည့်စားသောက်ဆိုင်အတွက် အရည်အချင်းရှိသော အောက်ပါဝန်ထမ်းများအလိုရှိသည်။
■ မန်နေဂျာ (၁)ဦး
■ ရှမ်းအစားအစာစားဖိုမှူး (၃)ဦး
■ မီးဖိုချောင်အကူ (၂)ဦး
■ စားပွဲထိုး (၆)ဦး
လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်းမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၉၁/၁၀၅)၊ အခန်းအမှတ် (E1)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၁ ၂၃၁၆၇၇၁၊ ၀၉ ၇၃၁၅၂၆၄၄

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဉာဏ်လင်းထွဋ် ၁၀/သဖရ(နိုင်)၁၅၅၁၉၆ ၏ Passport(No .မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၁၁၀၁

ဘာပဲလိုလို အားလုံးအတွက် MCC
တက္ကသိုလ်ဝင်တန်း အောင်ပြီးသူများအတွက်
* ဘယ်ဘာသာရပ်ကို တက်ချင်သလဲ ကွန်ပျူတာ ပညာ၊ အင်ဂျင်နီယာ ပညာ၊ စီးပွားရေးပညာ၊ ဆက်သွယ်ရေး ပညာ အနုပညာ စသည်တို့တွင် ကျွမ်းကျင်မှု လက်မှတ်၊ ဒီပလိုမာဘွဲ့ ကြိုဒီဂရီ၊ ဘွဲ့ လွန် ဒီဂရီ
* အချိန်ပြည့်၊ အချိန်ပိုင်း၊ အွန်လိုင်း (Virtual Campus) (အလုပ်တဖက်၊ ကျောင်းတဖက် မအားလပ်သူများ ကုန်ကျစရိတ် သက်သာစွာ တက်ရောက်နိုင်ရန် စနေ၊ တနင်္ဂနွေ အချိန်ပိုင်း အတန်းများ စီစဉ်ပေးထားပါသည်။
* စာတော်သူများ အတွက် ပညာသင်ဆု ငွေကြေးအခက်အခဲရှိသူများအတွက် ပညာသင် ထောက်ပံ့ကြေး
* B.Sc (Hons) Business IT ကွန်ပျူတာ သိပ္ပံ ဒီဂရီ ဘွဲ့ သင်တန်းတက်သူများအတွက် ဘွဲ့ ရပြီးသည်နှင့် အလုပ်ပါ ခန့်ထားပေးပါသည်။ Mobile App တီထွင်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူများအတွက် အရင်းအနှီး (Venture Capital) စိုက်ထုတ်ပေးပါသည်။
တက္ကသိုလ်ဝင်တန်း မအောင်ပြီးသူများအတွက်
* BTEC (Level - 3) တက်ရောက်ပြီး အသက်မွေးဝမ်းကျောင်း (Vocational Training) ပညာသင်ရင်း နိုင်ငံတကာ ဒီပလိုမာ နှင့် ဘွဲ့များ ဆက်လက်ရယူနိုင်ပါသည်။
နီးစပ်ရာ MCC ကို အမြန်ဆက်သွယ်လိုက်ပါ။ တစ်ခုခုတော့ အဆင်ပြေနိုင်ပါမည်။
Hot-Line: 01-246634, 01-245762
www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၇ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့မှ ၃-၁၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


HITACHI
Inspire the Next
Analytics
25 50 75 100 125 150
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
ဒီနေ့ခေတ်မှာ မယုံကြည်နိုင်လောက်အောင် များပြားလှတဲ့ အချက်အလက်တွေနဲ့ ပိုင်းရုံခံထားရတဲ့ အခြေအနေမျိုးကို ရောက်ရှိနေပါတယ်။ ဒီလိုများပြားတဲ့ဒေတာတွေနဲ့ ဘာလုပ်ရမယ်ဆိုတာ မသိနိုင်အောင်ပါပဲ။ ဒါပေမယ့် ဒီအချက်အလက်တွေကို ပိုမိုကောင်းမွန်တဲ့ ရည်ရွယ်ချက်အဖြစ် ပြောင်းလဲနိုင်ခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်လာမှာပါလဲ။ အင်တာနက်နှင့်ဆက်စပ်သောအရာများရဲ့ နည်းပညာခေတ်ကြီးထဲမှာ အချက်အလက်တွေကို ပိုမိုနားလည်လာနိုင်စေဖို့နဲ့ တီထွင်ဆန်းသစ်တဲ့ ဖြေရှင်းနည်းတွေကို ပူးပေါင်းဖန်တီးနိုင်စေဖို့ လူသားအသိဉာဏ်ပုံတူပြုနည်းပညာနှင့် အဆင့်မြင့်အချက်အလက် သရုပ်ခွဲနည်းပညာတွေကို ပေါင်းစပ်ကာ ကြီးမားသော အချက်အလက်နည်းပညာကို အသုံးပြုလာနိုင်နေပြီဖြစ်ပါတယ်။ ဒါဟာပိုမိုကောင်းမွန်တဲ့အနာဂတ်အတွက် လူမှုပူးပေါင်းတီထွင်ဖန်တီးမှုကို အရှိန်မြှင့်ဆောင်ရွက်သွားဖို့ ကျွန်ုပ်တို့ရဲ့ သန္နိဋ္ဌာန်ချက်တွေထဲက အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။
social-innovation.hitachi
Hitachi Social Innovation


ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့လင်းစေသောင်
မဟာမုနိဘဂဝါဗုဒ္ဓရုပ်ပွားတော်နှင့် သက်န်းပရိက္ခရာတိုက် (စစ်တွေမြို့) မှာ
မုခြာအစုံ ဗုဒ္ဓရုပ်ပွားတော်များနှင့် ကထိန်သင်္ကန်းပရိက္ခရာများကို ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။
ပင်ရင်း- C-2 လောကနန္ဒာစေတီအရှေ့ဘက်မုဒ်ရှေ့၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ ဖုန်း-၀၉-၂၆၃ ၃၄၆ ၄၉၈၊ ၀၉-၄၅၈ ၃၇၄ ၀၁၁

Tah Lee Gold
ရွှေ
ယုဇနပလာဇာအနီး
စိန်ရွှေရတနာဆိုင် "တာမွေဆိုင်ခွဲ" မှ
မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...
No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452

"ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့်
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်"
၂၀၁၇-ခုနှစ်
ဝံ-ကလိဘိ
၁၂-ရာသီဟောကိန်း
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၅၀၄၄၅၇၉၊ ၀၉-၈၆၁၀၄၈၈
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။
ထွက်ပြီ
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

RUBY ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစ်ရှပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉


တစ်ယောက်ထဲ
ဖြစ်နေလို့ Taxi
ငှားရတာ မဝံ့မရဲ
ဖြစ်နေလား ?





လုံခြုံစိတ်ချရတဲ့
Hello Cabs
ရှိတယ်နော်
HELLO CABS
Mobile Apps Booking
Call Center Booking 01-9339 111
Web Booking www.hellocabs.com.mm

ဆိုင်ခန်းကျယ်အမြန်ငှားမည်
နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနား-တောင်ညို လမ်းမကြီး၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူစည်ကားပြီး အချက်အချာကျသောနေရာ၌ ၂၀ပေ×၅၀ပေ ဆိုင်ဖွင့်ရန် အသင့်ပြင်ဆင်ပြီး(ရေမီးအစုံ)မြေညီ အပါအဝင်နှစ်ထပ် ဆိုင်ခန်းကျယ် အမြန်ငှားမည်။
Ph:09 5000 673, 09 5151 576, 09 86 24 363

ကုသိုလ်ပြုဖို့မှာယူပါမျို့
ဝါတွင်းအခါသမယမှာ ကုသိုလ်ပြုဖို့ရာ စားသုံးသူ မိဘပြည်သူများ ချန်ပီယံပေါ်ဆန်းမွှေးကို မှာယူကြပါမျို့
09-43334111 09-73077711
09-43334222 09-33307222
01-682844
01-682928
01-682944
02-78594
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

အမေရိကန်တက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရရှိလိုသူများ၊ Scholarship လျှောက်ထားလိုသူများအတွက်
ACT Preparation Course
ACT ဆိုတာ ဘာလဲ ၊ ဘယ်လို အကျိုးကျေးဇူးတွေရှိသလဲ
- ACT (American College Test) သည် အမေရိကန်ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရရှိရန်နှင့် အမေရိကန်ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်ရန် ပြင်ဆင်ပေးသည့် Test တစ်ခုဖြစ်ပါသည်။
- Eng, Maths, Reading နှင့် Science ဆိုင်ရာ စွမ်းရည်များကို အဓိကစစ်ဆေးပေးပါသည်။
ဘယ်လို ကျောင်းသားကျောင်းသူတွေ ဖြေဆိုသင့်သလဲ
- မြန်မာနိုင်ငံတွင် အမေရိကန်ပညာရေးစနစ်ဖြင့်သင်ကြားနေသော Grade 12 ကျောင်းသားကျောင်းသူများ
- မြန်မာဆယ်တန်းကို ထူးချွန်စွာအောင်မြင်သူများနှင့် IGCSE အောင် ကျောင်းသားကျောင်းသူများ
Call Us
01 527 838
09 450 200 040
09 732 732 77
မြန်မာပြည်၏ တစ်ခုတည်းသော ACT OFFICIAL TEST CENTER
CROWN EDUCATION LEARNING CENTER
TEST DATE - Dec 10, 2016 , Apr 8, 2017 , Jun 10, 2017





သင့်စီးပွားရေး အောင်မြင်မှုအတွက်
လမ်းညွှန် ..
မြန်မာစီးပွားရေး လမ်းညွှန်
တိုင်း/ပြည်နယ် 8 ခု
မြို့ပေါင်း 120 မြို့
စီးပွားရေးလုပ်ငန်းပေါင်း 120,000 ကျော်
အုပ်စုပေါင်း 30,000
Website 1 ခု
App 1 ခု
အထက်ပိုင်း





Myanmar Business DIRECTORY
www.myanmarbusiness-directory.com
MDY Hotline No. 02 4000611 I YGN Hotline No. 09 448001662

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## Spare Parts ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် Web Offset ၏ ပစ္စည်းများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က) Orient X-cel(578) - 1 Lot
(ခ) Naph Graphs - 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၃-၁၀-၂၀၁၆ ရက်မှ ၁၇-၁၀-၂၀၁၆ရက်အထိ ဝ၉း၀၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို၁၇-၁၀-၂၀၁၆ရက်ဝ၉း၀၀နာရီမှ ၁၆း၃၀နာရီတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများနှင့် စီမံကိန်းတို့အတွက် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်-
၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၅-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၁၀-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ဝန်ကြီးရုံး(လျှပ်စစ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး(လျှပ်စစ်)တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ရုံးသုံးစက်ပစ္စည်း (၉)မျိုးအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၀-၂၀၁၆ရက်မှ ၁၇-၁၀-၂၀၁၆ရက်ထိ နံနက် ၁၀း၀၀နာရီမှ ၁၆း၀၀နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၇-၁၀-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
(ဂ) **တင်ဒါဖွင့်လှစ်ရွေးချယ်မည့်ရက်** - ၂၅-၁၀-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ (ရတနာခန်းမ)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ ပစ္စည်းစာရင်းနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၂၀၀၀ိ/- (ကျပ်နှစ်ထောင်တိတိ)ဖြင့် ရုံးအမှတ်(၂၇)၊ ဝန်ကြီးရုံး(လျှပ်စစ်)၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၃၂၊ ၄၁၀၄၃၁**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)အတွက် လိုအပ်သည့် i2s Copibook Cobalt HD အမျိုးအစား Book Scannerတစ်လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၁၀-၂၀၁၆ ရက်မှ ၁၃-၁၀-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁၄-၁၀-၂၀၁၆ ရက် (သောကြာနေ့) ၁၂း၀၀နာရီတိတိ
(ဂ) **တင်ဒါဖွင့်မည့်နေ့ရက်** - ၁၄-၁၀-၂၀၁၆ရက် (သောကြာနေ့) ၂း၀၀နာရီတိတိ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)တွင် ၄-၁၀-၂၀၁၆ရက် (အင်္ဂါနေ့)မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၁၈၃၇၉၊ ၀၆၇-၄၁၈၄၈၅**

**ဝိုင်းမော်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာတွင် အဆင့်မြင့်ဈေးသစ်တည်ဆောက်နိုင်ရန်အတွက်**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ဝိုင်းမော်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာ၊ အကွက်အမှတ် ၉/ကချင်စုအရှေ့၊ ဦးပိုင်အမှတ် (၇၈/ခ)၊ မြေချိန်ဧရိယာ အကျယ်အဝန်း ၂ဒသမ၃၆၂ဧကပေါ်တွင် အဆင့်မြင့်ဈေးသစ်ဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအားအဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။
၂။ အဆင့်မြင့်ဈေးအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီးဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၂၉-၉-၂၀၁၆ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါပုံစံများကို ၂၈-၁၀-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄**
**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၁၀-၂၀၁၆ရက် ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၇၅၂၇၂၀၃၉၊ ၀၉-၂၅၉၄၇၆၁၈၅**

## မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အဆောက်အအုံများဆောက်လုပ်ရေးအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးဌာနများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ကယားပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ကယားပြည်နယ်တွင် ကုန်းမြင့်လယ်ယာမြေ (၂၀၀) ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါ ဒေသများတွင် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | မြို့နယ် | ကျေးရွာ | ဖော်ထုတ်မည့်ဧက | Lot အမှတ် |
|---|---|---|---|---|
| ၁။ | ဒီးမော့ဆို | ဒေါ်တမကြီး | ၁၀၀ | ၁ |
| ၂။ | ရှားသစ် | လွယ်ဝိုင်း၊ ဝမ်ဗလ | ၁၀၀ | ၂ |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်မည့် ဒီဇိုင်းပုံစံ၊ လုပ်ငန်းတွက်ချက်မှု အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၁၀-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၁၁-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ လုပ်ငန်း(၁)ခုထက်ပို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး (၁)ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ(၁)ခုချင်း တင်သွင်းရမည်။
၅။ တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ စက်မှုလယ်ယာဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၀၆၅ ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ကြော်ငြာ

## ကြော်ငြာစာ

